# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အနှစ်ရှိသော တရားကိုရနိုင်**

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

**ယမကဝဂ်(ဓမ္မပဒ-၁၂)**


၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် ၂၀၁၉ ခုနှစ်၊ မေ ၁၇ ရက်၊ သောကြာနေ့ အတွဲ (၅၈)၊ အမှတ် (၂၂၉)




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန အတွင်းဝန် H.E. Mr. Sanjay Mitra နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန အတွင်းဝန်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန အတွင်းဝန် H.E. Mr. Sanjay Mitra နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ မြန်မာတပ်မတော်သားများအား စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းများ ပို့ချမှုကိစ္စရပ်များနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် နှစ်နိုင်ငံရေးရာကိစ္စရပ်များကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

---

**မြန်မာနိုင်ငံနှင့် ဘီနင်၊ ကွန်ဂိုနှင့် တိုဂိုသမ္မတနိုင်ငံတို့အကြား သံတမန် အဆက်အသွယ် ထူထောင်ခြင်းဖြင့် အပြည်ပြည်ဆိုင်ရာနယ်ပယ်တွင် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေး၌ ပိုမိုတိုးတက်သည့် အကျိုးကျေးဇူးများ ရရှိနိုင်**

ပြည်ထောင်စုလွှတ်တော် စာမျက်နှာ - ၇

**အငြင်းပွားပင်လယ်ပြင်အတွင်း အမေရိကန်နှင့် ဖိလစ်ပိုင်သင်္ဘောများ ပူးတွဲစစ်ရေးလေ့ကျင့်**

နိုင်ငံတကာသတင်း စာမျက်နှာ - ၁၄




မြန်မာ့အလင်း

## ပြည်သူတို့ဘဝ လုံခြုံအေးချမ်းရေးသည် . . .

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေက ဒီမိုကရေစီနှင့်လူ့အခွင့်အရေး တိုးတက်မြင့်မားခိုင်မာဖို့အတွက် ရုန်းကန်နေရဆဲဖြစ်သလို၊ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေး၊ စီးပွားရေးအနေအထားသစ်တစ်ခုဆီသို့ တိုးတက်ရောက်ရှိရေး၊ လူမျိုးမရွေး ဘာသာမရွေး၊ အသားအရောင်မရွေး၊ ကျားမ မရွေး၊ ဆင်းရဲချမ်းသာမရွေး၊ တောနေမြို့နေ မရွေး နိုင်ငံသားပြည်သူတို့၏ နေ့စဉ်ဘဝများ လွယ်ကူအဆင်ပြေရေး၊ ကာယစိတ္တ အေးချမ်းလုံခြုံရေးတို့ကို လက်ရှိပြည်သူ့အစိုးရနှင့် လွှတ်တော်အသီးသီးက ပြည်သူ့ကိုယ်စားလှယ်များ အားစိုက်ကြိုးပမ်းနေရသည့်အချိန်ဖြစ်သည်ဟု နားလည်ပါသည်။

သည်လိုအထဲတွင် ပြည်သူ့ဘဝများ၏ လတ်တလောရင်ဆိုင်ဖြတ်သန်းနေရသည့် နေ့စဉ်လူမှုဘဝ လွယ်ကူအေးချမ်းရေးရသင့်သော အခြေခံလူ့အခွင့်အရေးကို ရရှိနိုင်ရေးတို့၏ အဓိကသော့ချက်တစ်ခုမှာ ဥပဒေစိုးမိုးရေးဖြစ်ပါသည်။

ဥပဒေစိုးမိုးရေးဆိုသည်မှာ ဥပဒေများကို ပြဋ္ဌာန်းရေးဆွဲခြင်း၊ ခေတ်စနစ်၊ ပြည်သူ့လိုအပ်ချက်တို့နှင့်အညီ လိုအပ်သလို ပြင်ဆင်ပြုပြင်ရေးသားခြင်းတို့သာမက ဥပဒေအတိုင်း ခိုင်ခိုင်မာမာဖြစ်စေရေး၊ အဂတိကင်းစင်ကာ မည်သူမျှ အခွင့်ထူးခံမရှိဘဲ၊ မည်သူမျှ ချိုးနှိမ်ခံရမှုမရှိဘဲ ဥပဒေအတိုင်း အကာအကွယ်ပေးနိုင်ရေးတို့က အလွန်ပင် အရေးကြီးပါသည်။

တရားဥပဒေရေးတွင်ဖြစ်စေ၊ ရဲ အစရှိသည့် ဥပဒေဘက်တော်သားတို့ဖြစ်စေ ၎င်းတို့၏ တာဝန်ကျေပွန်မှု၊ မှန်မှန်ကန်ကန် ရပ်တည်မှု၊ စနစ်တကျကိုင်တွယ်မှုတို့သည် ပြည်သူလူထုက အားကိုးယုံကြည်မှုကို ဖြစ်ပေါ်စေမည်ဟု ယုံကြည်ပါသည်။

ထိုအင်အားစုများအပေါ် ပြည်သူလူထု၏ ယုံကြည်အားကိုးမှုရှိခြင်းက ပြည်သူတို့ကို စောင့်ရှောက်ခြင်းပင်ဖြစ်ပါမည်။ ဒီထက်ဆိုရလျှင်မူ လောကကို စောင့်ရှောက်ခြင်း တစ်စိတ်တစ်ပိုင်းပင် ဖြစ်မည်ဟု ထင်မြင်ပါသည်။ နိုင်ငံသားတို့က တရားစီရင်ရေး၊ ဥပဒေရေး၊ ရဲအစရှိသည့် လူထုကို ကာကွယ်စောင့်ရှောက်မည့် အဖွဲ့အစည်းများ၊ အင်အားများကို ယုံကြည်ပါမှ၊ တရားဥပဒေ၏ အရိပ်အောက်တွင် အားလုံးတန်းတူညီမျှနေကြရသည်ဟု ယုံကြည်ပါမှ လောကကို စောင့်ရှောက်ရာ၊ တစ်နည်းအားဖြင့် ပြည်သူတို့၏ ကာယစိတ္တ လုံခြုံအေးချမ်းမှုကို စောင့်ရှောက်ရာရောက်မည်ဖြစ်ပါသည်။

ဒီလို လုံခြုံအေးချမ်းသည့် လူမှုအဖွဲ့အစည်းတစ်ခု ပေါ်ပေါက်ရေးသည် နိုင်ငံတည်ဆောက်နေသူတို့အဖို့ အဓိကအကျဆုံးသော လုပ်ငန်းစဉ်ဟုပင် ဆိုနိုင်လောက်ပါသည်။ ဤသို့သော လုံခြုံအေးချမ်းသည့် လူမှုအဖွဲ့အစည်းအဖြစ် ပေါ်ပေါက်တည်တံ့နိုင်ရေးဟူသည် တာဝန်ရှိသူတို့၏ ဥပဒေအပေါ် အလေးအနက်ထားစောင့်ရှောက်မှု၊ ထိရောက်ပြတ်သားသည့် အရေးယူဆောင်ရွက်မှု၊ အဂတိကင်းမှု၊ ပြဋ္ဌာန်းထားသည့် ဥပဒေများကို ပိုင်ပိုင်နိုင်နိုင် ကျွမ်းဝင်နားလည်မှုတို့အပေါ်တွင် များစွာတည်မှီနေပါသည်။

လမ်းဖြတ်ကူးသည်မှအစ၊ ကားမောင်းရသည်မှ အစ၊ ဘတ်စ်ကားစီးသည်မှအစ၊ ကိုယ့်အရပ်ထဲကိုယ် လမ်းလျှောက်ရင်း ခွေးကိုက်မည်လား၊ လူရိုက်မည်လား စိတ်ပူနေရသည်မှအစ၊ မိမိယုံကြည်ကိုးကွယ်ရာ ဘုရားသွား၊ ကျောင်းတက် စိတ်အေးချမ်းသာစွာ ဝတ်ပြုနိုင်ရေးမှအစ၊ စားသောက်ချက်ပြုတ်ရသည့် အသားငါးအသီးအရွက်တို့၏ လတ်ဆတ်မှုစိတ်ချရမှုမှအစ အစစသော နေ့စဉ်လှုပ်ရှားမှုများတွင် ကိုယ်စိတ်နှစ်ပါး လုံခြုံအေးချမ်းသည့် ဘဝများရရှိကာ နေထိုင်ရှင်သန်ကြရေးသည် ဥပဒေစိုးမိုးရေးတာဝန်ရှိသူတို့က အထူးအလေးအနက်ထားကာ ထိထိရောက်ရောက် ဆောင်ရွက်ကြခြင်းဖြင့် ရရှိနိုင်ကြမည်ဟု မျှော်လင့်ရပါကြောင်း။ ။

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် မေ ၁၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များအား ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ ပင့်ဆောင်ပူဇော်

**နေပြည်တော် မေ ၁၆**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကံ့ကော်ပန်းအဝိုင်းအနီးရှိ ရန်အောင်မြင်ကုန်းပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့်ရွှေထီးတော်များအား ယနေ့နံနက်ပိုင်းက နေပြည်တော် လယ်ဝေးမြို့မှတစ်ဆင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ ပင့်ဆောင်ပူဇော်သည်။



နံနက် ၈ နာရီတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အရှေ့ဘက်မုခ် မင်္ဂလာမဏ္ဍပ်သို့ရောက်ရှိရာ ဂေါပကအဖွဲ့ဝင်များ၊ အကျိုးတော်ဆောင်အဖွဲ့များက ဒေဝါဝင်း ရာဇာဝင်းများခြံရံ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရင်ပြင်ပေါ်သို့ ပင့်ဆောင်ကြသည်။ ရင်ပြင်တော်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက စေတီတော်ကြီးလိုဏ်အတွင်းသို့ ဆက်လက်ပင့်ဆောင်ကာ လိုဏ်အတွင်း လက်ယာရစ်တစ်ပတ်လှည့်လည်ပင့်ဆောင်ပူဇော်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

ည ၇ နာရီခွဲတွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက က စကျင်ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များ ပင့်ဆောင်ပူဇော်ခြင်း အထိမ်းအမှတ် "မေတ္တာလွှမ်းမှ ငြိမ်းချမ်းမယ်" တရားတော်ကို ဟောကြားချီးမြှင့်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီးအမှူးပြုသော တရားချစ်ခင်သူတော်စင်များက တရားတော်ကို ရိုသေစွာနာယူကြည်ညိုကြသည်။

**ဟန်လင်းနိုင်**

## ခရီးသွားများ ယာဉ်အန္တရာယ်ကင်းဝေးရေးအသိပညာပေး

**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် အသိပညာပေးခြင်း အစီအစဉ်ကို ရန်ကုန်မြို့လယ်၌ မေ ၁၄ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိနေသည်။

အမှတ်(၇) ယာဉ်ထိန်းရဲတပ်ဖွဲ့ (ရန်ကုန်-အနောက်)မှ ဒုတပ်ခွဲမှူး ရဲမှူး မျိုးအောင်မြင့် ဦးဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက အနော်ရထာလမ်းနှင့် ဆူးလေဘုရားလမ်းဆုံ လူကူးခုံးတံတားအောက်၌ ဆောင်ရွက်နေခြင်းဖြစ်သည်။

ယာဉ်ထိန်းရုံးမှ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် အသိပညာပေးခြင်းကို အသံချဲ့စက်ဖြင့် လွှင့်ထုတ်နေသကဲ့သို့ ယာဉ်ထိန်းရဲမေများက လက်ကိုင်ဟွန်းငယ်များဖြင့် တံတားပေါ်မှ ကူးသန်းကြပါရန် နှိုးဆော်အသိပေးလျက်ရှိသည်။

စည်းကမ်းမဲ့ လမ်းကူးသူများအား ခေါ်ယူ၍ ရဲမှူးမျိုးအောင်မြင့်က ယာဉ်အန္တရာယ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြီး လမ်းကူးပါက သတ်မှတ်လူကူးမျဉ်းကျား၊ လူကူးခုံးတံတားများပေါ်မှ ကူးသန်းကြရန် ဟောပြောခဲ့သည်။



ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်နေသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အချို့ကို တွေ့ရစဉ်။

ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေး လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးခြင်းလုပ်ငန်းကို ယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် စဉ်ဆက်မပြတ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

၁၉၆၄ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေအရ ခြေကျင်သွားလာသူများ လိုက်နာရမည့် သတ်မှတ်ဥပဒေများရှိရာ ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေ ၆၅ အရ တရားစွဲဆိုနိုင်ပြီး ဒဏ်ငွေကျပ် ၃၀၀၀၀ အထိ ချမှတ်နိုင်သော်လည်း ယနေ့အချိန်အထိ ထိုဒဏ်ငွေအထိ ပေးဆောင်ခဲ့ရသူဖူးသူ မရှိခဲ့သေးကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးက ပြောသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## မန္တလေးမြို့ သရက်သီးဈေးရောင်းပွဲတော်တွင် သရက်သီးတစ်လုံးလျှင် ငွေကျပ် ၅၀ ဖြင့် ရောင်းချပေးမည်

**မန္တလေး မေ ၁၆**

မန္တလေးမြို့တွင် မေ ၁၆ ရက်မှ စတင်ကျင်းပလျက်ရှိသည့် ဒုတိယအကြိမ် သရက်သီးနှင့် သရက်သီးတန်ဖိုးမြင့်ထုတ်ကုန် ဈေးရောင်းပွဲတော်တွင် သရက်သီးတစ်လုံးလျှင် ငွေကျပ် ၅၀ ဖြင့် ရောင်းချပေးမည့် အစီအစဉ်များအပြင် သရက်သီး စတုဒိသာကျွေးမွေးခြင်း အစီအစဉ်များ ပါဝင်ထည့်သွင်းထားကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဦးကိုကိုက ပြောကြားသည်။

အဆိုပါပွဲတော်ကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ကုသိုလ်တော်ဘုရားအနီးတွင် မြန်မာ့သရက် ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းက ကြီးမှူး၍ မေ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ပွဲတော်သို့ လာရောက်ကြည့်ရှုသူများ၊ မြန်မာ့သရက်သီးကို လူတန်းစားမရွေး ချစ်မြတ်နိုးစွာ စားသုံးနိုင်စေရန် ရည်ရွယ်၍ ပွဲတော်နောက်ဆုံးရက်ဖြစ်သော မေ ၁၈ ရက် (ကဆုန်လပြည့်နေ့)တွင် အဆိုပါ အစီအစဉ်များကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။





ထို့ပြင် ယခုနှစ်သရက်သီးပွဲတော်တွင် တောင်သူများအတွက် နည်းပညာမျှဝေပေးမည့် အစီအစဉ်များနှင့်အတူ မိမိတို့ရောင်းချမည့် သရက်သီးများအား ပြသရန် ပြင်ဆင်ထားရှိသည့် ဆိုင်ခန်းအခင်းအကျင်း ပြိုင်ပွဲများလည်း ပါဝင်ကြောင်း သိရသည်။

မန္တလေးမြို့တွင် ဒုတိယအကြိမ်မြောက်ကျင်းပသည့် မန္တလေးသရက်သီးပွဲတော်တွင် ဒေသပေါင်းစုံမှ ထွက်ရှိသည့် သရက်သီးအမျိုးအစားပေါင်း ၁၈၀ ကျော် ပါဝင်ပြသထားပြီး ဆိုင်ခန်းပေါင်း ၅၀ နီးပါး ဖွင့်လှစ်ရောင်းချပေးနေကြောင်း သိရသည်။

**အောင်ဖြိုးကျော်**



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်ထံ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော်နှင့်အဖွဲ့က ဥပဒေရေးရာစာအုပ်များ ပေးအပ်လှူဒါန်းစဉ်။ သတင်းစဉ်

# ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်ထံ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော်နှင့်အဖွဲ့က ဥပဒေရေးရာစာအုပ်များ လှူဒါန်း

**နေပြည်တော် မေ ၁၆**

ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ စာရေးသူ ဦးထွန်းကြည်၊ တရားလွှတ်တော်ရှေ့နေများကောင်စီ (မန္တလေး) အဖွဲ့ဝင်၏ ကလောင်အမည် (ယူတီကေ) ဖြင့် ရေးသားထားသည့် ဥပဒေဒိုင်ယာရီစာအုပ်၊ မရှိမဖြစ်ဥပဒေစာအုပ်၊ နေရာတိုင်းမှာဥပဒေပါစာအုပ် အမျိုးအစား (၃) မျိုး စုစုပေါင်းစာအုပ် ၂၀၀ ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအတွက် စာရေးသူကိုယ်စား လာရောက်လှူဒါန်းရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က လက်ခံရယူပြီး ဂုဏ်ပြုကျေးဇူးတင်အမှာစကားပြောကြားသည်။

စာအုပ်လှူဒါန်းပွဲသို့ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော်၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးကျော်ဌေး၊ ဦးမောင်မောင်လှသောင်း၊ ဒေါ်နန်းခမ်းအုံနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်နယ်ဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၉/ ၂၀၁၉**
**၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်**
**(၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်)**

## ပြည်နယ်ဝန်ကြီး ရာထူးမှနုတ်ထွက်ခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ (ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ ကရင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ တင်ဝင်းကျော် ကို ယင်း၏သဘောဆန္ဒအလျောက် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁ ရက်မှစ၍ ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းကြိုင် ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၆**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက် အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



**ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေး ကျင်းပစဉ်။**
သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၆**

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှု ပိုမိုတိုးမြှင့်ရေးကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**
သတင်းစဉ်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံ ကာကွယ်ရေးအတွင်းဝန်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အိန္ဒိယနိုင်ငံ ကာကွယ်ရေးအတွင်းဝန် H.E. Mr. Sanjay Mitra အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

ထိုသို့တွေ့ဆုံစဉ် မြန်မာ- အိန္ဒိယ တပ်မတော်နှစ်ရပ်အကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိသည့်အခြေအနေ၊ ငြိမ်းချမ်းစွာ အတူ ယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်နှင့်အညီ ရပ်တည်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား သက်ဆိုင်ရာ(ကြည်း၊ ရေ၊ လေ) ကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံ ကာကွယ်ရေးအတွင်းဝန် H.E. Mr. Sanjay Mitra အား လက်ခံတွေ့ဆုံစဉ်။**
ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ရှမ်းပြည်နယ်(တောင်ပိုင်း) နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၆

**နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် ရှမ်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှဦး၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်တို့နှင့်အတူ ယမန်နေ့က ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်းရှိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မေ ၁၅ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျောက်ဂူ-နောင်ဝိုးလမ်းပေါ်ရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ကတ္တရာလမ်း(၅/၀)မိုင်၊ ကျောက်လမ်း(၂/၀)မိုင် ဖောက်လုပ်ခြင်း၊ ကျောက်လမ်း (၁၅/၀)မိုင် ပြုပြင်ထိန်းသိမ်းခြင်းနှင့် တံတားသုံးစင်း တည်ဆောက်ခြင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ၂၅ ပေ ကွန်ကရစ်တံတား နှစ်စင်း၊ ရှစ်ပေ Box Culvert သုံးစင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

**စနစ်တကျဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နောင်ဝိုး-ပန်ဝပ်-သဘာဝ တံတားလမ်းပိုင်းသို့ ရောက်ရှိခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ ခြောက်လ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နောင်ဝိုး-ညဥ့်စဉ် ကျောက်ချောလမ်း (၂/၀) မိုင် ပြီးစီးမှု၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ညဥ့်စဉ်မှ သဘာဝတံတားအထိ ပြည်ထောင်စုအစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော ကျောက်ချောလမ်း (၇/၀)မိုင်နှင့် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကျောက်ချောလမ်း (၃/၀)မိုင် ဖောက်လုပ်မှုနှင့် အဆိုပါ လမ်းပေါ်ရှိ ပေ ၂၀ တံတားနှစ်စင်း၊ ၁၀ ပေတံတား တစ်စင်း တည်ဆောက်ရေးလုပ်ငန်းခွင်များသို့ရောက်ရှိစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလအတွင်းပြီးစီးရေး၊ အရည်အသွေး စံချိန်စံညွှန်းကောင်းမွန်စေရေး၊ ရေနုတ်မြောင်းများနှင့် လမ်းပခုံးများကို ရေစီးရေလာကောင်းရန်အတွက် စနစ်တကျ ဆောင်ရွက်ရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် သဘာဝတံတားမှ နမ့်လန်အထိ (၁၅/၄) မိုင် မြေသားလမ်းအား အဆင့်မြှင့်တင်ခြင်း (ပြုန်းလမ်း)လုပ်ငန်းနှင့် သဘာဝတံတားမှ နမ့်လန်အထိ လမ်းဖောက်လုပ်ပြီးစီးမှုအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခု ဖောက်လုပ်နေသော တောင်ကြီး - ရပ်စောက်- ကျောက်ဂူ-ညဥ့်စဉ်-ပန်ဝပ်-သဘာဝတံတား- နမ့်လန်-သီပေါ- လားရှိုးလမ်းမှာ ကျောက်ဂူ-ညဥ့်စဉ်- ပန်ဝပ်-သဘာဝ တံတားအထိ (၃၆/၂) မိုင်လမ်းပိုင်းကို နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍လည်းကောင်း၊ သဘာဝတံတား- နမ့်လန်အထိ (၁၅/၄) မိုင် လမ်းအပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှလည်းကောင်း တာဝန်ယူ၍ လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်း ပြီးစီးပါက ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဆက်သွယ်သည့် လမ်းများအနက် အတိုဆုံးလမ်းကြောင်းအဖြစ် သွားလာနိုင်မည် ဖြစ်သည့်အပြင် ဂုတ်တွင်းဒေသကို ဖြတ်သန်းစရာမလိုအပ်သဖြင့် ဂုတ်တွင်း(ဂုတ်ထိပ်)ဒေသ၌ မော်တော်ယာဉ်များ ယာဉ်ကြောပိတ်ဆို့မှု အခက်အခဲကို ဖြေရှင်းနိုင်မည်ဖြစ်ပြီး မြန်မာပြည်အလယ်ပိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသရှိ ပြည်သူလူထုအတွက် များစွာအကျိုးရှိမည်ဖြစ်ရာ ရေရှည်တွင် အဓိကကျသော မဟာဗျူဟာဆက်သွယ်ရေးလမ်းအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆက်လက်အဆင့်မြှင့်တင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။



**သင်တန်းကျောင်းတည်ဆောက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောင်ပန်းမြို့နယ် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း တည်ဆောက်နေမှုလုပ်ငန်းခွင်သို့ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ကြီးမြို့နယ်အတွင်းရှိ ပုံးဖွမ်း- နမ့်ကွတ်- မုံးထ- ဟိုတကောင်(ဟိုတပ်) လမ်း (၂/၄) မိုင် မြေသားလမ်းနှင့် အဆိုပါ လမ်းပေါ်ရှိ Box Culvert ၁၀ စင်း ဆောင်ရွက်ပြီးစီးမှုလုပ်ငန်းများကို စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း ဆွီဒင်သံမှူးကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၆**

ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းသည် ဆွီဒင်သံမှူးကြီး Mr. Johan Hallenborg နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် (I-5)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဆွီဒင်နိုင်ငံနှင့်မြန်မာနိုင်ငံတို့၏ လွှတ်တော်များနှင့်နှစ်နိုင်ငံအစိုးရများ၏ ကောင်းမွန်သောဆက်ဆံရေး၊ ဆွီဒင်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုများ၊ ဆွီဒင်နိုင်ငံက မြန်မာနိုင်ငံသို့ပေးအပ်လျက်ရှိသော လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့်အကူအညီများ၊ မြန်မာနိုင်ငံလွှတ်တော်တွင် လက်ရှိကြိုးပမ်းလျက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ကိစ္စရပ်များ၊ ပြည်ထောင်စုလွှတ်တော်ရှိ ဥပဒေကြမ်းကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ပုံကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**သတင်းစဉ်**

## နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

❖ *ကျောဖုံးမှ*

အဆင်းတွင် Nose Landing Gear ချမရသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သော်လည်း ခရီးသည်များ တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ လေယာဉ်ပျက်စီးဆုံးရှုံးမှု အနည်းငယ်ဖြင့် မြေပြင်သို့ အန္တရာယ်ကင်းရှင်းစွာ ဆင်းသက်နိုင်ခဲ့သောကြောင့် ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

ဂုဏ်ပြုပွဲ အခမ်းအနားသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်စား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယူဘီ-၁၀၃ ခရီးစဉ်တွင် အရေးပေါ်ဖြစ်စဉ် ဖြစ်ပွားခဲ့သော်လည်း လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများသည် ခရီးသည်များကို တစ်စုံတစ်ရာထိခိုက်မှု မရှိစေဘဲ အန္တရာယ်ကင်းရှင်းစွာ ဆင်းသက်နိုင်အောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဂုဏ်ပြုမှတ်တမ်းလွှာ လက်မှတ်ရေးထိုး ဂုဏ်ပြုချီးမြှင့်ခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

အလားတူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်ကလည်း လေယာဉ်မှူးကြီးသည် တည်ငြိမ်စွာဖြင့် ဆုံးဖြတ်ချက် မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ခဲ့ပြီး ထိုသို့ လေယာဉ်မှူးကြီး၏ ဆုံးဖြတ်မှုအပေါ် လေယာဉ်အဖွဲ့သားများက တည်ငြိမ်စနစ်ကျစွာ လိုက်ပါဆောင်ရွက်ခဲ့မှုကြောင့် ခရီးသည်များ ဘေးအန္တရာယ် ကင်းရှင်းကာ လေယာဉ်ထိခိုက်ဆုံးရှုံးမှု အနည်းငယ်သာ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ အရေးပေါ်ဖြစ်စဉ်ဖြစ်ပေါ်ခဲ့သော်လည်း ခရီးသည်များအနေဖြင့် လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများ၏ လမ်းညွှန်အကြံပြုမှုများကို ယုံကြည်စွာ လိုက်ပါဆောင်ရွက်ခဲ့သည့် အတွက်ကြောင့်လည်း ယခုကဲ့သို့ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆင်းသက်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ချီးမြှင့်သည့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်၊ တွဲဖက်လေယာဉ်မှူး ဦးကောင်းဆက်လင်းနှင့် ဦးမျိုးသီဟအောင်၊ အကြီးတန်း လေယာဉ်မယ် ဒေါ်ချယ်ရီမြင့်၊ လေယာဉ်မယ် ဒေါ်ကေဂျာဆန်အောင်၊ ဒေါ်ခိုင်ဇာလင်းနှင့် ဒေါ်ဥမ္မာအောင်တို့ထံ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ဦးကျော်မျိုး၊ အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းနှင့် မြန်မာအမျိုးသားလေကြောင်း အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်းတို့က လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများအား ဂုဏ်ပြုအမှတ်တရ လက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်ဆောင်မှုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများအတွက် ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေကို လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်ထံ ပေးအပ်ချီးမြှင့်ခဲ့ပြီး လေယာဉ်အဖွဲ့သားများကိုယ်စား ဦးမြတ်မိုးအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**သတင်းစဉ်**




ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသော မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများအား ဂုဏ်ပြုပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဦးသန့်စင်မောင်၊ ဦးအုန်းမောင်နှင့် တာဝန်ရှိသူများ လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့် လေယာဉ်အဖွဲ့သားများ၊ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်အား ဂုဏ်ပြုအမှတ်တရလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

# ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေး

**နေပြည်တော် မေ ၁၆**

ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ၊ ခရိုင် ဥပဒေအရာရှိများ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ဥပဒေသတင်းအချက်အလက်များကို အားလုံးလက်လှမ်းမီရေးအတွက် မြန်မာဥပဒေသတင်းအချက်အလက်စနစ် ထူထောင်နိုင်ခဲ့ပါကြောင်း၊ ရှေ့ပြေးဥပဒေရုံးများ တည်ထောင်၍ အမှုများကြန့်ကြာမှုမရှိစေရေးအတွက် မှုခင်းစီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးနိုင်ခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်ရုံးများ အနေဖြင့် သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများက ရေးဆွဲသည့် ဥပဒေကြမ်းများကို စိစစ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားသော ဥပဒေများနှင့် ညီညွတ်စေရေးအတွက် အလေးထားဆောင်ရွက်ရန် လိုကြောင်း။

ဥပဒေအရာရှိများ အနေဖြင့် တည်ဆဲဥပဒေများ၊ ပြင်ဆင်ပြဋ္ဌာန်းသည့် ဥပဒေများကို နှံ့နှံ့စပ်စပ်လေ့လာကြရန်နှင့် ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေကို ဥပဒေအရာရှိလက်စွဲသဖွယ် လိုက်နာကြရန်လိုအပ်ကြောင်း၊ မူလမှုများလိုက်ပါဆောင်ရွက်ရာတွင် လည်းကောင်း၊ အယူခံမှု၊ ပြင်ဆင်မှုများ တင်သွင်းရာတွင်လည်းကောင်း အချက်အလက်များ ပြည့်ပြည့်စုံစုံ တင်ပြနိုင်ရေးအတွက် ဂရုပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ပြည်ထောင်စု ရှေ့နေချုပ်ရုံးတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU)ကို ဖွဲ့စည်းထားပြီး အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသည့် အခြေအနေများကို တားဆီးကာကွယ်ခြင်း၊ တင်ပြတိုင်ကြားမှုများ စိစစ်အရေးယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အများပြည်သူကို ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်နိုင်သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်စေရေးအတွက် ဥပဒေအရာရှိကောင်းများ၊ ဝန်ထမ်းကောင်းများဖြစ်ရန် အစဉ်ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မှာကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဥပဒေချုပ်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ကုန်သွယ်မှုကုထုံးများ

အောင်နိုင်ဦး

**နိုင်ငံတစ်ခုအတွင်းကို တင်သွင်းလာတဲ့ ကုန်ပစ္စည်းများနဲ့ ပတ်သက်ပြီး မမျှမတအခြေအနေတွေဖြစ်လာလို့ တင်သွင်းနိုင်ငံမှာ ထိခိုက်မှုတွေရှိလာရင် ကုစားနိုင်ဖို့အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization) ရဲ့ အကောက်ခွန်နှင့် ကုန်သွယ်မှုဆိုင်ရာ အထွေထွေသဘောတူညီချက် (General Agreement on Tariffs and Trade) ပုဒ်မ ၆ နဲ့ ပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်တွေကို ပေါင်းစုပြီး Trade Remedy လို့ သုံးစွဲတာကို "ကုန်သွယ်မှုကုထုံးများ" လို့ မြန်မာဘာသာပြန်ဆို သုံးစွဲခွင့်ပြုဖို့ ဦးစွာတင်ပြလိုပါတယ်။**

### အယူအဆအလွဲများ

တစ်ဖက်နိုင်ငံက ကိုယ့်နိုင်ငံထဲကို သုံးပြီးသား ပစ္စည်းအဟောင်းတွေ (Used) တင်ပို့နေတာဟာ Dumping (စုပုံတင်ပို့ခြင်း) လုပ်နေတာဖြစ်လို့ တားမြစ်သွားဖို့လိုတယ်။

သူများနိုင်ငံတွေမှာ ကိုယ့်နိုင်ငံအတွင်းက အားမကောင်းသေးတဲ့ စက်မှုလုပ်ငန်းတွေ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားအောင် ပြည်ပက သွင်းလာတဲ့ အမျိုးတူကုန်ပစ္စည်းတွေကို Anti-dumping Tax (စုပုံတင်ပို့မှုတန်ပြန်သည့်အခွန်) ကောက်ပြီး မိမိပြည်တွင်း စက်မှုလုပ်ငန်းကို အကာအကွယ်ပေးနိုင်ဖို့ ဆောင်ရွက်နေတာကို မြန်မာနိုင်ငံက နမူနာယူဆောင်ရွက်သင့်တယ်။

ပြည်ပက တင်သွင်းလာတဲ့ ကုန်ပစ္စည်းတွေကြောင့် ကိုယ့်နိုင်ငံအတွင်းက စက်မှုလုပ်ငန်းတွေ ထိခိုက်မှုမရှိစေဖို့ Safeguard Measures (ဘေးဆီးရန်ကာ အစီအစဉ်) တွေချမှတ်ပြီး သွင်းကုန်တွေအပေါ် အခွန်တိုးကောက်ယူသင့်တယ်။

အထက်မှာ ဖော်ပြထားတဲ့ အခြေအနေများက ပြည်တွင်းလုပ်ငန်းရှင်များအကြား၊ မူဝါဒထိန်းကျောင်းသူများအကြား မကြာခဏ ပြောဆိုဆွေးနွေးနေကြတဲ့ ဆွေးနွေးမှုတွေပဲ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ချမှတ်ထားတဲ့ ကုန်သွယ်မှု ကုထုံးတွေကို မိမိနားလည်သလို အဓိပ္ပာယ်ဖွင့်ဆို ပြောဆိုနေကြတာလို့ပဲ သုံးသပ်ပါတယ်။

### လွတ်လပ်တဲ့ ကုန်သွယ်မှုလား၊ မျှတတဲ့ ကုန်သွယ်မှုလား

အများစုကတော့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုတာ လွတ်လပ်တဲ့ကုန်သွယ်မှု (Free Trade) ကို ဦးတည်ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းလို့ မြင်ကြပါတယ်။ တကယ်တော့ လွတ်လပ်တဲ့ ကုန်သွယ်မှုတိုင်းဟာ အမြဲတမ်းမျှတဲ့ ကုန်သွယ်မှုမဟုတ်ပါဘူး။ (Free Trade is not always fair trade) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ အဓိက အခြေခံက ပွင့်လင်းမျှတပြီး ကမောက်ကမ မဖြစ်စေတဲ့ ယှဉ်ပြိုင်မှုအတွက် စည်းမျဉ်းတွေ ချမှတ်ထိန်းကျောင်းမှုပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ သဘောတူညီချက် အများအပြားဟာ မျှတတဲ့ယှဉ်ပြိုင်မှုကို ဦးတည် ရေးဆွဲထားတာဖြစ်တယ်ဆိုတာလည်း တွေ့ရပါတယ်။ အဲဒီထဲမှာ ကုန်သွယ်မှုကုထုံးတွေလည်း ပါဝင်ပါတယ်။ မျှတတဲ့ ကုန်သွယ်မှုပျက်ယွင်းခဲ့ရင် ကုန်ပစ္စည်းတင်သွင်းတဲ့ နိုင်ငံရဲ့ ကုန်ထုတ်လုပ်ငန်းတွေအပြင် နိုင်ငံတစ်ခုကို အမျိုးတူကုန်ပစ္စည်းတင်ပို့နေတဲ့ တတိယနိုင်ငံက ကုန်ပစ္စည်းတင်ပို့သူတွေကိုလည်း ထိခိုက်နစ်နာမှုရှိစေနိုင်ပါတယ်။

### ကုန်သွယ်မှုကုထုံးများ

မျှတတဲ့ ကုန်သွယ်မှုဖြစ်စေဖို့အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ကုန်သွယ်မှုကုထုံးတွေကို အဖွဲ့ဝင်နိုင်ငံများကို ကျင့်သုံးခွင့်ပေးထားပါတယ်။ အဓိကအားဖြင့် ကုန်သွယ်မှုကုထုံးထဲမှာ ကျင့်သုံးနိုင်တဲ့ နည်းလမ်းသုံးသွယ်ရှိပါတယ်။ ၎င်းနည်းလမ်းသုံးသွယ်ကို အောက်ပါအတိုင်း အကြမ်းဖျင်း ရှင်းပြလိုပါတယ် -

(က) စုပုံတင်ပို့ခြင်း (Dumping)။ နိုင်ငံတစ်ခုက မိမိထုတ်လုပ်တဲ့ ကုန်ပစ္စည်းတစ်ခုကို အခြားနိုင်ငံဈေးကွက်တစ်ခုမှာ မိမိနိုင်ငံက ထုတ်လုပ်တဲ့ ဈေးနှုန်းထက် လျှော့ချပြီး တင်ပို့ရောင်းချတာကို စုပုံတင်ပို့ခြင်းလို့ ခေါ်ပါတယ်။ အချို့နိုင်ငံတွေက မိမိတို့ ကုန်ပစ္စည်း ဈေးကွက်ရရှိဖို့အတွက် ဒီနည်းလမ်းကို ဆောင်ရွက်လေ့ရှိကြပါတယ်။ အဆိုပါနည်းလမ်းနဲ့ တင်ပို့မှုတွေရှိလာရင် ပစ္စည်းတင်သွင်းတဲ့နိုင်ငံရဲ့ ကုန်ထုတ်လုပ်ငန်းတွေ ထိခိုက်မှုရှိလာမှာဖြစ်ပါတယ်။ ၎င်းအခြေအနေကို ကုန်ပစ္စည်းတင်သွင်းသည့်နိုင်ငံက စုံစမ်းဖော်ထုတ်တွေ့ရှိရင် အဆိုပါ ကုန်ပစ္စည်းတင်ပို့တဲ့ နိုင်ငံကထုတ်လုပ်တင်ပို့တဲ့ ပစ္စည်းအပေါ်မှာ စုပုံမှုတန်ပြန်ခြင်း (Anti-dumping) ဆောင်ရွက်ခွင့်ရှိပါတယ်။ တစ်နည်းအားဖြင့်တော့ အဆိုပါနိုင်ငံက တင်ပို့လိုက်တဲ့ ကုန်ပစ္စည်းကို အကောက်ခွန်နှုန်း မြှင့်တင်ကောက်ခံလိုက်ခြင်းပဲ ဖြစ်ပါတယ်။

(ခ) ထောက်ပံ့မှုပြုကုန်ပစ္စည်းထုတ်လုပ်ခြင်း (Subsidy)။ နိုင်ငံတစ်ခုရဲ့အစိုးရက မိမိနိုင်ငံက ထုတ်လုပ်တဲ့ ကုန်ပစ္စည်းဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း ပိုကောင်းစေဖို့အတွက် ပစ္စည်းထုတ်လုပ်သူတွေကို ငွေကြေးဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ အထောက်အပံ့ပေးပြီး ကုန်ပစ္စည်း ထုတ်လုပ်တင်ပို့စေတာ ဖြစ်ပါတယ်။ ရလဒ်ကတော့ အဆိုပါ နိုင်ငံက ထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေဟာ တခြားနိုင်ငံက ထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေထက် ဈေးနှုန်းပိုမိုသက်သာစွာနဲ့ ရောင်းချလို့ရပြီး ဈေးကွက်ပိုမိုရရှိစေမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အဆိုပါ ဆောင်ရွက်မှုဟာ ကုန်ပစ္စည်းတင်သွင်းတဲ့ နိုင်ငံရဲ့ ကုန်ထုတ်လုပ်ငန်းတွေကိုလည်း ထိခိုက်စေနိုင်ပါတယ်။ အလားတူအခြေအနေ ဖြစ်လာရင် တင်သွင်းတဲ့ နိုင်ငံက လိုအပ်တဲ့ စုံစမ်းဖော်ထုတ်မှု ဆောင်ရွက်ပြီး ထောက်ပံ့မှုပြု ကုန်ပစ္စည်း ထုတ်လုပ်တဲ့နိုင်ငံက တင်သွင်းလာတဲ့ ကုန်ပစ္စည်းတွေအပေါ်မှာ ဟန်ချက်ညီ လုပ်ဆောင်မှု (Countervailing) ဆောင်ရွက်နိုင်ပါတယ်။ တစ်နည်းအားဖြင့် Countervailing Tariff လို့ခေါ်တဲ့ သတ်မှတ်အကောက်ခွန်နှုန်းထက် ပိုမိုမြင့်မားတဲ့ နှုန်းတစ်ခုခုနဲ့ အဆိုပါ သွင်းကုန်အပေါ်မှာ အခွန်ကောက်ခံတာပဲ ဖြစ်ပါတယ်။

(ဂ) ဘေးဆီးရန်ကာဆောင်ရွက်ခြင်း (Safeguard)။ နိုင်ငံတစ်ခုအတွင်းကို ပြည်ပက တင်သွင်းလာတဲ့ သွင်းကုန်ပစ္စည်းတွေက ရုတ်တရက် အဆမတန် များပြား (Import Surge) လာတဲ့အတွက် ပြည်တွင်းမှာရှိတဲ့ ကုန်ထုတ်လုပ်ငန်းတွေ ပြင်းထန်စွာ ထိခိုက်နာကျင်မှု (Serious Injury) ဖြစ်စေခဲ့ရင်၊ ဒါမှမဟုတ် ပြင်းထန်စွာ ထိခိုက်ဖို့ ခြိမ်းခြောက်မှုတွေ (Threat) ရှိလာခဲ့ရင် ပစ္စည်းတင်သွင်းတဲ့နိုင်ငံက မိမိနိုင်ငံအတွင်းက ကုန်ထုတ်လုပ်ငန်းတွေအတွက် ဘေးဆီးရန်ကာဆောင်ရွက်မှုတွေ လုပ်ခွင့်ရှိပါတယ်။ တစ်နည်းအားဖြင့်တော့ သွင်းလာတဲ့ ကုန်ပစ္စည်းအပေါ်မှာ အကောက်ခွန်နှုန်း မြှင့်တင်ကောက်ခံလိုက်တာ၊ တင်သွင်းခွင့်ပြုမယ့် အရေအတွက် ကန့်သတ်တာ စသည်တို့ဖြစ်ပါတယ်။ မကြာသေးမီက မြန်မာနိုင်ငံနဲ့ ကမ္ဘောဒီးယားက တင်ပို့လိုက်တဲ့ လုံးရှည်ဆန် (Indica Rice) တွေကို အီးယူက အကောက်ခွန်နှုန်း မြှင့်တင်ကောက်ခံလိုက်တာ Safeguard ကို ကျင့်သုံးလိုက်တာပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ အရေးကြီးတဲ့အချက်က ကုန်ပစ္စည်းတင်ပို့တဲ့ နိုင်ငံဟာ စုပုံတင်ပို့ခြင်း၊ ထောက်ပံ့မှုပြု ကုန်ပစ္စည်းထုတ်လုပ်ခြင်း နည်းလမ်းတွေနဲ့ တင်ပို့တာ မဟုတ်ခဲ့ရင် မမျှတတဲ့ ကုန်သွယ်မှု (Unfair Trade) မဟုတ်တာကြောင့် Safeguard ကို ကျင့်သုံးမယ့် နိုင်ငံဟာ တစ်ဖက်က တောင်းဆိုလာရင် မျှတတဲ့လျော်ကြေး ပေးရဖွယ်ရှိပါတယ်။ ဒ့ါအပြင် သာမန်အားဖြင့် Safeguard ကျင့်သုံးမှုကို လေးနှစ်ထက် ပိုမိုကျင့်သုံးခွင့် မရှိပါ။

### ကုန်သွယ်မှုကုထုံးများ ကျင့်သုံးမှု

ကုန်သွယ်မှုကုထုံးတွေ ကျင့်သုံးခြင်းဟာ ဘာသာရပ်ပိုင်းဆိုင်ရာ၊ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှု များစွာလိုတဲ့အပြင် စေ့စပ်ညှိနှိုင်းမှုအတွက် နှံ့စပ်နေဖို့လည်း လိုအပ်ပါတယ်။ မိမိနိုင်ငံအနေနဲ့ စုပုံတင်ပို့မှု (Dumping) ကြောင့်ဖြစ်စေ၊ ထောက်ပံ့မှုပြု ကုန်ပစ္စည်းထုတ်လုပ်ခြင်း (Subsidy) ဖြင့် တင်ပို့လာမှုကြောင့်ဖြစ်စေ၊ ရုတ်တရက် ပို့ကုန်မြင့်မားလာမှုကြောင့် (Import Surge) ဖြစ်စေ ပြည်တွင်းကုန်ထုတ်လုပ်ငန်းတွေ ထိခိုက်မှုရှိလာရင် စုံစမ်းစစ်ဆေးဖော်ထုတ်မှု (Investigation) လုပ်ပြီး ခိုင်မာသည့်အခြေအနေကို ဖော်ထုတ်တွေ့ရှိမှသာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကို အသိပေးပြီး ကုန်သွယ်မှုကုထုံးထဲက အကျုံးဝင်တဲ့ နည်းလမ်းတစ်ခုခုကို ကျင့်သုံးဆောင်ရွက်နိုင်တာ ဖြစ်ပါတယ်။ ဒီလိုကျင့်သုံးရာမှာ အချို့နိုင်ငံများမှာ ကုန်သွယ်မှုကုထုံးနဲ့ ပတ်သက်တဲ့ ဥပဒေတွေ၊ စည်းမျဉ်းတွေ၊ ကြေညာချက်တွေ ထုတ်ပြန်လုပ်ဆောင်ကြတာ တွေ့ရပါတယ်။ သို့သော်လည်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံ ၁၆၄ နိုင်ငံမှာ စုပုံမှုတန်ပြန်ခြင်း (Anti-dumping) နဲ့ ပတ်သက်တဲ့ဥပဒေ/စည်းမျဉ်း ရေးဆွဲပြဋ္ဌာန်းခြင်း မရှိသေးတဲ့နိုင်ငံ ၇၄ ခု၊ ဟန်ချက်ညီ လုပ်ဆောင်မှု (Countervailing) နဲ့ ပတ်သက်တဲ့ဥပဒေ/စည်းမျဉ်း ရေးဆွဲပြဋ္ဌာန်းခြင်း မရှိသေးသည့် နိုင်ငံ ၇၃ ခု၊ ဘေးဆီးရန်ကာဆောင်ရွက်ခြင်း (Safeguard) နဲ့ ပတ်သက်တဲ့ ဥပဒေ/စည်းမျဉ်း ရေးဆွဲပြဋ္ဌာန်းခြင်း မရှိသေးသည့် နိုင်ငံ ၁၂၀ ရှိနေကြောင်းလည်း တွေ့ရပါတယ်။ နိုင်ငံအများစုအနေနဲ့ ကုန်သွယ်မှုကုထုံးနည်းလမ်းသုံးသွယ်အနက်က မိမိနိုင်ငံနဲ့ သဟဇာတဖြစ်မယ့် နည်းလမ်းကိုပဲ ဦးစားပေးပြီး ဥပဒေတွေ/စည်းမျဉ်းတွေ ရေးဆွဲကျင့်သုံးကြတာကိုလည်း တွေ့ရပါတယ်။

အာဆီယံနိုင်ငံများထဲမှာ ကုန်သွယ်မှုကုထုံးများနဲ့ပတ်သက်ပြီး ဥပဒေ၊ စည်းမျဉ်းတွေ ရေးဆွဲကျင့်သုံးနေမှုအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါတယ်-

| စဉ် | နိုင်ငံ | Trade Remedies ( All 3 Laws or Related Regulations) | | |
|---|---|---|---|---|
| | | Anti-dumping (Single Law or Regulation) | Countervailing (Single Law or Regulation) | Safeguards (Single Law or Regulation) |
| ၁ | ဘရူနိုင်း | No Law and Regulation | No Law and Regulation | |
| ၂ | ကမ္ဘောဒီးယား | | | |
| ၃ | အင်ဒိုနီးရှား | | | |
| ၄ | လာအို | Drafting stage in 2013 | No Law and Regulation | Drafting stage in 2013 |
| ၅ | မလေးရှား | | | |
| ၆ | မြန်မာ | No Law and Regulation | No Law and Regulation | |
| ၇ | ဖိလစ်ပိုင် | | | |
| ၈ | စင်္ကာပူ | | | No Law and Regulation |
| ၉ | ထိုင်း | | | |
| ၁၀ | ဗီယက်နမ် | Notified Single Legislation | Notified Single Legislation | Notified Single Legislation |

- ကုန်သွယ်မှုကုထုံးနည်းလမ်းသုံးခုလုံး ဥပဒေနှင့်စည်းမျဉ်းရေးဆွဲပြီးနိုင်ငံ။
- စုပုံမှုတန်ပြန်ခြင်းနှင့် ဟန်ချက်ညီလုပ်ဆောင်မှုဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းရေးဆွဲပြီးနိုင်ငံ။
- စုပုံမှုတန်ပြန်ခြင်းဥပဒေတစ်ခုတည်းနှင့် စည်းမျဉ်းများ ရေးဆွဲပြီးနိုင်ငံ။
- ဟန်ချက်ညီလုပ်ဆောင်မှုဆိုင်ရာ ဥပဒေတစ်ခုတည်းနှင့် စည်းမျဉ်းများရေးဆွဲပြီးနိုင်ငံ။
- ဘေးဆီးရန်ကာဆောင်ရွက်မှု ဥပဒေတစ်ခုလည်းနှင့် စည်းမျဉ်းများရေးဆွဲပြီးနိုင်ငံ။
- ကုန်သွယ်မှုကုထုံးဆိုင်ရာ ဥပဒေ မရှိသေးသည့်နိုင်ငံ။

**❑ ကုန်သွယ်မှုကုထုံးတွေ ကျင့်သုံးခြင်းဟာ ဘာသာရပ်ပိုင်းဆိုင်ရာ၊ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှု များစွာလိုတဲ့ အပြင် စေ့စပ်ညှိနှိုင်းမှုအတွက် နှံ့စပ်နေဖို့လည်း လိုအပ်ပါတယ်။**

**❑ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းများနဲ့ပတ်သက်တဲ့ ဥပဒေမူဘောင်တွေ အားကောင်းလာစေဖို့ သက်ဆိုင်သူအသီးသီးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြတာ တွေ့ရှိရပါတယ်။**

ဇယားကို လေ့လာကြည့်ရင် ကုန်သွယ်မှုကုထုံးတွေနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံနဲ့ ဘရူနိုင်းတို့မှာ ဥပဒေနဲ့ စည်းမျဉ်းတွေ လုံးဝမရှိသေးတာ တွေ့ရပြီး လာအိုကတော့ Anti-dumping နဲ့ Safeguard ဥပဒေတွေ ရေးဆွဲနေဆဲဖြစ်ပြီး Countervailing ဥပဒေ မရှိသေးတာ တွေ့ရပါတယ်။ စင်ကာပူနိုင်ငံမှာတော့ Safeguard ဥပဒေရေးဆွဲထားခြင်း မရှိသေးတာလည်း တွေ့ရပါတယ်။

ကုန်သွယ်မှုကုထုံးတွေ ကျင့်သုံးခြင်းဟာ တစ်ခါတစ်ရံမှာ အငြင်းပွားဖွယ် ဖြစ်လေ့ရှိပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ အငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းစဉ်အထိ ရောက်ရှိလာခဲ့တဲ့ ဖြစ်စဉ်တွေလည်း ရှိခဲ့ဖူးပါတယ်။ ၂၀၁၉ ခုနှစ်အထိ ရရှိထားတဲ့ အချက်အလက်များအရ စုပုံမှုတန်ပြန်ခြင်းနဲ့ပတ်သက်ပြီး ဖြစ်ပေါ်ခဲ့တဲ့ အငြင်းပွားမှု ၁၃၁ ခု၊ ဟန်ချက်ညီလုပ်ဆောင်ခြင်းနဲ့ပတ်သက်ပြီး ဖြစ်ပေါ်ခဲ့တဲ့ အငြင်းပွားမှု ၁၂၇ ခု၊ ဘေးဆီးရန်ကာဆောင်ရွက်ခြင်းနဲ့ပတ်သက်ပြီး ဖြစ်ပေါ်ခဲ့တဲ့ အငြင်းပွားမှု ၆၁ ခုရှိခဲ့ တာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

### ဥပဒေမူဘောင်

မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းများနဲ့ပတ်သက်တဲ့ ဥပဒေမူဘောင်တွေ အားကောင်းလာစေဖို့ သက်ဆိုင်သူအသီးသီးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြတာ တွေ့ရှိရပါတယ်။ ဥပဒေမူဘောင် ပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်တယ်လို့ ဆိုရာမှာ ဥပဒေတစ်ခုခုကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းနိုင်တဲ့အဆင့်ထိ ဆောင်ရွက်တာကို ဆိုလိုတာမဟုတ်ပါဘူး။ ပြဋ္ဌာန်းပြီးတဲ့ဥပဒေကို လက်တွေ့ကျင့်သုံးနိုင်ဖို့ လိုအပ်တဲ့နည်းဥပဒေများ၊ စည်းမျဉ်းများ ပြဋ္ဌာန်းခြင်း၊ လိုအပ်တဲ့လုပ်ထုံးလုပ်နည်းတွေ၊ အမိန့်ညွှန်ကြားချက်တွေ ထုတ်ပြန်ခြင်း၊ ဥပဒေကို ကိုင်တွယ်ကျင့်သုံးအကောင်အထည်ဖော်မယ့် အစိုးရအဖွဲ့အစည်းက ဥပဒေကို ကောင်းစွာ ကျင့်သုံးနိုင်တဲ့အဆင့်ထိ စွမ်းဆောင်ရည်ရှိခြင်း၊ ဥပဒေပြဋ္ဌာန်းချက်များအတိုင်း အားလုံးက လိုက်နာကျင့်သုံးနိုင်အောင် တစ်နည်းအားဖြင့် ဥပဒေအသက်ဝင်အောင် ထိန်းကျောင်းရမယ့် လုပ်ငန်းစဉ်တွေရှိခြင်း စတာတွေအားလုံးပြည့်စုံမှသာ ဥပဒေမူဘောင်တစ်ခု ထူထောင်ပြီးမြောက်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဥပဒေအတော်များများကို ပြဋ္ဌာန်းနိုင်ခဲ့ပေမယ့် အချို့သော ဥပဒေများ အမှန်တကယ် အသက်ဝင်ကျင့်သုံးနိုင်ခြင်း မရှိသေးကြောင်း၊ ဥပဒေကို ကျင့်သုံးအကောင်အထည်ဖော်မယ့် အစိုးရအဖွဲ့အစည်းတွေကိုလည်း စွမ်းဆောင်ရည်မြှင့်တင်ပေးဖို့ လိုအပ်နေကြောင်း နိုင်ငံတကာ ဥပဒေပညာရှင်အချို့က ထောက်ပြထားတာလည်း တွေ့ရှိရပါတယ်။

တကယ်တော့ ကုန်သွယ်မှုကုထုံးဥပဒေတွေဟာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဟာ စည်းမျဉ်းတွေအပေါ်မှာ အခြေခံပြီး မိမိနိုင်ငံရဲ့ ကုန်ထုတ်လုပ်ငန်းတွေကို မမျှတတဲ့ ကုန်သွယ်မှုတွေက အကာအကွယ်ပေးနိုင်ဖို့ ရေးဆွဲပြဋ္ဌာန်းကြတာ ဖြစ်ပါတယ်။ ၎င်းဥပဒေတွေဟာ ဘာသာရပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များနဲ့ အထူးပြုဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ ထဲထဲဝင်ဝင်ပါရှိနေပြီး နိုင်ငံအများစုမှာ အဆိုပါ ဥပဒေကို တာဝန်ယူ အကောင်အထည်ဖော် ကျင့်သုံးနိုင်ဖို့အတွက် သီးခြားလေ့ကျင့် တည်ထောင်ထားတဲ့ အဖွဲ့အစည်းတစ်ရပ်ကိုလည်း ထူထောင်ထားရှိကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံအချို့ရဲ့ ကုန်သွယ်မှု ကုထုံးဥပဒေတွေ ရေးဆွဲပြဋ္ဌာန်း ကျင့်သုံးနိုင်မှုကို ဆန်းစစ်ကြည့်လိုက်ရင် နိုင်ငံအများစုမှာ သုံးနှစ်က ငါးနှစ်အထိ အချိန်ယူခဲ့ကြပြီး အချို့နိုင်ငံတွေမှာ ခုနစ်နှစ်က တစ်ဆယ်နှစ်အထိ အချိန်ယူခဲ့ကြတယ်လို့လည်း လေ့လာတွေ့ရှိရပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

# မြန်မာနိုင်ငံနှင့် ဘီနင်၊ ကွန်ဂိုနှင့် တိုဂိုသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်ခြင်းဖြင့် အပြည်ပြည်ဆိုင်ရာနယ်ပယ်တွင် ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်ရေး၌ ပိုမိုတိုးတက်သည့်အကျိုးကျေးဇူးများရရှိနိုင်

နေပြည်တော် မေ ၁၆

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စု လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ရှင်းလင်းပြောကြားစဉ်။



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ရှင်းလင်းပြောကြားစဉ်။



ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် ရှင်းလင်းပြောကြားစဉ်။



ဒုတိယဝန်ကြီး ဦးကျော်လင်း ရှင်းလင်းပြောကြားစဉ်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အရေးပေါ်ရန်ပုံငွေကျပ် ၉၀၉၅ ဒသမ ၂၆၂ သန်းအနက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကျပ် ၈၅၉ ဒသမ ၀၅၄ သန်း ခွဲဝေသုံးစွဲခဲ့သည့်ကိစ္စနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## ယခုအစိုးရလက်ထက်တွင် ပြည်ပ ခုနစ်နိုင်ငံနှင့် သံတမန်ဆက်သွယ်မှု တိုးချဲ့နိုင်ခဲ့သဖြင့် စုစုပေါင်း ၁၂၁ နိုင်ငံနှင့် သံတမန်ဆက်သွယ်မှု ထူထောင်ခဲ့

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာနိုင်ငံနှင့် ဘီနင်သမ္မတနိုင်ငံ၊ ကွန်ဂိုသမ္မတနိုင်ငံ၊ တိုဂိုသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများအားလုံးနှင့် ဟန်ချက်ညီညီချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး တည်ဆောက်ရန်အတွက် ပြည်ပနိုင်ငံများနှင့် သံတမန်ဆက်သွယ်မှုများ တိုးချဲ့ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအစိုးရ တာဝန်မယူမီက မြန်မာနိုင်ငံနှင့် သံတမန်ဆက်သွယ်မှု ထူထောင်ထားရှိသည့် နိုင်ငံပေါင်း ၁၁၄ နိုင်ငံသာရှိခဲ့ရာမှ ယခုအစိုးရလက်ထက်တွင် ပြည်ပ ခုနစ်နိုင်ငံနှင့် သံတမန်ဆက်သွယ်မှု တိုးချဲ့နိုင်ခဲ့သဖြင့် စုစုပေါင်း ၁၂၁ နိုင်ငံနှင့် သံတမန်ဆက်သွယ်မှု ထူထောင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာရှ၊ ဥရောပ၊ အမေရိကတိုက်တို့နှင့် သံတမန်ဆက်သွယ်မှုများပြားသော်လည်း အာဖရိကနိုင်ငံများနှင့် သံတမန်ဆက်သွယ်မှု နည်းပါးနေဆဲဖြစ်သည့်အတွက် အာဖရိကနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးအတွက် သံတမန်ဆက်သွယ်မှုတိုးချဲ့ရန် ကြိုးပမ်းလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ဘီနင်သမ္မတနိုင်ငံ၊ ကွန်ဂိုသမ္မတနိုင်ငံနှင့် တိုဂိုသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်ရေးနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ အစည်းအဝေးတွင် တင်ပြ၍ ကနဦး သဘောတူညီချက်များ ရရှိခဲ့ပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ဘီနင်သမ္မတနိုင်ငံ၊ ကွန်ဂိုသမ္မတနိုင်ငံနှင့် တိုဂိုသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်ခြင်းဖြင့် တစ်နိုင်ငံချင်းစီနှင့် ချစ်ကြည်ရေးအပြင် အပြည်ပြည်ဆိုင်ရာနယ်ပယ်တွင် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးတို့၌ ပိုမိုတိုးတက်အောင်မြင်သည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော် နာယက က သံတမန်အဆက်သွယ် ထူထောင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီထံမှ ယူရို ၃၅ ဒသမ ၇ သန်း ချေးငွေရယူရေး

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီထံမှ ယူရို ၃၅ ဒသမ ၇ သန်း ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၏ အချိန်စေ့ရောက်သည့် နှစ်အလိုက် အတိုး၊ အရင်းပြန်ပေးနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားခမှ ရရှိသည့်ဝင်ငွေများနှင့် ပေးဆပ်ရမည့်ငွေများကို ခန့်မှန်းအသေးစိတ်စာရင်းနှင့် ရှင်းလင်းချက်များဖြင့် ဖော်ပြပေးစေလိုကြောင်း ဆွေးနွေးချက်အပေါ် ချေးငွေပြန်လည်ပေးဆပ်ရန်အတွက် ဆိုင်းငံ့ကာလအတွင်း တစ်နှစ်လျှင် အတိုးငွေ ယူရို ၀ ဒသမ ၂၄ သန်းနှင့် ပြန်ဆပ်ကာလအတွင်း တစ်နှစ်လျှင် အရင်း၊ အတိုးပေါင်း ယူရို ၂ ဒသမ ၉၇၅ သန်းကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်တွင် ဘတ်ဂျက်လျာထားပြီး ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါကြောင်း။

ထို့ပြင် ချေးငွေများကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီး မည်သည့်လတွင် စာချုပ်ချုပ်ဆိုမည်၊ မည်သည့်လတွင် ချေးငွေရရှိမည်၊ ပြန်လည်ပေးဆပ်မည်စသည့် ဆွေးနွေးချက်နှင့် စပ်လျဉ်း၍ ချေးငွေစာချုပ် ချုပ်ဆိုရန် အနည်းဆုံး သုံးလမှ အများဆုံးခြောက်လအထိ ကြာမြင့်ပါကြောင်း၊ ချေးငွေပေးအပ်သည့်အဖွဲ့အစည်း၏ ဘုတ်အဖွဲ့ အတည်ပြုပြီးသည့်အခါ ချေးငွေစာချုပ်အပေါ် အပြန်အလှန်ညှိနှိုင်းရခြင်းကြောင့် အချိန်ကာလအတိအကျ မပြောနိုင်ခြင်း ဖြစ်ပါကြောင်း၊ ချေးငွေပြန်လည်ပေးဆပ်မှုအနေဖြင့် ချေးငွေစာချုပ်ပါ ချေးငွေပြန်လည်ပေးဆပ်ရမည့်အစီအစဉ် Amortization Shedule အတိုင်း အတိအကျ အချိန်နှင့်တကွ ဖော်ပြနိုင်ပါကြောင်း၊ လုပ်ငန်းများကို မည်သည့်လများတွင် ဆောင်ရွက်မည်ဆိုသည်မှာ စီမံကိန်းအကောင်အထည်ဖော်သည့်ဌာနက Project Work Plan ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ဆက်လက်၍ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများမှ တာဝန်ရှိသူများအနေဖြင့် ပြည်သူများ လိုအပ်တောင့်တသည့် အမှန်လိုအပ်သည့် အသုံးစရိတ်များကို ပြည်သူများ၊ အစိုးရဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်ပင်ညှိနှိုင်းပြီး ပြည်ပချေးငွေများ သုံးစွဲခွင့်ရရှိရေးကို သက်ဆိုင်ရာသို့ အဆင့်ဆင့်တင်ပြတောင်းခံပေးရန်နှင့် မိမိတိုင်းဒေသကြီး၊ ပြည်နယ်များတွင် ပြည်ပချေးငွေများဖြင့် ရယူဆောင်ရွက်ပေးရန် ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ ပြည်တွင်း၊ ပြည်ပမှ ငွေချေးယူခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့ကသာ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ချေးငွေရယူနိုင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသည်လည်း ငွေချေးယူလိုပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ချေးယူနိုင်ပါကြောင်း။

ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၏ ချေးငွေယူသင့်၊ မသင့် စဉ်းစားရန် ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ နှစ်နိုင်ငံအကြား ချေးငွေယူရာတွင် ချေးငွေပေးအပ်သည့်နိုင်ငံက ချေးငွေရယူလိုသည့် စီမံကိန်းနှင့် ချေးငွေရယူလိုသည့် ပမာဏတို့ကို ချေးငွေရယူမည့် နိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးပြီးမှသာ ချေးယူနိုင်ပါကြောင်း၊ ယခုချေးငွေပေးအပ်သည့် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ AFD ကလည်း ဤလုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် ချေးငွေပေးအပ်ရန်သဘောတူပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒနှင့်အညီ ချေးငွေရယူခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီထံမှ ယူရို ၃၅ ဒသမ ၇ သန်း ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ချေးငွေရယူရေးကိစ္စကို စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲရယူရာ ထောက်ခံဆန္ဒမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

## ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် အမျိုးသားစီမံကိန်းအစီရင်ခံစာနှင့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ အစီရင်ခံစာအပေါ် ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် အမျိုးသားစီမံကိန်းအစီရင်ခံစာနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ရှင်းလင်းပြောကြားကြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ အထပ်မြင့်အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ (CQHP)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်တွင် ဖွဲ့စည်းထားပြီး Construction Permit ကို ထုတ်ပေးနေခြင်းဖြစ်ပါကြောင်း၊ Doing Business မြန်ဆန်ရေး၊ အထပ်မြင့်အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ကို အသစ်ပြန်လည်ဖွဲ့စည်းရေးနှင့်ပတ်သက်၍ အကြံပြုချက်များကို လိုက်နာသွားမည်ဖြစ်ပါကြောင်း။

မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ဆွေးနွေးခဲ့သည့် လမ်းကိစ္စသည် အမှန်ကုန်ကျမည့် ရန်ပုံငွေတွင်ငွေကျပ် သန်း ၆၀ ကျော် ကုန်ကျမည်ဖြစ်ပါကြောင်း၊ ရရှိရန်ပုံငွေကျပ် ၄၆ သန်းဖြင့် မလုံလောက်သည့်အတွက် လိုအပ်သော ရန်ပုံငွေကို ကျေးရွာကော်မတီက တာဝန်ယူပြီး ဒေသခံရွာသားများထံ အလှူငွေကောက်ခံ၍ ပြီးစီးအောင် ဆောင်ရွက်သွားသည့်လုပ်ငန်းဖြစ်ပါကြောင်း။

အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချို ထောက်ပြအကြံပြုဆွေးနွေးသွားသည့် တင်ဒါစည်းမျဉ်းစည်းကမ်းများကို အသစ်ပြန်လည်ထုတ်ပြန်ကြေညာရန်ရှိသကဲ့သို့ QC စစ်ဆေးသည့်နေရာတွင် ထိရောက်မှုရှိသည့် တစ်ဖွဲ့တည်းဖြင့် ပြီးစီးအောင်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အစီရင်ခံစာ (၄/၂၀၁၉)နှင့်စပ်လျဉ်း၍ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစောနှင့် အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုတို့ဆွေးနွေးခဲ့သည့် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများအနက် လိုငွေပြလျက်ရှိသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များပါဝင်သည့် လုပ်ငန်းအဖွဲ့ ၂ ဖွဲ့သည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း သက်ဆိုင်ရာ စက်ရုံများသို့သွားရောက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် လေ့လာရေးအဖွဲ့များ၏ အစီရင်ခံစာများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်စီးပွားရေးရာပေါင်းစပ်ညှိနှိုင်းရေးကော်မတီရုံးသို့ တင်ပြခဲ့ပါကြောင်း၊ ယခုအခါ နိုင်ငံတော်စီးပွားရေးရာပေါင်းစပ်ညှိနှိုင်းရေးကော်မတီတွင် ဆက်လက်ဆွေးနွေးလျက်ရှိသည့်အပြင် ကမ္ဘာ့ဘဏ်၏ နည်းပညာအကူအညီရယူနိုင်ရေးကို ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း။

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ဆွေးနွေးခဲ့သော Ease of Doing Business ညွှန်ကိန်းအဆင့် တိုးတက် ကောင်းမွန်လာရေးနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဆောင်ရွက်လျက်ရှိပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက Doing Business Website https://www.myanmar-doingbusiness.org ကို တည်ထောင်ပြီးဖြစ်ကြောင်း၊ အဆိုပါ Website တွင် ညွှန်ကိန်းတစ်ခုချင်းစီနှင့် စပ်လျဉ်း၍ သိမှတ်စရာအချက်အလက်များကို ဖော်ပြထားကြောင်း။

လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချို ဆွေးနွေးခဲ့သည့် ငွေကြေးတန်ဖိုးကျဆင်းမှုများပြားစွာမဖြစ်ပေါ်စေရေးအတွက် စနစ်တကျစီမံခန့်ခွဲသင့်ကြောင်း သဘောထားမှတ်ချက်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးမူဝါဒလက်နက်များဖြစ်သော သီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်း၊ အတိုးနှုန်းမူဝါဒနှင့် ငွေကြေးဈေးကွက်တွင် ငွေချေးစာချုပ်များကို ရောင်းဝယ်ခြင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းအတွက် ထိန်းကျောင်းမှုရှိသော နှုန်းရှင်ငွေလဲလှယ်နှုန်းစနစ်ကို သတ်မှတ်ခြင်းနှင့် ပြည်တွင်းဘဏ်များအချင်းချင်း နိုင်ငံခြားငွေ ရောင်းဝယ်မှုများပြုလုပ်စေခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ နိုင်ငံခြားသုံးသီးသန့်ငွေ (Foreign Exchange Reserve) ကိုလည်း တိုးပွားလာစေရန် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့ သုံးပွင့်ဆိုင်ပုံမှန်ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိရာ ရလဒ်များအဖြစ် သွင်းကုန်၊ ပို့ကုန်မူဝါဒများအပေါ် သုံးသပ်ပြင်ဆင်ခြင်း၊ တစ်ဆင့်ခံပို့ကုန်များကို ယာယီရပ်ဆိုင်းခြင်း၊ ပို့ကုန်ရငွေများပြန်လည်ဝင်ရောက်မှုကိုစိစစ်ခြင်း၊ Letter of Credit (L/C) စနစ်ကိုကျင့်သုံးကြရန် တွန်းအားပေးခြင်း၊ နိုင်ငံခြားငွေ စီးဝင်စီးထွက်မှုများကို စောင့်ကြည့်သုံးသပ်ခြင်းစသည်တို့ကို နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

*စာမျက်နှာ ၈ သို့*

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် နှုတ်ဆက်ညစာစားပွဲကျင်းပ

နေပြည်တော် မေ ၁၆

**တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် နှုတ်ဆက်ညစာစားပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ Parkroyal Hotel ၌ ကျင်းပသည်။**

နှုတ်ဆက်ညစာစားပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။




အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်(ဓါတ်ပုံ)နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ညစာကို အတူတကွ သုံးဆောင်ကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံးချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

# အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေး

**နေပြည်တော် မေ ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံးချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

**အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး**

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ဖွင့်လှစ်ပို့ချပေးလျက်ရှိသော အသက်မွေးဝမ်းကျောင်းပညာသင်တန်းများသည် ဒေသနေ ပြည်သူများ သင်တန်းသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိရေး၊ ပြည်တွင်းထွက်ကုန် ဆန်၊ ပဲ၊ ပြောင်း၊ ကုန်ကြမ်းများကို တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်စေရေးနှင့် ဝင်ငွေရရှိရေး၊ အသေးစား စက်မှုလက်မှု မှတ်ပုံတင်လုပ်ငန်းများ လျာထားချက်ထက်ကျော်လွန်အောင် ဆောင်ရွက်ပေးနိုင်ရေး၊ အစားအစာများ ထုတ်လုပ်ရာတွင် အာဟာရပြည့်ဝပြီး စားသုံးမှုဘေးကင်းလုံခြုံစေရန်အတွက် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ကြပ်မတ်ဆောင်ရွက်ပေးရေး၊ ထုတ်ကုန်ပြပွဲပြိုင်ပွဲများ ဆောင်ရွက်ပေးခြင်းဖြင့် ထုတ်လုပ်သူနှင့် သုံးစွဲသူများအကြား စိတ်ဝင်စားမှုပိုမိုလာကာ အသေးစား စက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးလာစေရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

**ရိုးရာလက်မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတိုးတက်ရေး**

အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် အသေးစားစက်မှုလက်မှုလုပ်ငန်းများ၊ ရက်ကန်းလုပ်ငန်းများ၊ ပန်း ၁၀ မျိုးအပါအဝင် ရိုးရာလက်မှုလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် မတ်လအထိ ခြောက်လအတွင်း အသက်မွေးဝမ်းကျောင်းပညာ ကာလတိုသင်တန်း ၂၅၂ ကြိမ်၊ အသေးစား စက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင်လုပ်ငန်း ၁၂၀၁ ခုနှင့် ပန်း(၁၀)မျိုးအပါအဝင် ရိုးရာလက်မှုလုပ်ငန်း ၃၆၇၃ ခုတို့ကို လုပ်ငန်းမှတ်ပုံတင်ပေးခြင်း၊ ဓာတ်ခွဲစမ်းသပ်ပေးခြင်း ၂၄၃၂ ကြိမ်၊ ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံသီးနှံများ အခြေခံထုတ်လုပ်သည့် တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ၈၂ ကြိမ် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၇ မှ*

စီမံကိန်းလုပ်ငန်းကြီးများတွင် ပါဝင်သည့် အစိုးရ အခန်းကဏ္ဍနှင့် ပုဂ္ဂလိကအခန်းကဏ္ဍတို့နှင့် စပ်လျဉ်း၍ အားနည်းချက်၊ အားသာချက်များကို ယခုထက် ပိုမိုသုံးသပ်တင်ပြနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အစီရင်ခံစာ (၆/၂၀၁၉)နှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်နှင့် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် အခြေခံသည့် ပြုပြင်ပြောင်းလဲဆောင်ရွက်ထားမှု အခြေအနေများကို နောင်အစီရင်ခံစာတင်သွင်းသည့်အခါ ပြန်လည်တင်ပြဆွေးနွေးသင့်ပါကြောင်း အကြံပြုချက်နှင့် စပ်လျဉ်း၍ လာမည့်အစီရင်ခံစာများတွင် ထည့်သွင်းတင်ပြနိုင်ရန်အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများထံမှ လိုအပ်သည်များကိုတောင်းခံပြီး ထည့်သွင်းပြုစုတင်ပြသွားမည် ဖြစ်ပါကြောင်း။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာများအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အကြံပြုချက်များ၊ သဘောထားမှတ်ချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များအပေါ် အလေးထား၍ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ အမှတ်စဉ်(၆/၂၀၁၉)ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် ရှင်းလင်းပြောကြားသည်။

## ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ (၄/၂၀၁၉)နှင့် (၆/၂၀၁၉) တို့ကို လွှတ်တော်က အတည်ပြု

ထို့နောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဦးမျိုးဝင်းက ကော်မတီ၏ အစီရင်ခံစာ (၄/၂၀၁၉)နှင့် (၆/၂၀၁၉)တို့ကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရာ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ သဘောထားရယူ၍ ယင်းအစီရင်ခံစာတို့ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် မှတ်တမ်းတင်ကြောင်း ကြေညာသည်။

**သတင်း - မော်စီ၊ အေးအေးသန့်**

# မှန်ပြောင်းအသုံးပြုခွဲစိတ်ကုသမှုကို မြန်မာ-ထိုင်း နှစ်နိုင်ငံမှ အထူးကုဆရာဝန်ကြီးများ ပူးပေါင်းဆောင်ရွက်

**နေပြည်တော် မေ ၁၆**

Laparoscopic-Endoscopic Surgery for ASEAN People Project အရ မြန်မာ-ထိုင်းနှစ်နိုင်ငံမှ အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုများ ပူးပေါင်း၍ မှန်ပြောင်းအသုံးပြု ခွဲစိတ်ကုသမှုကို နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင် - ၁၀၀၀)၌ ယမန်နေ့က စတင်ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင် ဒုတိယနေ့အဖြစ် ခွဲစိတ်ကုသမှုများကို ဆက်လက်ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ခွဲစိတ်ကုသမှုများတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Rajavithi ဆေးရုံကြီးမှ မှန်ပြောင်းအသုံးပြုခွဲစိတ်မှု အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုများ၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ နေပြည်တော် သားဖွားနှင့် မီးယပ်အထူးကုဆေးရုံကြီးနှင့် နေပြည်တော် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုများက မှန်ပြောင်းအသုံးပြု ရောဂါရှာဖွေစစ်ဆေးခြင်းနှင့် ခွဲစိတ်ကုသခြင်းများ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်သည်။




ဆေးရုံအုပ်ကြီး ဒေါက်တာပပ




Dr. Sa-ard Treepongkaruna



ပါမောက္ခ ဒေါက်တာမြမြအေး

နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ဆေးရုံအုပ်ကြီး ဒေါက်တာပပက “ခန္ဓာကိုယ်အတွင်း မှန်ပြောင်းထည့်ပြီး ခွဲစိတ်တဲ့အခါမှာ အပေါ်အသားစကို ခွဲရတဲ့ဧရိယာ နည်းသွားတယ်။ ဒါကြောင့် အနာကျက်လွယ်တယ်။ ခန္ဓာကိုယ်အတွင်းမှာလည်း အသေးစိတ်ကြည့်နိုင်တဲ့အတွက် တခြားခန္ဓာကိုယ်တွင်းက အစိတ်အပိုင်းတွေ၊ တစ်ရှူးတွေကို ထိခိုက်အနာတရဖြစ်တာ လျော့နည်းမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာတစ်ဝန်းမှာလည်း ဒီနည်းပညာတွေကို အသုံးပြုနေပါတယ်”ဟု ခန္ဓာကိုယ်တွင်း မှန်ပြောင်းထည့်၍ ခွဲစိတ်မှု နည်းပညာနှင့် ပတ်သက်၍ ပြောပြသည်။

ယခု ပူးပေါင်းဆောင်ရွက်မှုတွင် မြန်မာ-ထိုင်း အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုများအကြား မှန်ပြောင်း အသုံးပြုခွဲစိတ်ကုသမှုဆိုင်ရာ မေ့ဆေးပညာ၊ သူနာပြုစုမှုပညာနှင့် ခွဲစိတ်မှုပညာဆိုင်ရာ နောက်ဆုံးပေါ်နည်းပညာ အချက်အလက်များကို မျှဝေဖလှယ်မှုများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

“ဒီပူးပေါင်းဆောင်ရွက်မှုကို နောက်ဆုံးပေါ် ခေတ်မီနည်းပညာတွေကို သိရှိနားလည်စေဖို့၊ နှစ်နိုင်ငံ ဆေးပညာရှင်တွေအကြား နည်းပညာတွေ ပူးပေါင်းဖလှယ်ခြင်းဖြင့် အသိပညာတွေပိုမိုတိုးတက်စေဖို့၊ အတူတကွ ပူးပေါင်းခွဲစိတ်မှုတွေ ဆောင်ရွက်မှာဖြစ်တဲ့အတွက် နောက်ဆုံးပေါ် ခွဲစိတ်မှု နည်းပညာတွေကို လက်ထပ်သင်ကြားရရှိစေဖို့နဲ့ နှစ်နိုင်ငံအကြား ဆေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ခွဲစိတ်ကုသမှု အတွေ့အကြုံကောင်းတွေ ရရှိစေဖို့ စတဲ့အချက်တွေကို ရည်ရွယ်ပြုလုပ်တာ ဖြစ်ပါတယ်”ဟု ဒေါက်တာပပက ပြောသည်။

“အခု ပူးပေါင်းဆောင်ရွက်မှုက Laparoscopic-Endoscopic Surgery for ASEAN People Project အရ အာဆီယံနိုင်ငံတွေမှာ ရှိတဲ့ ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့အစီအစဉ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံက အထူးကုဆရာဝန်ကြီးတွေနဲ့ ပူးပေါင်းပြီး ခန္ဓာကိုယ်အတွင်း မှန်ပြောင်းထည့်ပြီး ခွဲစိတ်ကုသမှုကို ထိရောက်စွာ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”ဟု ထိုင်းနိုင်ငံ Rajavithi ပြည်သူ့ဆေးရုံကြီးမှ ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ခေါင်းဆောင် Dr. Sa-ard Treepongkaruna က ပြောသည်။

မြန်မာ-ထိုင်း သားဖွားမီးယပ် အထူးကုဆရာဝန်ကြီးများ ပူးပေါင်းခွဲစိတ်မှုများတွင် ဗိုက်ကိုမခွဲဘဲ အမျိုးသမီးများ၏ သဘာဝလမ်းကြောင်းမှတစ်ဆင့် သားအိမ်ထုတ်သည့် ခွဲစိတ်မှုပါဝင်မည်ဖြစ်ပြီး ယခု ပူးပေါင်းခွဲစိတ်မှုကြောင့် မျိုးဆက်သစ် ဆရာဝန်များအနေဖြင့် လုပ်ကိုင်နိုင်စွမ်းများ မြင့်တက်လာစေပြီး ကြိုးစားချင်စိတ်များ ဖြစ်ပေါ်လာစေမည် ဖြစ်ကြောင်း နေပြည်တော် သားဖွားမီးယပ်အထူးကုဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာမြမြအေးက ပြောသည်။

ဆက်လက်၍ ၎င်းက “ထိုင်း-မြန်မာ နှစ်နိုင်ငံ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီးတွေ ပူးပေါင်းပြီးတော့ အပေါ်အသားစကို တစ်လက်မ၊ တစ်လက်မခွဲလောက် အပေါက်သေးဖောက်ပြီး ခွဲစိတ်မှုကို ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ နေပြည်တော်ဆေးရုံကြီးမှာလည်း ဒီလိုခွဲစိတ်မှုတွေကို စတင်ဆောင်ရွက်နေပါပြီ။ အဆင့်မြင့်စက်ပစ္စည်းတွေကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပံ့ပိုးပေးပြီး ဖြစ်ပါတယ်။ နိုင်ငံတကာ အဆင့်မီ ခွဲစိတ်နိုင်တဲ့ ဆရာဝန်ကြီးတွေလည်း မြန်မာနိုင်ငံမှာ ရှိပါတယ်”ဟု ပြောသည်။

ထိုင်း-မြန်မာ နှစ်နိုင်ငံအထူးကုဆရာဝန်ကြီးများနှင့် သူနာပြုများ၏ ပူးပေါင်းဆောင်ရွက်မှုတွင် အထွေထွေခွဲစိတ်ရောဂါပညာဌာန၊ အရိုးရောဂါပညာဌာန၊ ဆီးနှင့် ကျောက်ကပ် ခွဲစိတ်ပညာဌာန၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ပညာဌာန၊ မျက်နှာ၊ မေးရိုးနှင့် ခံတွင်းခွဲစိတ်ပညာဌာန၊ မေ့ဆေးပညာဌာန၊ သားဖွားမီးယပ်ပညာဌာန၊ နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာ ပညာဌာနနှင့် သူနာပြုများ စသည့်နယ်ပယ်ကိုးခုပါဝင်ပြီး သက်ဆိုင်ရာ နယ်ပယ်အသီးသီး၌ နှစ်နိုင်ငံ အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုများက ဆွေးနွေးပွဲများပြုလုပ်၍ ပညာရပ်ဆိုင်ရာ ဆွေးနွေးခြင်းများနှင့် လက်တွေ့ခွဲစိတ်ကုသမှုများဖြင့် နည်းပညာဖလှယ်ခြင်းများကို ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသူဟိန်း၊ဓာတ်ပုံ- ထိန်နန်နော်**

# ကွမ်းခြံကုန်းမြို့နယ်တွင် မင်းသုဝဏ်ဖောင်ဒေးရှင်း မြေသန့်မင်္ဂလာနှင့် ဖိုးကြာဇံခန်းမအဆောက်အအုံပန္နက်တင်

**ရန်ကုန် မေ ၁၆**
ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာအုပ်စု ထန်းတောကျေးရွာတွင် ယနေ့နံနက်က မင်းသုဝဏ်ဖောင်ဒေးရှင်း ဆောက်လုပ်ရန်အတွက် မြေသန့်မင်္ဂလာအခမ်းအနားနှင့် ဖိုးကြာဇံခန်းမ အဆောက်အအုံဆောက်လုပ်ရန်အတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးထင်ကျော်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြေသန့်မင်္ဂလာအခမ်းအနားကို သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားနှင့် မြေသန့်ကမ္မဝါစာ ရွတ်ဖတ်တော်မူကြသည်။ ယင်းနောက် သံဃာတော်များအား နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးထင်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပန္နက်တင်မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်က ဖိုးကြာဇံခန်းမ နာမည်ရွေးချယ်ခဲ့ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က "ဒီဖောင်ဒေးရှင်းကြီးကို ကွမ်းခြံကုန်းမှာ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ကြိုးပမ်းဆောင်ရွက်မှုတွေဟာ ကွမ်းခြံကုန်းအတွက် တန်ဖိုးရှိတဲ့ ဂုဏ်ယူရမယ့် အခြေအနေတစ်ရပ် ဖြစ်ပါတယ်။ ကွမ်းခြံကုန်းမြို့ ဖွံ့ဖြိုးတိုးတက်မှုကို ပိုပြီးဆောင်ရွက်နိုင်ဖို့အတွက် မင်းသုဝဏ်ဖောင်ဒေးရှင်းရဲ့ ဆောင်ရွက်မှုဟာ အဓိကကျတဲ့ ကဏ္ဍတစ်ခုဖြစ်ပါတယ်။ မင်းသုဝဏ်ဖောင်ဒေးရှင်း ဖွံ့ဖြိုးတိုးတက်လာမှုနဲ့ ကွမ်းခြံကုန်းမြို့ ဖွံ့ဖြိုးတိုးတက်မှုဟာ တစ်ဆက်တစ်စပ်တည်းတည်ရှိနိုင်ဖို့အတွက် ရပ်ရွာဒေသခံပြည်သူများ ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါ"ဟု ပြောကြားသည်။ (**အပေါ်ပုံ**)



ယင်းနောက် မင်္ဂလာအချိန်တွင် နိုင်ငံတော်သမ္မတ(ငြိမ်း)၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ပန္နက်တင်မင်္ဂလာကျင်းပပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဝန်ကြီးများသည် ကွမ်းခြံကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ သွားရောက်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပေးပို့သော စာရင်းများအရ မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှုစာရင်း

| စဉ် | အကြောင်းအရာ | ၂၀၁၈ ဧပြီလထိ | ၂၀၁၉ ဧပြီလထိ | တိုးတက်မှု | ရာခိုင်နှုန်း | |
|---|---|---|---|---|---|---|
| ၁ | လေကြောင်းဖြင့်လာရောက်သူများ | ၄၇၁၁၁၅ | ၅၉၅၁၀၉ | ၁၂၃၉၉၄ | (+) | ၂၆ % |
| ၂ | အပျော်စီးသင်္ဘောဖြင့် ဝင်ရောက်သူများ | ၆၇၉၀ | ၅၈၃၁ | -၉၅၉ | (-) | ၁၄ % |
| ၃ | နယ်စပ်ဝင်ပေါက်မှ အတွင်းပိုင်းထိလာရောက်သူများ | ၁၈၈၈၇ | ၄၇၀၈၅ | ၂၈၁၉၈ | (+) | ၁၄၉ % |
| | **ဗီဇာဖြင့်လာရောက်သူပေါင်း** | ၄၉၆၇၉၂ | ၆၄၈၀၂၅ | ၁၅၁၂၃၃ | (+) | ၃၀ % |
| ၄ | နယ်စပ်တွင်ဝင်ရောက်သူများ | ၇၂၉၀၆၄ | ၈၅၄၃၇၉ | ၁၂၅၃၁၅ | (+) | ၁၇ % |
| | **စုစုပေါင်း** | ၁၂၂၅၈၅၆ | ၁၅၀၂၄၀၄ | ၂၇၆၅၄၈ | (+) | ၂၃ % |

## နိုင်ငံအလိုက် ခရီးသွားဝင်ရောက်မှု (နှိုင်းယှဉ်ဇယား)

| စဉ် | နိုင်ငံ | ၂၀၁၈(ဧပြီလ) | ၂၀၁၉(ဧပြီလ) | ခြားနားချက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| | **မြောက်အမေရိက** | **၃၁၁၇၉** | **၃၁၃၆၉** | **၁၉၀** | **၁ ရာခိုင်နှုန်း** |
| ၁ | အမေရိကန် | ၂၆၁၃၂ | ၂၆၅၉၅ | ၄၆၃ | ၂ ရာခိုင်နှုန်း |
| ၂ | ကနေဒါ | ၅၀၄၇ | ၄၇၇၄ | -၂၇၃ | -၅ ရာခိုင်နှုန်း |
| | **အခြားအမေရိက** | **၄၆၈၅** | **၄၃၁၆** | **-၃၆၉** | **-၈ ရာခိုင်နှုန်း** |
| | **အနောက်ဥရောပ** | **၇၈၄၅၃** | **၇၆၇၃၆** | **-၁၇၁၇** | **-၂ ရာခိုင်နှုန်း** |
| ၁ | ပြင်သစ် | ၂၀၆၁၃ | ၂၀၀၄၅ | -၅၆၈ | -၃ ရာခိုင်နှုန်း |
| ၂ | ယူကေ | ၁၆၂၂၄ | ၁၄၂၁၀ | -၂၀၁၄ | -၁၂ ရာခိုင်နှုန်း |
| ၃ | ဂျာမနီ | ၁၂၉၂၆ | ၁၂၆၇၅ | -၂၅၁ | -၂ ရာခိုင်နှုန်း |
| ၄ | အီတလီ | ၆၃၃၃ | ၈၀၅၆ | ၁၇၂၃ | ၂၇ ရာခိုင်နှုန်း |
| ၅ | ဆွစ်ဇာလန် | ၄၃၀၆ | ၃၉၂၂ | -၃၈၄ | -၉ ရာခိုင်နှုန်း |
| ၆ | နယ်သာလန် | ၃၆၉၅ | ၃၆၂၀ | -၇၄ | -၂ ရာခိုင်နှုန်း |
| ၇ | ဘယ်လ်ဂျီယံ | ၂၃၆၁ | ၂၁၈၈ | -၁၇၃ | -၇ ရာခိုင်နှုန်း |
| ၈ | သြစတြီးယား | ၁၅၁၅ | ၁၇၁၄ | ၁၉၉ | ၁၃ ရာခိုင်နှုန်း |
| ၉ | စပိန် | ၂၉၃၆ | ၃၃၆၅ | ၄၂၉ | ၁၅ ရာခိုင်နှုန်း |
| ၁၀ | အခြားနိုင်ငံများ | ၇၅၄၄ | ၆၉၄၀ | -၆၀၄ | -၈ ရာခိုင်နှုန်း |
| | **အရှေ့ဥရောပ** | **၈၀၄၅** | **၇၉၇၀** | **-၁၇၅** | **-၂ ရာခိုင်နှုန်း** |
| ၁ | ရုရှား | ၂၄၃၉ | ၂၀၉၉ | -၂၄၀ | -၁၀ ရာခိုင်နှုန်း |
| ၂ | အခြားနိုင်ငံများ | ၅၇၀၆ | ၅၇၇၁ | ၆၅ | ၁ ရာခိုင်နှုန်း |
| | **အာဖရိက** | **၁၄၈၉** | **၁၅၁၀** | **၂၁** | **၁ ရာခိုင်နှုန်း** |
| | **အရှေ့အလယ်ပိုင်း** | **၂၀၉၆** | **၂၂၈၉** | **၁၉၃** | **၉ ရာခိုင်နှုန်း** |
| | **အာရှ** | **၃၅၈၅၀၆** | **၅၁၂၄၃၅** | **၁၅၃၉၂၉** | **၄၃ ရာခိုင်နှုန်း** |
| ၁ | တရုတ် | ၉၀၄၆၈ | ၂၁၂၄၁၉ | ၁၂၁၉၅၁ | ၁၃၅ ရာခိုင်နှုန်း |
| ၂ | ထိုင်း | ၁၀၉၄၃၉ | ၉၇၁၁၆ | -၁၂၃၂၃ | -၁၁ ရာခိုင်နှုန်း |
| ၃ | ကိုရီးယား | ၂၃၈၉၇ | ၄၅၂၄၄ | ၂၁၃၄၇ | ၈၉ ရာခိုင်နှုန်း |
| ၄ | ဂျပန် | ၃၅၂၉၅ | ၄၃၇၀၈ | ၈၄၁၃ | ၂၄ ရာခိုင်နှုန်း |
| ၅ | စင်ကာပူ | ၁၈၆၁၄ | ၁၈၁၅၂ | -၄၆၂ | -၂ ရာခိုင်နှုန်း |
| ၆ | ဗီယက်နမ် | ၁၈၇၄၅ | ၁၇၉၈၀ | -၇၆၅ | -၄ ရာခိုင်နှုန်း |
| ၇ | အိန္ဒိယ | ၁၄၄၇၀ | ၁၆၀၂၀ | ၁၅၅၀ | ၁၁ ရာခိုင်နှုန်း |
| ၈ | မလေးရှား | ၁၆၅၆၉ | ၁၄၆၃၇ | -၁၉၃၂ | -၁၂ ရာခိုင်နှုန်း |
| ၉ | တရုတ်(တိုင်ပေ) | ၁၃၀၆၂ | ၁၃၈၀၃ | ၇၄၁ | ၆ ရာခိုင်နှုန်း |
| ၁၀ | ဟောင်ကောင် | ၇၈ | ၁၁၅၀၄ | ၁၁၄၂၆ | |
| ၁၁ | မကာအို | ၂ | ၉၆၂ | ၉၆၀ | |
| ၁၂ | ဖိလစ်ပိုင် | ၅၈၂၃ | ၆၀၃၀ | ၂၀၇ | ၄ ရာခိုင်နှုန်း |
| ၁၃ | အခြားနိုင်ငံများ | ၁၂၀၄၄ | ၁၄၈၆၀ | ၂၈၁၆ | ၂၃ ရာခိုင်နှုန်း |
| | **သမုဒ္ဒရာပိုင်းဒေသ** | **၁၂၂၃၉** | **၁၁၄၀၀** | **-၈၃၉** | **-၇ ရာခိုင်နှုန်း** |
| ၁ | သြစတြေးလျ | ၁၀၇၂၆ | ၉၉၅၀ | -၇၇၆ | -၇ ရာခိုင်နှုန်း |
| ၂ | နယူးဇီလန် | ၁၄၇၂ | ၁၃၉၄ | -၇၈ | -၅ ရာခိုင်နှုန်း |
| ၃ | အခြားနိုင်ငံများ | ၄၁ | ၅၆ | ၁၅ | ၃၇ ရာခိုင်နှုန်း |
| | **စုစုပေါင်း** | **၄၉၆၇၉၂** | **၆၄၈၀၂၅** | **၁၅၁၂၃၃** | **၃၀ ရာခိုင်နှုန်း** |

## သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်သူများ မန္တလေးမြို့အတွင်း ကွင်းဆင်းသတင်းရယူ



**မန္တလေး မေ ၁၆**
ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မန္တလေးတိုင်းဒေသကြီးရုံးတွင် သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ သတင်းလက်တွေ့ ရေးသားနိုင်ရေးအတွက် မေ ၁၆ ရက်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ မန္တလေးမြို့တော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများကို ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ် ဦးဝင်းရွှေ၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးတို့ ဦးဆောင်ကာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးသို့ သွားရောက်လေ့လာရာ မြို့တော်စည်ပင်ကော်မတီဝင် ဦးကျော်စန်းမြင့်(ဦးကျော်ရင်မြင့်)နှင့် မြို့တော်စည်ပင် ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာနခွဲဌာနမှူး ဦးတင်ထွန်းဦးတို့က မြို့တော်စည်ပင် အစည်းအဝေးခန်းမတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ မန္တလေးမြို့တော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားရာ လေ့လာသူများက သိရှိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ မန္တလေးမြို့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများအနက် ၇၃ လမ်း၊ ၃၅လမ်းနှင့် ဗောဓိပတ်လမ်းနိုင်လွန် ကတ္တရာထပ်ပိုးလွှာခင်းနေမှုနှင့် မန္တလေးမြို့မှ ပြင်ဦးလွင်အထွက်လမ်းတွင် လမ်းမီးတိုင်များစိုက်ထူနေမှုကို လက်တွေ့သွားရောက်လေ့လာပြီး သိရှိလိုသည်များကို မေးမြန်းရာ လမ်းတာဝန်ခံ ဦးစိန်အောင်မင်းနှင့် လမ်းမီးတိုင်များ တာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ ဒေါ်နန်းအိအိဖြိုးဝေတို့က ပြန်လည်ဖြေကြားခဲ့သည်။

**ထွန်းထွန်းနိုင်**

## ဘိန်းအစားထိုးသီးနှံ ပေးအပ်ပွဲကျင်းပ

**ဆဒုံး မေ ၁၆** - ကချင်ပြည်နယ် ဆဒုံးမြို့စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအတွက် ဘိန်းအစားထိုးသီးနှံပေးအပ်ပွဲကို မေ ၁၅ ရက်က စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းတွင် ကျင်းပရာ ဒုတိယဦးစီးမှူး ဦးသန်းနိုင်ဦးက ဘိန်းအစားထိုးသီးနှံများဖြစ်သည့် ပြောင်း၊ စပါးသီးနှံများ စိုက်ပျိုးနည်းများအကြောင်းကို ရှင်းလင်းပြီး ပြောင်းငါးကေအတွက် ၂၅ ကီလိုနှင့်စပါး ၄၅ ဧကအတွက် ၂၂၅ ကီလိုရှိ မျိုးစေ့များကို တောင်သူများအတွက် ဘိန်းအစားထိုးသီးနှံအဖြစ် ပေးအပ်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

### အခန်း (၁၄)
### စီမံခန့်ခွဲရေးဆိုင်ရာနည်းလမ်းအရ အရေးယူခြင်း

၃၈။ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆို ပုဒ်မ ၃၇ ပါ တာဝန်တစ်ရပ်ရပ်ကိုဖြစ်စေ၊ မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ထိုသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊
(ခ) သင့်လျော်သော ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊
(ဂ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊
(ဃ) မှတ်ပုံတင်လက်မှတ်ကို အပြီးအပိုင် ပယ်ဖျက်ခြင်း။

### အခန်း (၁၅)
### အယူခံဝင်ခြင်း

၃၉။ အလုပ်အမှုဆောင်အဖွဲ့၏ စီမံခန့်ခွဲရေးဆိုင်ရာနည်းလမ်းအရ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်ခြင်းခံရသူသည် ကျေနပ်မှုမရှိပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။

၄၀။ ပုဒ်မ ၃၉ အရ အယူခံလျှောက်ထားလာလျှင် ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့၏ စီမံခန့်ခွဲရေးဆိုင်ရာနည်းလမ်းအရ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုနိုင်သည်။

၄၁။ ပုဒ်မ ၄၀ အရ ချမှတ်သော ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

### အခန်း (၁၆)
### ရန်ပုံငွေထူထောင်ခြင်းနှင့် သုံးစွဲခြင်း

၄၂။ ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ပါ ရန်ပုံငွေများဖြင့် ရန်ပုံငွေတစ်ရပ် ထူထောင်နိုင်သည် -

(က) တာဝန်ခံဝန်ကြီးဌာနက ခွဲဝေချထားပေးသော ဘဏ္ဍာငွေကြေး၊
(ခ) မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေး၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ကြေးနှင့် ရက်လွန်ကြေး၊ ဒဏ်ကြေး၊ စာမေးပွဲကြေးနှင့် အခြားအထွေထွေဝန်ဆောင်မှုများမှ ကောက်ခံရရှိငွေများ၊
(ဂ) ပြည်တွင်း၊ ပြည်ပရှိ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကစေတနာရှင်များက ကောင်စီသို့ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ၊
(ဃ) ရန်ပုံငွေမှ တရားဝင် တိုးပွားငွေများ။

၄၃။ ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျဆောင်ရွက်ရမည်။

၄၄။ ကောင်စီသည် ကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့၊ ရုံးအဖွဲ့နှင့် လုပ်ငန်းကော်မတီတို့၏ ကုန်ကျစရိတ်များကို ကျခံရမည်။

၄၅။ ကောင်စီသည် မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ဆောင်ရွက်ရမည်။ မိမိပိုင်ရန်ပုံငွေဖြင့် လုံလောက်မှုမရှိပါက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တာဝန်ခံဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြတောင်းခံနိုင်သည်။

၄၆။ ရုံးခန်း၊ သင်တန်းခန်းမ၊ စာမေးပွဲခန်းမ၊ အစည်းအဝေးခန်းမနှင့် စာကြည့်တိုက် စသည်တို့ပါဝင်သည့် ကောင်စီရုံးအဆောက်အအုံအတွက်ဖြစ်စေ၊ နောင်တွင် ပေါ်ပေါက်လာမည့် နိုင်ငံတကာအဆင့်မီ ဘူမိသိပ္ပံပညာရပ်သင်တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများအတွက်ဖြစ်စေ လိုအပ်သောမြေနှင့် တည်ဆောက်မည့် အဆောက်အအုံတို့၏ ကုန်ကျစရိတ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ခွဲဝေထောက်ပံ့ပေးနိုင်ရန် တာဝန်ခံဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြတောင်းခံနိုင်သည်။

### အခန်း (၁၇)
### တားမြစ်ချက်များ

၄၇။ မည်သူမျှ ဤဥပဒေအရ ကောင်စီကထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးကို ရယူထားခြင်းမရှိဘဲ မည်သည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ လုပ်ငန်းကိစ္စရပ်ကိုမျှ တာဝန်ခံလုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။ အဆိုပါကိစ္စရပ်သည် အစိုးရဌာနများ၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် မသက်ဆိုင်စေရ။

၄၈။ ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ လုပ်ငန်းကိစ္စများ ဆောင်ရွက်နေသော ပုဂ္ဂလိကနှင့် အများပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဤဥပဒေအရ ကောင်စီကထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုး ရရှိထားခြင်းမရှိသော မည်သည့်ဘူမိသိပ္ပံပညာရှင်ကိုမျှ မိမိတို့၏ ဘူမိသိပ္ပံပညာရပ်ဆိုင်ရာလုပ်ငန်းများတွင် တာဝန်ခံအဖြစ် ခန့်အပ်တာဝန်ပေးခြင်း မပြုရ။

၄၉။ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆို -

(က) မိမိရရှိသည့် မှတ်ပုံတင်လက်မှတ်တွင် ခွင့်ပြုထားသည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ လုပ်ငန်းကိစ္စရပ်များထက် ပိုမိုကျော်လွန်လုပ်ဆောင်ခြင်း မပြုရ။
(ခ) မိမိအား ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းပေးခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်း မပြုရ။
(ဂ) သက်တမ်းကုန်ဆုံးနေသော မှတ်ပုံတင်လက်မှတ်ဖြင့် မည်သည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ လုပ်ငန်းကိစ္စရပ်များကိုမျှ ဆောင်ရွက်ခြင်း မပြုရ။
(ဃ) မှတ်ပုံတင်လက်မှတ်ဆိုင်ရာ သတ်မှတ်ကျင့်ဝတ်နှင့် စည်းကမ်းများကို ဖောက်ဖျက်ခြင်း မပြုရ။

၅၀။ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆို မိမိရရှိသည့် အဆင့်အတန်းနှင့် မလျော်ညီ မသက်ဆိုင်သော အခေါ်အဝေါ် စကားရပ်များကို မိမိ၏ အမည်နှင့်ယှဉ်တွဲ၍ သုံးနှုန်းခြင်း မပြုရ။

၅၁။ ကောင်စီက စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရ ရုပ်သိမ်း၊ ပယ်ဖျက်ခြင်း ခံရသည့် မှတ်ပုံတင်လက်မှတ်ကို ရုပ်သိမ်း၊ ပယ်ဖျက်ကြောင်း ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်း မရှိစေရ။

### အခန်း (၁၈)
### ပြစ်ဒဏ်များ

၅၂။ မည်သူမဆို ပုဒ်မ ၄၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၅၃။ မည်သူမဆို ပုဒ်မ ၄၈ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ရမည်။

၅၄။ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆို ပုဒ်မ ၄၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သိန်း ၃၀ ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၅၅။ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆို ပုဒ်မ ၅၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၅၆။ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆို ပုဒ်မ ၅၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

### အခန်း (၁၉)
### အထွေထွေ

၅၇။ ဤဥပဒေမပြဋ္ဌာန်းမီက ပြည်တွင်း၊ ပြည်ပ အစိုးရအသိအမှတ် ပြုတက္ကသိုလ်၊ ကောလိပ်တစ်ခုခုက အပ်နှင်းသည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာဘွဲ့ရရှိထားသူ သို့မဟုတ် ဘွဲ့ရရှိပြီး အစိုးရ သို့မဟုတ် အစိုးရမဟုတ်သော လုပ်ငန်းအဖွဲ့အစည်းတစ်ရပ်ရပ်တွင် ဝန်ထမ်းအဖြစ်လည်းကောင်း၊ တစ်သီးပုဂ္ဂလအဖြစ်လည်းကောင်း၊ ဘူမိသိပ္ပံပညာရှင်အဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့ဖူးသူ သို့မဟုတ် လက်ရှိလုပ်ကိုင်ဆောင်ရွက်နေဆဲ နိုင်ငံသားများ၊ ပြည်တွင်းတွင် လုပ်ကိုင်နေသူ နိုင်ငံခြားသားများက မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးကို လျှောက်ထားလာပါက ဤဥပဒေနှင့်အညီ စိစစ်ပြီး လျှောက်ထားသူ၏ အရည်အချင်းနှင့်ကိုက်ညီသည့် မှတ်ပုံတင်လက်မှတ်ကို ကောင်စီက ထုတ်ပေးနိုင်သည်။

၅၈။ လက်ရှိ တာဝန်ထမ်းဆောင်နေဆဲ နိုင်ငံ့ဝန်ထမ်း ဘူမိသိပ္ပံပညာရှင်များသည် မိမိ၏ အရည်အချင်းနှင့် လျော်ညီသည့် မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးကို မိမိသဘောဆန္ဒအလျောက် ရယူလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

၅၉။ ကောင်စီသည် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်နှင့် ကောင်စီပိုင် တံဆိပ်တစ်ခုရှိသော တရားဝင်ရပ်တည်သည့် အဖွဲ့ဖြစ်သည်။ ကောင်စီသည် တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခံပိုင်ခွင့် ရှိသည်။

၆၀။ ဤဥပဒေအရပေးအပ်သော လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဆောင်ရွက်မှုအတွက် ကောင်စီဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရုံးအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ကောင်စီကတာဝန်ပေးအပ်သည့် ပြင်ပပုဂ္ဂိုလ်များကို တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ တရားစွဲဆိုခွင့် မရှိစေရ။

၆၁။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်ပါက တာဝန်ခံဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

၆၂။ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရုံးအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ကောင်စီက ခန့်အပ်တာဝန်ပေးသည့် ပြင်ပပုဂ္ဂိုလ်များသည် ဤဥပဒေအရ လုပ်ငန်းတာဝန်ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၆၃။ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆို ဤဥပဒေပါ ပြစ်ဒဏ်တစ်မျိုးမျိုး ချမှတ်ခြင်း ခံရပါက ကောင်စီသည် ထိုသူအား ထုတ်ပေးထားသည့် မှတ်ပုံတင်လက်မှတ်ကို နှစ်အကန့်အသတ်ဖြင့် ပိတ်သိမ်းနိုင်သည်။

၆၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် -

(က) တာဝန်ခံဝန်ကြီးဌာနသည် ကောင်စီနှင့် ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သောနည်းဥပဒေများ၊ အမိန့်များနှင့် စည်းမျဉ်း စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။
(ခ) တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ကောင်စီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

## ယာဉ်အန္တရာယ်ကင်းရှင်းရန် လူကူးခုံးကျော်တံတားပေါ်မှ ဖြတ်သန်းသွားလာနိုင်ရေး မြို့နယ်ခြောက်မြို့နယ်၌ စတင်ဆောင်ရွက်

**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့တွင်း ခြောက်မြို့နယ်၌ နေ့စဉ်ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရန် လူကူးခုံးကျော်တံတားများ တည်ဆောက်ထားပြီးဖြစ်ရာ ယမန်နေ့က ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက လူကူးခုံးကျော်တံတားအောက်မှ စည်းကမ်းမဲ့ဖြတ်သန်းသွားလာမှုကင်းဝေးစေရန် စတင်ဆောင်ရွက်လျက်ရှိသည်။

လူကူးခုံးကျော်တံတားများနှင့် လူကူးမျဉ်းကြားမှဖြတ်သန်းရန် ဆောင်ရွက်ပေးထားပြီးဖြစ်ရာ သက်ကြီးရွယ်အိုများ လူကူးခုံးကျော်တံတားများပေါ်မှ သွားလာနိုင်မှုမရှိပါက ခုံးကျော်တံတားအနီးရှိ လူကူးမျဉ်းကြားတွင် တာဝန်ချထားသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်က လိုက်ပါပို့ဆောင်ရန် စီမံဆောင်ရွက်ထားကြောင်း သိရသည်။

"လူကူးခုံးကျော် တံတားပေါ်က သွားရတာ အန္တရာယ်ကင်းပါတယ်။ ဆူးလေခုံးကျော်တံတားမှာ နေ့စဉ်ဖြတ်သန်းမှုများတာကြောင့် လူငယ်တွေအတွက် အခက်အခဲမရှိပေမယ့် သက်ကြီးရွယ်အိုနဲ့ ကလေးတွေအတွက် ဗဟန်းသုံးလမ်းလို စက်လှေကားတပ်ဆင်ပေးနိုင်ရင် ပိုအဆင်ပြေနိုင်မယ်။ အောက်မှာ ယာဉ်ဖြတ်သန်းမှုများတဲ့အတွက် စက်လှေကားနဲ့ဆိုရင် မြို့လယ်ကောင်သွားလာရေး ပိုပြီးအဆင်ပြေသလို မြို့ပြအလှနဲ့လည်းလိုက်မယ်လို့ မြင်ပါတယ်" ဟု ဗဟန်းမြို့နယ် ငါးထပ်ကြီးမှ ကိုဟိန်းထက်ဆိုင်က ပြောသည်။

ဆူးလေလူကူးခုံးကျော်တံတားသည် လူဖြတ်သန်းသွားလာမှုများသော နေရာတစ်ခုဖြစ်ပြီး နိုင်ငံခြားသားများလည်း သွားလာကြလျက်ရှိရာ လူကူးခုံးကျော်တံတားအောက်မှ ခရီးသွားပြည်သူအချို့နှင့်အတူ နိုင်ငံခြားသားအချို့လည်း ဖြတ်ကူးလျက်ရှိ၍ လူကူးခုံးကျော်တံတားအနီးတွင် အသိပေးဆိုင်းဘုတ်များ စိုက်ထူရာတွင် အင်္ဂလိပ်ဘာသာဖြင့်လည်း အသိပေးကြော်ငြာရန်နှင့် အပူဒဏ်နှင့် မိုးရာသီတွင် လူကူးခုံးကျော်တံတားပေါ်မှ ဖြတ်သန်းသွားလာမှု အဆင်ပြေစေရန် လှေကားပေါင်းမိုးတပ်ဆင်ရန် လိုအပ်ကြောင်း ခရီးသွားအချို့က အကြံပြုထားကြောင်း သိရသည်။

စည်းကမ်းမဲ့ လမ်းဖြတ်ကူးပါက ၂၀၁၅ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ရာ ငွေကျပ် သုံးသောင်းအထိ ဒဏ်ငွေပေးဆောင်ရမည်ဖြစ်သည်။ တစ်ကမ္ဘာလုံးတွင် ယာဉ်မတော်တဆမှုဖြင့် သေဆုံးမှုမှာ နှစ်စဉ် ၁ ဒသမ ၄ သန်းခန့်ရှိ၍ ယာဉ်ထိခိုက်မှုကြောင့် ဒဏ်ရာရမှု သန်း ၂၀ မှ သန်း ၅၀ ခန့်ရှိကြောင်း WHO ၏ မှတ်တမ်းအရ သိရပြီး ယနေ့တွင် ရန်ကုန်မြို့တွင်း ခြောက်မြောက်မြို့နယ်ရှိ လူကူးခုံးကျော်တံတားပေါ်မှ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးကို လိုက်နာကြရန် သက်ဆိုင်ရာမြို့နယ်များမှ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



လူကူးခုံးကျော်တံတားပေါ်မှ ဖြတ်သန်းသွားလာနေကြသော ပြည်သူများကို တွေ့ရစဉ်။

**သတင်း- သန်းထိုက်**
**ဓာတ်ပုံ- သန်းစိုး**

# ဂျပန်နိုင်ငံ Lion Club အဖွဲ့မှ ဖလင်ပိဋကတ်တိုက်သို့ ရုပ်ရှင်ဖလင်ဘူးများလှူဒါန်း

**ရန်ကုန် မေ ၁၆**

Save Myanmar Film အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးတို့ ပူးပေါင်း၍ ဂျပန်နိုင်ငံ Lion Club အဖွဲ့မှ ဖလင်ပိဋကတ်တိုက်သို့ ရုပ်ရှင်ဖလင်ဘူးများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ ကျင်းပသည်။

အခမ်းအနားတွင် ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံမှူးကြီး Ms. Tomoko Yoshihiro တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ဂျပန်နိုင်ငံမှ Tokyo Bunka Lions Club အဖွဲ့ဝင် Mr. Yoji Sugitani က ဖလင်ဘူး ၁၁၀၊ Kawasaki West Rotary Club, Kitayama House Industry Inc မှ Mr. Shinichi Tanaka က ဖလင်ဘူး ၇၀၊ Kawasaki West Rotary Club, Sano Block Industry Inc မှ Mr. Kazuhito Sano က ဖလင်ဘူး ၂၀၊ Mr. Yuho Sano က ဖလင် ၁၀ ဘူး တို့ကို ပေးအပ်လှူဒါန်းကြရာ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်နှင့် Save Myanmar Film မှ Project Director ဦးဥက္ကာတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ အခမ်းအနားတွင် အေဝမ်းဖလင်မှ ဦးတိုးကလည်း အဖြူ အမည်း ရုပ်ရှင်ဇာတ်ကားတစ်ကားကို လှူဒါန်းခဲ့သည်။

ဂျပန်နိုင်ငံ Lion Club အဖွဲ့မှ ယနေ့လှူဒါန်းသည့် ရုပ်ရှင်ဖလင်ဘူး ၂၁၀ မှာ ဂျပန်ယန်း ၃ သိန်းတန်ဖိုးရှိကြောင်း သိရသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အနေဖြင့် ဖလင်ပိဋကတ်တိုက်ကို ၁၉၈၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ဖလင်ပိဋကတ်တိုက်တွင် သတင်းမှတ်တမ်းများ၊ ရုပ်ရှင်ဇာတ်ကားများ ထိန်းသိမ်းထားရှိကာ ၁၆ မီလီမီတာ ဖလင်ကိုးခု၊ အဖြူ အမည်းဇာတ်ကား ၁၁ ကား၊ ဆေးရောင်စုံ ၁၂၇ ကား၊ ဖလင်များအပြင် ဓာတ်ပြား (အသံ) ၂၂ ခု၊ သတင်းကား ၂၉၄ ပိုင်းကို ထိန်းသိမ်းထားကြောင်း သိရသည်။



ဂျပန်နိုင်ငံ Lion Club အဖွဲ့မှ ဖလင်ပိဋကတ်တိုက်သို့ ရုပ်ရှင်ဖလင်ဘူးများ လှူဒါန်းပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်စဉ်။ သတင်းစဉ်

**သတင်းစဉ်**

# လှိုင်ကော်မြို့နယ်ရှိ ကျေးရွာများတွင် ဖင်လန်နိုင်ငံ ကြက်ခြေနီအသင်းမှ သတင်းမှတ်တမ်းရိုက်ကူး



ဖင်လန်နိုင်ငံ ကြက်ခြေနီအသင်းမှ ရိုက်ကူးရေးအဖွဲ့ ဘုရားနီကျေးရွာရှိ ဒေသခံများ နေထိုင်ချက်ပြုတ်နေမှုကို သတင်းမှတ်တမ်း ရိုက်ကူးနေစဉ်။

**နေပြည်တော် မေ ၁၆**

ဖင်လန်နိုင်ငံ ကြက်ခြေနီအသင်းမှ ရိုက်ကူးရေးအဖွဲ့ဝင် လေးဦးသည် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ပူးပေါင်းပြီး ယနေ့တွင် လှိုင်ကော်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ "ဘေးဒဏ်ကြံ့ခံနိုင်စွမ်း မြင့်မားရေးစီမံချက်"ပါ လုပ်ငန်းများကို သတင်းမှတ်တမ်း ရိုက်ကူးသည်။

အဆိုပါအဖွဲ့သည် ဘုရားနီကျေးရွာတွင် ထောက်ပံ့ပေးထားသော ရေစစ်မြေအိုး၊ ဆေးစိမ်ခြင်ထောင်၊ ယင်လုံအိမ်သာပုံစံခွက်နှင့် လည်ရှည်ဖိနပ် အသုံးပြုပုံများကို လည်းကောင်း၊ အရင်းမပျက် မတည်ငွေကျပ် ၁၀ သိန်းကို အကျိုးရှိစွာ အသုံးပြုပုံကိုလည်းကောင်း တွေ့ဆုံမေးမြန်းခြင်း၊ လှည့်လည်ရိုက်ကူးခြင်းများ ပြုလုပ်ခြင်းဖြစ်သည်။

ထို့ပြင် အရင်းမပျက် မတည်ငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျန်းမာရေးဆိုင်ရာ ချေးငွေထုတ်ပေးမှု၊ ထောက်ပံ့ပေးထားသည့် ပစ္စည်းများ အသုံးပြုမှုများကို ဘုရားနီကျေးရွာအပြင် ကန်နီနှင့် လယ်ထွယ်ကျေးရွာတို့သို့လည်း မေ ၁၂ ရက်မှ ၂၀ ရက်အထိ သွားရောက်ရိုက်ကူးမည်ဖြစ်ကြောင်း၊ ရပ်ရွာလူထုအနေဖြင့် ဘေးဒဏ်ကြံ့ခံနိုင်စွမ်း မြင့်မားရေးစီမံချက်ပါအတိုင်း လုပ်ဆောင်နေမှုများကို "Red Nose Day Campaign" အမည်ဖြင့် သတင်းမှတ်တမ်းရိုက်ကူးခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၄)ကြိမ်မြောက် သုတစွယ်စုံစာပေဆု ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် မေ ၁၆**

စွယ်စုံမီဒီယာဂရု(ပ်) (Swe Sone Media Group) ၏ သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်မည့် (၁၄)ကြိမ်မြောက် သုတစွယ်စုံစာပေဆုအတွက် ဆုရရှိသူများစာရင်းကို ဆုရွေးချယ်ရေးအဖွဲ့က ယနေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဆုရရှိသူများမှာ သုတစွယ်စုံတစ်သက်တာ စာပေဆုအတွက် ဒေါက်တာခင်အေး (ဆရာ မောင်ခင်မင်-ဓနုဖြူ)၊ စာပဒေသာ ဘာသာရပ်အတွက် ဒေါက်တာအောင်ကြီး၏ "ကဗျာလူ စာလူ အရပ်ဝတ်အင်္ကျီနဲ့လူ"၊ လူမှုစီးပွားဘာသာရပ်အတွက် စိန်လင်း (ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၏ "ခေါင်းဆောင်မှုအနုပညာ"၊ လူငယ်စာပေ ဘာသာရပ်အတွက် လင်္ကာရည်ကျော်၏ "သားသို့..."၊ ဝိဇ္ဇာဘာသာရပ်အတွက် နွယ်ဦးလှိုင်၏ "မဇ္ဈိမပြတိုက်"၊ သုတသိပ္ပံဘာသာရပ်အတွက် ဒေါက်တာခင်မောင်လွင်၏ "လိုအပ်နေသောရေ ဥပဒေ"နှင့် အသုံးချသိပ္ပံဘာသာရပ်အတွက် မီးအိမ်ရှင် ဒေါက်တာနိုက်တင်ဂေးလ်၏ "အသက်ကြီးသော်လည်း မပျက်စီးသေးသူများနှင့် ကျန်းမာရေးအသိပညာပေးဆောင်းပါးများ"တို့ ဖြစ်ကြသည်။

အထက်ပါဆုများကို တစ်သက်တာ စာပေဆုအတွက် ငွေကျပ် သိန်း ၂၀ နှင့် စာအုပ်ဆုများအတွက် စာရေးဆရာတစ်ဦးလျှင် ငွေကျပ် ၁၅ သိန်းစီ ချီးမြှင့်မည်ဖြစ်သည်။

သုတစွယ်စုံစာပေဆုကို ၂၀၀၆ ခုနှစ်မှ စတင်၍ နှစ်စဉ်ချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် (၁၄)ကြိမ်မြောက် ချီးမြှင့်ခြင်းဖြစ်ကာ ၂၀၁၇ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များမှ ရွေးချယ်ခြင်းဖြစ်သည်။ စုစုပေါင်း ၁၂ ဆု ချီးမြှင့်ရန် လျာထားသော်လည်း ယခုနှစ်အတွက် နိုင်ငံရေးစာပေ၊ နိုင်ငံတကာရေးရာ၊ ဘာသာပြန်စာပေ၊ အတ္ထုပ္ပတ္တိစာပေနှင့် ရည်ညွှန်းစာပေဘာသာရပ်များအတွက် ဆုချီးမြှင့်နိုင်ခြင်းမရှိ၍ ဆု ၇ ဆုသာ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့တွင် ယခုနှစ် ဇွန်လ၌ ကျင်းပရန် စီစဉ်ထားပြီး ဆုချီးမြှင့်မည့် ရက်၊ အချိန်နှင့် နေရာကို ဆက်လက်အသိပေးကြေညာမည်ဖြစ်ကာ ဆုရရှိသူများသည် စွယ်စုံမီဒီယာဂရု(ပ်) ဖုန်း -၀၁ ၃၈၅၂၉၃၊ ၈၃၉၂၇၃၉ နှင့် ၃၇၄၄၀၀ သို့ အမြန်ဆက်သွယ်သတင်းပို့ကြပါရန် အကြောင်းကြားထားကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းဆိုင်ရာ ချေးငွေများရယူနိုင်ကြောင်း တောင်သူများနှင့် လုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာ့စီးပွားရေးဘဏ်နှင့် ပေါင်းစပ်ညှိနှိုင်း၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးချေးငွေများကို တောင်သူလယ်သမားများအပါအဝင် လုပ်ငန်းရှင်များသို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသော စီးပွားရေးလုပ်ငန်းများ အတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိစေရန် ၂၀၁၈ ခုနှစ်၊ ဧပြီလမှစ၍ ထုတ်ချေးပေးလျက်ရှိပါသည်။

ချေးငွေအား နှစ်တိုချေးငွေ ၃ နှစ်၊ နှစ်ရှည်ချေးငွေ ၅ နှစ်သတ်မှတ်ပြီး နှစ်တိုချေးငွေအတွက် ကျပ်သိန်း(၅၀၀)အထိ၊ နှစ်ရှည်ချေးငွေအတွက် ကျပ်သိန်း(၅၀၀၀)အထိ ထုတ်ချေးပေးလျက်ရှိပါသည်။ အတိုးနှုန်းမှာတစ်နှစ်လျှင် ၉ ရာခိုင်နှုန်းဖြစ်ပြီး ငွေချေးယူသူ၏ ငွေချေးယူမှုရာဇဝင်၊ ပိုင်ဆိုင်မှု၊ လုပ်ငန်းသဘာဝနှင့် လုပ်ငန်းပမာဏ၊ ဝင်ငွေပြန်လည်ရရှိမှု၊ အာမခံတင်သွင်းနိုင်မှုတို့အပေါ် စိစစ်၍ ချေးငွေသက်တမ်း၊ ဆိုင်းငံ့ကာလနှင့် ချေးငွေပမာဏကို သတ်မှတ်ထုတ်ချေးပေးလျက်ရှိပါသည်။ ၂၀၁၉ ခုနှစ်၊ ဧပြီလကုန်ထိ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာချေးငွေကို မြို့နယ်ပေါင်း (၉၆)ခုတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူ ၆၈၀ ဦးသို့ ငွေကျပ် ၆၃၂၆ သန်းကျော် ထုတ်ချေးထားပြီး ဖြစ်ပါသည်။

ချေးငွေအတွက် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)မူရင်း၊ မွေးမြူရေးလုပ်ငန်း (သို့မဟုတ်) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသောလုပ်ငန်းများဖြစ်ပါက လန (၃၉)၊ ပုံစံ (၁၀၅)၊ (၁၀၆) မူရင်းနှင့် ငွေချေးယူလိုသူနှင့် ပူးတွဲအာမခံသူ (၂)ဦး၏ ရွှေ့ပြောင်းနိုင်သော၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အာမခံအဖြစ် တင်သွင်းရမည်ဖြစ်ပါသည်။ ချေးငွေအတွက် အာမခံပစ္စည်း လုံလောက်စွာမပေးနိုင်ပါက မြန်မာ့အာမခံလုပ်ငန်းနှင့် ဆက်သွယ်၍ ချေးငွေအာမခံစနစ် (Credit Gurantee Insurance) ဖြင့် လျှောက်ထားနိုင်ပါသည်။ ကျပ်သိန်း(၂၀၀)ထက်ပိုသော ချေးငွေဖြစ်ပါက မီးအာမခံ၊ ဘဏ်ရှေ့နေနှင့် ဘဏ်ရာဖြတ် အစီရင်ခံစာတို့ကို ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။

ချေးငွေရယူလိုသူများသည် ၎င်း၏အမြဲတမ်းနေထိုင်ရာမြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲသို့မဟုတ် နီးစပ်ရာဘဏ်ခွဲတွင် စုံစမ်း၍ ချေးငွေများအား လျှောက်ထားနိုင်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)၊ အမှတ် ၂၆/ ၄၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၁ ၃၉၁၂၃၅၊ Fax - ၀၁ ၃၈၁၇၀၃ တို့တွင်လည်း စုံစမ်းနိုင်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

# အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲ ယှဉ်ပြိုင်ရန် အာဆီယံနိုင်ငံများမှ အားကစားသမားများ ရောက်ရှိ

**ရန်ကုန် မေ ၁၆**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပမည့် (၁၆)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အာဆီယံနိုင်ငံများမှ အုပ်ချုပ်သူ၊ နည်းပြ၊ ဒိုင်၊ အားကစားသမားများသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့သို့ ရောက်ရှိလာကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ ရောက်ရှိလာသော အာဆီယံနိုင်ငံများတွင် ထိုင်းမှ အုပ်ချုပ်သူ၊ နည်းပြ၊ ဒိုင်၊ အားကစားသမား ၄၄ ဦး၊ ဗီယက်နမ်မှ ၃၁ ဦး၊ လာအိုမှ ရှစ်ဦး၊ မလေးရှားမှ ၁၁ ဦး၊ အင်ဒိုနီးရှားမှ ငါးဦး၊ ဖိလစ်ပိုင်မှ လေးဦး၊ ဘရူနိုင်းမှ လေးဦး၊ ကမ္ဘောဒီးယားမှ နှစ်ဦး၊ စင်ကာပူနိုင်ငံမှ ၁၃ ဦး စုစုပေါင်း ၁၈၂ ဦးတို့ ရောက်ရှိလာရာ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်ဦးနှင့် ကျန်းမာရေးပြန်ကြားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီး ဦးနေလင်းက "ကမ္ဘာ့အဆင့်ပြိုင်ပွဲနဲ့ အရှေ့တောင်အာရှအဆင့် ကာယဗလ ပြိုင်ပွဲတွေကို ကျွန်တော်တို့နိုင်ငံက အိမ်ရှင်အဖြစ်နဲ့ အရင်တုန်းကလည်း ကျင်းပခဲ့တယ်။ အခုပြိုင်ပွဲမှာတော့ ထူးခြားမှုအနေနဲ့ အမျိုးသားနဲ့ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲအပြင် အမျိုးသား တစ်ဦးချင်းနဲ့ အမျိုးသမီးတစ်ဦးချင်း



အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။ ဓာတ်ပုံ-အေးကေလင်း

ပြိုင်ပွဲအမျိုးအစားတွေလည်း ပိုများလာပါတယ်"ဟု ပြောသည်။

ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ၂၂ မျိုးနှင့် ၂၀၁၉ ခုနှစ် အရှေ့တောင်အာရှ ကာယဗလမောင်တံခွန်စိုက်ဆု ( Mr. South East Asia 2019 ) တို့ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ယခုပြိုင်ပွဲသည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ပြိုင်ပွဲများအနက် ထူးခြားမှုအနေဖြင့် အမျိုးသမီး ကာယကြံ့ခိုင်မှု ပြိုင်ပွဲများဖြစ်သော Women's Model Physique ၊ Women's Athletic Physique ၊ Women's Fitness Physique ပြိုင်ပွဲများနှင့် အမျိုးသားကာယကြံ့ခိုင်မှု ပြိုင်ပွဲများဖြစ်သော Men's Sport Physique၊ Men's Athletic Physique ၊ Men's Fitness Physique ပြိုင်ပွဲများနှင့် အမျိုးသားနှင့် အမျိုးသမီး စုံတွဲယှဉ်ပြိုင်ရသော Mixed Pairs ပြိုင်ပွဲများကို ထည့်သွင်းကျင်းပခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် (WBPF)၊ အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်(ABBF)၊ အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် (SEABPF) တို့က ပြိုင်ပွဲအား ကြီးကြပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစား အဖွဲ့ချုပ်မှ သိရသည်။

(၁၅)ကြိမ်မြောက် အရှေ့တောင် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ၂၀၁၈ ခုနှစ် ဇွန်လတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံမှ အားကစားသမား အမျိုးသား ငါးဦးနှင့် အမျိုးသမီး သုံးဦး စုစုပေါင်း ရှစ်ဦး သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် နှစ်ခုနှင့် ငွေတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲ၌ အိမ်ရှင် မြန်မာက အားကစားသမား ၄၆ ဦး ပါဝင်ပြီး ကီလိုတန်း ၂၂ တန်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ဆုတံဆိပ်အများဆုံးရရှိရန် မျှော်မှန်းထားသည်။ အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစား ပြိုင်ပွဲကို မေ ၁၈ ရက်မှ ၁၉ ရက်အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ နံနက် ၉ နာရီမှ စတင်ကျင်းပမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)၊ ဇော်ကြီး**

---

*ကျောဖုံးမှ*

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာ ယူ-၂၂ အသင်းသည် ပိုဟန်စတီးလားစ်အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သော်လည်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်တက်ရောက်သည့် ကလပ်အသင်းများမှ ကစားသမားများကို ပြန်လည်စေလွှတ်ရမည်ဖြစ်သောကြောင့် ယူ-၁၈ အသင်းမှ ကစားသမားများဖြင့် ပေါင်းစပ်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယင်းခြေစမ်းပွဲကို ကွင်းဝင်ကြေးအခမဲ့ သတ်မှတ်ထားပြီး ကိုရီးယားရိုးရာအကများအပါအဝင် ဖျော်ဖြေရေးအစီအစဉ်များ၊ ကံစမ်းမဲအစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။ ယင်းခြေစမ်းပွဲနှစ်ပွဲ စလုံးကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ညနေ ၅ နာရီတွင် စတင်ကျင်းပမည် ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ဇွန် ၇ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဗီယက်နမ် ယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲအပါအဝင် ယခုခြေစမ်းပွဲအတွက် မေ ၂၀ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်ပြီး ကစားသမား ၂၅ ဦး ရွေးချယ်ထားသည်။ မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများမှာမူ ခြေစမ်းပွဲကစားမည့်ကာလတွင် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ကစားရမည်ဖြစ်သောကြောင့် ကွာတားဖိုင်နယ်တက်ရောက်ထားသည့် ရှစ်သင်းမှာ လာရောက်လျှောက်ထားခြင်းမရှိခြင်းဖြစ်သည်။ ရှေ့ဝတီအသင်းသည် MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့အတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**အိုင်းယက်စ်အသင်း နယ်သာလန်အမှတ်ပေးဖလားအား ဆွတ်ခူး**

မေ ၁၆ ရက်နံနက်ပိုင်း၌ နယ်သာလန်ရာသီပိတ်ပွဲစဉ်တွင် အိုင်းယက်စ်အသင်းသည် ဂရက်ဖ်ရှက်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ၂၀၁၄ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ် လိဂ်ချန်ပီယံဆုဖလားကြီးကို ကိုင်မြှောက်ခွင့်ရရှိခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**ဆန်းချက်ဇ်အား ခေါ်ယူနိုင်ရန် ဂျူဗင်တပ်စ်အသင်း မန်ယူအသင်းနှင့် ဆွေးနွေး**

ဂျူဗင်တပ်စ်အသင်းသည် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ရန် ချိတ်ဆက်ခြင်းခံနေရသော ချီလီတိုက်စစ်မှူး ဆန်းချက်ဇ် (၃၀နှစ်) အား ခေါ်ယူနိုင်ရန်အတွက် မန်ယူအသင်းနှင့် စတင်ဆွေးနွေးမှုများ ပြုလုပ်လိုက်ကြောင်း အင်ဒီးပင်းဒန့်၏ ဖော်ပြချက်အရ သိရသည်။

**မန်ယူအသင်း ဝမ်ဘစ်ဆာကာနှင့် ဗန် အန်းဟော့တို့အား ခေါ်ယူရန် ချိန်ရွယ်**

မန်ယူအသင်းသည် ခရစ္စတဲလ်ပဲလေ့စ် ခံစစ်ကစားသမားနှစ်ဦးဖြစ်သော အင်္ဂလန်ကစားသမား ဝမ်ဘစ်ဆာကာ (၂၁ နှစ်) နှင့် နယ်သာလန်ကစားသမား ဗန်အန်းဟော့ (၂၈ နှစ်) တို့အား ပေါင်သန်း ၅၀ ဖြင့် ခေါ်ယူရန် ချိန်ရွယ်နေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**ဂျူဗင်တပ်စ်အသင်းထံသို့ ပြန်လည်ပို့ဆောင်သွားဖွယ်ရှိနေသည့် ဟီဂူအင်**

ချယ်လ်ဆီးအသင်းသည် ဟီဂူအင် (၃၁နှစ်) ၏ အငှားစာချုပ်အား သက်တမ်းတိုးသွားရန် ဆန္ဒမရှိဘဲ ယူရိုပါလိဂ်ဗိုလ်လုပွဲပြီးဆုံးပါက ဂျူဗင်တပ်စ်အသင်းထံသို့ ပြန်လည်ပို့ဆောင်သွားဖွယ်ရှိကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

**အောင်ဇော်**

---

◆ *ကျောဖုံးမှ*

စစ်ကိုင်းအသင်း၊ သုဝဏ္ဏကွင်း၌ Southern အသင်းနှင့် လက်ရှိချန်ပီယံ ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ကွာတားဖိုင်နယ်တက်ရောက်လာသည့် အသင်းများအနက် ရန်ကုန်အသင်းမှလွဲ၍ ကျန်အသင်းများမှာ ဒုတိယအဆင့်တွင် နိုင်ပွဲရယူပြီး တက်ရောက်လာခြင်းဖြစ်ကာ ပထမအဆင့်မှ တက်ရောက်လာသည့် အသင်းများမှာမူ ဒုတိယအဆင့်မှ ထွက်ခဲ့ရသည်။ ရှုံးထွက်ပြိုင်ပွဲတွင် ဗိုလ်စွဲဖူးသည့်အသင်းများအနက် ရှေ့ဝတီအသင်းမှလွဲ၍ ရန်ကုန်၊ ဟံသာဝတီ၊ မကွေးနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကွာတားဖိုင်နယ်တက်ရောက်လာပြီး ချန်ပီယံဆု မရဖူးသည့် အသင်းများအနက် ရခိုင်၊ ရတနာပုံ၊ စစ်ကိုင်းနှင့် Southern အသင်းတို့ တက်ရောက်လာသည်။ နာမည်ကြီးရတနာပုံအသင်းသည် အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆု လေးကြိမ်ရဖူးသော်လည်း ရှုံးထွက်ပြိုင်ပွဲတွင် အမြင့်ဆုံးဒုတိယဆုသာ ရဖူးကာ ရှမ်းနှင့် ဟံသာဝတီအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေသောကြောင့် ချန်ပီယံဆု ရဖူးသည့် တစ်သင်းမှာ ကွာတားဖိုင်နယ်အဆင့်မှ စောစီးစွာ ထွက်ခွာရတော့မည်ဖြစ်သည်။

ကွာတားဖိုင်နယ် တွေ့ဆုံနေသည့် အသင်းများအနက် ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်း၊ ရခိုင်နှင့် မကွေးအသင်းတို့မှာ အမှတ်ပေးပွဲ ပထမအကျော့တွင် သရေကျထားပြီး စစ်ကိုင်းက ရတနာပုံ၊ ရန်ကုန်က Southern အသင်းကို အနိုင်ရထားသည်။

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့မှာ မေ ၁၂ ရက်က ပြီးဆုံးသွားပြီဖြစ်သော်လည်း ကလပ်အသင်းများမှာ ရှုံးထွက်ပွဲများ ဆက်တိုက်ကစားနေရပြီး ဆီမီးဖိုင်နယ်အပြီးထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပထမအကျော့ကို မေ ၂၅၊ ၂၆ ရက်၊ ဒုတိယအကျော့ကို ဇွန် ၁၊ ၂ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

---

# မြို့နယ်အချို့၌ လေပြင်းတိုက်ခတ်မှုများကြောင့် အဆောက်အအုံများ ပျက်စီး

**ကြို့ပင်ကောက်**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင် မေ ၁၅ ရက် ည ၇ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၄၅၁ လုံး ၊ ဆေးပေးခန်းတစ်ခု၊ ဘုန်းကြီးကျောင်း သုံးကျောင်းနှင့် စာသင်ကျောင်းသုံးကျောင်း ပျက်စီးမှုကြောင့် အိမ်ထောင်စု ၄၅၁ စုမှ လေဘေးသင့်လူဦးရေ ၁၅၅၅ဦး လေဘေးသင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေဘေးသင့်ကျေးရွာများသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မေ ၁၆ ရက် နံနက် ၉ နာရီက ကွင်းဆင်းကြည့်ရှုကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

**မိတ္ထီလာ**

မိတ္ထီလာမြို့နယ် ဇောင်းချမ်းကုန်းကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာ၌ မေ ၁၅ ရက် ညနေ ၃ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် ကုက္ကိုပင်ပြိုလဲကာ ပိမိ၍ လက်ဖက်ရည်ဆိုင်နှင့် ဂိုဒေါင်အမိုးများ ပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ရန်ကုန်-မန္တလေး ကားလမ်းဘေးရှိ ညောင်ကုန်းကျေးရွာမှ ကောင်းဆု ဆိုင်းဘုတ်လုပ်ငန်း၏ တစ်ထပ်ဂိုဒေါင်အမိုးနှင့် Happy လက်ဖက်ရည်ဆိုင်၏ အဆောက်အအုံ နှစ်လုံးကို ကုက္ကိုပင်ကိုင်းပိ၍ အမိုးများ ပျက်စီးသွားသဖြင့် ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

**မင်းဘူး**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် မေ ၁၅ ရက် မွန်းလွဲပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်နှင့် ဘာသာရေးအဆောက်အအုံများ အမိုးလန်ပျက်စီးခဲ့ကြောင်း မင်းဘူး(စကု)မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် မင်းဘူး(စကု) မြို့နယ် ကူရွာကျေးရွာ၊ ခွန်သာကျေးရွာ၊ မင်းလှကျောင်းကျေးရွာ၊ လေးပင်ကျေးရွာ၊ ပျော်ဘွယ်ကျေးရွာ၊ ကိုင်းမကြီးကျေးရွာတို့မှ စုစုပေါင်း လူနေအိမ် ၃၃ လုံးနှင့် ဘာသာရေးအဆောက်အအုံ သုံးလုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော နေအိမ်များနှင့် ဘာသာရေးအဆောက်အအုံများအား အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ကွင်းဆင်းစစ်ဆေးခဲ့ပြီး သစ်ပင်သစ်ကိုင်းများအား ရှင်းလင်းပေးခြင်း၊ ပြိုလဲပျက်စီးနေအိမ်များအား ပြန်လည်ပြင်ဆင်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကျော်စိုးဝင်း(မင်းဘူး)**

**ပြည်**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် မေ ၁၅ ရက် ညနေ ၅ နာရီခန့်က မိုးသက်လေပြင်းကျရောက်မှုကြောင့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုအချို့တွင် လူနေအိမ်များ အမိုးလန်ပြိုလဲပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မိုးသက်လေပြင်းကျရောက်မှုကြောင့် ဆံတော်ရပ်ကွက် အရန်မီးသတ်စခန်းအနီးရှိ ဓာတ်တိုင်တစ်တိုင် ထိပ်ပိုင်းမှ ကျိုးကျပျက်စီးကာ ရွာဘဲရပ်ကွက် ပွင့်လှအရှေ့ရပ်တွင် နေအိမ် ငါးလုံး၊ နဝင်းရပ်ကွက် ဝါရုံအေးမြသာယာရပ်တွင် နေအိမ် တစ်လုံးတို့ ပြိုလဲပျက်စီးခဲ့သဖြင့် အဆိုပါပျက်စီးမှုများကို မီးသတ်တပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် မြို့နယ်အတွင်းရှိ ဇရစ်ချောင်ကျေးရွာတွင် နေအိမ်တစ်လုံး၊ မအူတောကျေးရွာတွင် နေအိမ်တစ်လုံး၊ ရွာမရပ်တွင် နေအိမ်တစ်လုံး၊ သရက်ချိုကျေးရွာတွင် နေအိမ် သုံးလုံး၊ ထိန်ရုံကျွန်းတောစုကျေးရွာတွင် နေအိမ် နှစ်လုံး၊ တဲကြီးကုန်းကျေးရွာတွင် နေအိမ်နှစ်လုံးနှင့် ကောက်ပုံကွင်းကျေးရွာတွင် နေအိမ်ငါးလုံး အမိုးလန်ပြိုလဲပျက်စီးခဲ့ကြောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

**မလှိုင်**

မလှိုင်မြို့နယ်တွင် မေ ၁၅ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က လေပြင်းတိုက်ခတ်၍ နေအိမ်တစ်လုံး အမိုးလန်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

မလှိုင်မြို့ ကုန်းတဲအုပ်စု ကုန်းတဲတောင်ရွာ ဒေါ်တင်မြိုင်၏ နေအိမ်သည် လေပြင်းတိုက်ခတ်ခံရ၍ သွပ်အချပ် ၂၀ အမိုးလန်ကာ အိမ်တိုင်လေးလုံးကျိုးကျ၍ ထရံများပျက်စီးဆုံးရှုံးခဲ့သဖြင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ဘိုဘို(မလှိုင်)**

**ဇီးကုန်း**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် မေ ၁၅ ရက် ည ၇ နာရီခွဲခန့်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စု ၁၅ အုပ်စုရှိ ကျေးရွာ ၃၂ ရွာတွင် လူနေအိမ် စုစုပေါင်း ၁၂၀ လုံး၊ စာသင်ကျောင်းသုံးကျောင်း၊ ကြက်မွေးမြူရေးခြံတစ်ခြံတို့ ပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ဇီးကုန်းမြို့နယ် သစ်မျှောကြီးကျေးရွာနှင့် အလယ်ကုန်းကျေးရွာတို့တွင် နေအိမ်တစ်လုံးစီ ပြိုလဲပျက်စီးဆုံးရှုံးခဲ့သဖြင့် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင့်ဆွေ(ဇီးကုန်း)**

# ခင်ဦးမြို့နယ် တရားသူကြီး ဒေါ်ရည်ရည်မွန် (ယခု ကျောက်တံခါးမြို့နယ်တရားသူကြီး)၊ ရှေ့နေ ဒေါ်ဇာခြည်ဝင်း၊ ရုံးစောင့်/သန့်ရှင်းရေး ဦးရဲဝဏ္ဏတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ

**နေပြည်တော် မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် တရားရုံးတွင် ရာဇဝတ်ကြီးမှုအမှတ် ၁၁၉/၁၇ သစ်တောအမှုဖြင့် အမှုရင်ဆိုင်နေစဉ် ငှားရမ်းခဲ့သော တရားလွှတ်တော်ရှေ့နေ ဒေါ်ဇာခြည်ဝင်းက တရားသူကြီးနှင့် တရားရုံးဝန်ထမ်းများအား ပေးရန်အတွက်ဟုဆိုကာ ငွေများပေးခဲ့ရသော်လည်း အမှုမအောင်မြင်ခဲ့ခြင်း၊ ခရိုင်တရားရုံးသို့ အယူခံ တက်ရောက်ခဲ့ရာတွင် ငွေပေးခဲ့ရခြင်းအပေါ် အရေးယူပေးပါရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် တရားရုံးတွင် သစ်တောဥပဒေပုဒ်မ ၄၂(ခ)အရ စွဲဆိုခဲ့သည့် ရာဇဝတ်ကြီးမှု အမှတ် ၁၁၉/၂၀၁၇ အမှုအား အမိန့်ချမှတ်သည့်နေ့တွင် တရားခံရှေ့နေ ဒေါ်ဇာခြည်ဝင်းသည် မြို့နယ်တရားသူကြီးနှင့် တရားရုံး ဝန်ထမ်းများအား ပေးရန်ဟုဆိုကာ တရားခံ၏ မိခင်ထံမှ စုစုပေါင်းငွေကျပ် ၁၀၂၀၀၀၀ ကို တောင်းခံရယူခဲ့ကြောင်း၊ ခင်ဦးမြို့နယ် တရားသူကြီး ဒေါ်ရည်ရည်မွန် (ယခု ကျောက်တံခါးမြို့နယ် တရားသူကြီး) သည် ငွေကျပ်သိန်း ၂၀ ကို ရယူ၍ အမိန့်ချမှတ်ခဲ့ခြင်းသည် ၎င်း၏ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခဲ့ခြင်း ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မြို့နယ်တရားသူကြီး ဒေါ်ရည်ရည်မွန်အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ လည်းကောင်း၊ တရားခံ၏ မိခင်ထံမှ ငွေများတောင်းခံရယူရာတွင် အားပေးကူညီခဲ့ကြသည့် ရှေ့နေ ဒေါ်ဇာခြည်ဝင်းနှင့် ခင်ဦးမြို့နယ် တရားရုံး ရုံးစောင့်/ သန့်ရှင်းရေး ဦးရဲဝဏ္ဏတို့အပေါ် ဤဥပဒေ ပုဒ်မ ၅၆/၆၃အရ လည်းကောင်း၊ ခင်ဦးမြို့နယ်တရားရုံး ရုံးစောင့်/သန့်ရှင်းရေး ဦးရဲဝဏ္ဏသည် ခင်ဦးမြို့နယ် တရားရုံးရာဇဝတ်ကြီးမှု အမှတ် ၁၁၉/၂၀၁၇ အမှုအား တရားရုံးတွင် စစ်ဆေးနေစဉ် ၂၀၁၇ ခုနှစ် ကာလအတွင်း တရားခံ၏ မိခင်ထံမှ အကြောင်းအမျိုးမျိုးပြ၍ ငွေကြေးများ တောင်းခံရယူခဲ့ခြင်းသည် အမှုသည်ထံမှ တံစိုးလက်ဆောင် ရယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဦးရဲဝဏ္ဏအပေါ် ဤဥပဒေပုဒ်မ ၅၇ အရ လည်းကောင်း စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# မောင်တော၊ မြောက်ဦးကလာပ၊ သိန်းနီမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၆**

မောင်တောခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၅ ရက် မွန်းတည့် ၁၂ နာရီက မောင်တောမြို့နယ် ရွှေဇားကပ္ပကောင်းကျေးရွာရှိ ဟာဆောင်းဇူဟာရ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၅၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့စု (၄၀) ရန်ကုန် (မြောက်ပိုင်း) မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောက်ဦးကလာပ မြို့နယ် အမှတ်(၂)ရပ်ကွက် ယုဇန(၂) လမ်း အမှတ်(မ-၂၀၉) ရှေ့တွင် မြင့်ဇော်(ခ) ဆံရှည် မောင်းနှင်ပြီး အောင်လေး(ခ)အောင်ရဲဖြိုးနှင့် ပြည့်ဖြိုးအောင်တို့လိုက်ပါလာသည့် မတ်တူး မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ မြင့်ဇော် (ခ) ဆံရှည်နှင့် ပြည့်ဖြိုးအောင်တို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၉ ပြား၊ ဆေးခြောက် ရှစ်ဂရမ်၊ လက်ကိုင်ဖုန်းလေးလုံး၊ ငွေကျပ် ၁၀၁၀၀၀ နှင့် ဓားသုံးချောင်းတို့ကို သိမ်းဆည်းရမိခဲ့ပြီး မြောက်ဦးကလာပမြို့နယ် အမှတ် (၂) ရပ်ကွက် ယုဇန(၂)လမ်း အမှတ် (မ-၂၀၉) (၄)လွှာရှိ မြင့်ဇော်(ခ) ဆံရှည်၏နေအိမ်ကိုဝင်ရောက်ရှာဖွေရာ အောင်ကျော်(ခ) ကျော်သက်လင်းအား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀ နှင့် ဓားလေးချောင်းတို့ကို ထပ်မံ သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ယင်းနေ့နံနက် ၉ နာရီက နမ့်စလပ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သိန်းနီမြို့နယ် ကွန်ကောက်ကျေးရွာအုပ်စု ပိန်းဟုန်းကျေးရွာနေ ဆာထွန်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၇၅ ပြား၊ ဘိန်းဖြူ ၁၄၉ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့ရုပ်မြင်သံကြား

၁၇-၅-၂၀၁၉ (သောကြာနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - အပူဒဏ်ကြောင့် ကျန်းမာရေးပြဿနာ
၁၀း၃၅ - လူမှုစီးပွားမြင်ကွင်းများ
၁၄း၂၀ - မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း - ၁) (ဒါရိုက်တာ - ကြည်စိုးထွန်း)

**ညပိုင်း**

၁၆း၃၅ - Weekly MNL Review
၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း “ဆီးချိုသွေးချိုရောဂါ အကြောင်း သိကောင်းစရာ”
၁၈း၂၅ - BBC Click
၁၉း၂၀ - မြန်မာဇာတ်လမ်းတွဲ “သူ” (အပိုင်း-၁၂) (ပြေဇင်၊ ဖူးစုံ၊ မင်းသူ၊ ရဲမွန်၊ သဇင်) (ဒါရိုက်တာ-ဘိုသန့်)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ
၂၀း၃၅ - “ရွှေပြည်အမရသာပေစွ”
- နိုင်ငံခြားဇာတ်လမ်းတွဲ “ကိုယ့်ဘဝရဲ့လင်းရောင်ခြည်” (အပိုင်း-၂၅)
- ပြည်သူ့နီတိ “ကိုယ်စီ အသိစိတ်”

# မင်းဘူး (စကု) မြို့နယ်၌ ယာဉ်တိမ်းမှောက်မှုကြောင့် သုံးဦးသေဆုံး

**မင်းဘူး မေ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် ဆင်ခေါင်းကျေးရွာနှင့် ဇီးအိုင်ကျေးရွာအကြားတွင် မေ ၁၅ ရက် ည ၁၁ နာရီခွဲက ခြောက်ဘီးယာဉ်တစ်စီး သစ်ပင်ကို ဝင်တိုက်မိရာမှ ယာဉ်ပေါ် လိုက်ပါလာသူ သုံးဦး သေဆုံးကာ နှစ်ဦး ဒဏ်ရာရရှိသွားကြောင်း စကုနယ်မြေရဲစခန်းမှ သိရသည်။



သစ်ပင်တိုက်မိ၍ ပျက်စီးသွားသည့် ယာဉ်ကိုတွေ့ရစဉ်။

ဖြစ်စဉ်မှာ ရခိုင်ပြည်နယ် အမ်းမြို့နယ် တပ်တောင်မြို့မှ ကဏန်းများ တင်ဆောင်၍ ယာဉ်မောင်း အောင်မင်းသူ မောင်းနှင်ပြီး လူငါးဦး လိုက်ပါလာသော 5H/---- ယူဒီကောင်တာ ခြောက်ဘီးယာဉ်သည် မင်းဘူးမြို့နယ် ဆင်ခေါင်းကျေးရွာအနီး မိုင်တိုင်အမှတ် (၈/၂) တွင် လမ်းဘေးထနောင်းပင်ကို ဝင်တိုက်မိပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားသည်။

ယင်းဖြစ်စဉ်ကြောင့် ယာဉ်ပေါ် လိုက်ပါလာသူ အမ်းမြို့နယ်နေသူ စိုးမင်းနိုင် (၄၁ နှစ်)နှင့် ပုလိပ်မြို့ ဆည်ရွာနေသူ မျိုးညီညီတို့တွင် ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ပြီး စကုဆေးရုံတွင် ဆေးကုသမှု ခံယူလျက်ရှိကြောင်း၊ ထို့အပြင် ယာဉ်ပေါ်ပါ အမ်းမြို့နယ် တပ်တောင်မြို့ အမှတ် (၂) ရပ်ကွက် နေသူများဖြစ်သည့် ဦးမောင်လှအေး (၃၅နှစ်)၊ မခင်ဝင်းမြင့် (၃၅နှစ်) နှင့် မောင်စိုးဝင်းသန်း (၁၃ နှစ်) တို့တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်း အောင်မင်းသူအား အမှုဖွင့်ထားကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**

# မိတ္ထီလာရဲစခန်းဝင်းအတွင်း လူသေမှုဖြစ်ပွား

**မိတ္ထီလာ မေ ၁၆**

မိတ္ထီလာမြို့မရဲစခန်းဝင်း ဝန်ထမ်းလိုင်းခန်းအတွင်း မေ ၁၆ ရက် နံနက် ၉ နာရီခန့်က ရဲအုပ်တစ်ဦးနှင့် ၎င်း၏ ဇနီးတို့ ဒဏ်ရာများဖြင့် သေဆုံးလျက် တွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၉ နာရီခန့်က မိတ္ထီလာမြို့မရဲစခန်းဝင်းအတွင်းရှိ ခြောက်ခန်းတွဲ နှစ်ထပ်အဆောင်တွင် နေထိုင်သည့် ရဲအုပ် အောင်နိုင်ထွန်း(၅၂နှစ်) နှင့် ၎င်း၏ ဇနီး ဒေါ်မြင့်မြင့်သိန်း (၄၉နှစ်) တို့ နှစ်ဦးသည် နေအိမ်အိပ်ခန်းကြမ်းပြင်တွင် သေဆုံးနေကြောင်းသတင်းအရ တာဝန်မှူး ဒုရဲအုပ်မျိုးမြင့်၊ ခေတ္တနယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် မြင့်လွင်နှင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ရဲအုပ် အောင်နိုင်ထွန်းနှင့် ဇနီးတို့တွင် သေနတ်ဒဏ်ရာများဖြင့် သေဆုံးလျက် တွေ့ရှိခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မိတ္ထီလာမြို့မရဲစခန်းက သေမှုသေခင်းဖွင့်စစ်ဆေးနေကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# မိုးညှင်း၌ မိုင်းနင်းမိပေါက်ကွဲ၍ အမျိုးသားတစ်ဦးဒဏ်ရာရ

**မိုးညှင်း မေ ၁၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ထန်းတပင်ကျေးရွာနေသူ အမျိုးသားတစ်ဦးသည် တောအတွင်းဟင်းရွက်ကောက်သွားစဉ် မေ ၁၅ ရက်က မိုင်းတစ်လုံးနင်းမိပေါက်ကွဲ၍ ဒဏ်ရာရရှိသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၃ ရက် မွန်းလွဲပိုင်းက မိုးညှင်းမြို့နယ် ထန်းတပင်ကျေးရွာနေ သန်းဝင်းဦး (၁၉နှစ်) သည် သူငယ်ချင်းများနှင့်အတူ ဆိုင်ကယ်သုံးစီးဖြင့် မိုးညှင်းမြို့နယ် ကျောက်ဖြူတောင်အနီး ဟင်းပြင်းဖူးရွက်ကောက်ရန် ညအိပ်ထွက်သွားကြပြီး မေ ၁၅ ရက် မွန်းလွဲ ၂ နာရီခန့်က ညအိပ်သည့် တဲသို့အပြန် လက်နက်ကိုင်အဖွဲ့များ ထောင်ထားသော နင်းမိုင်းတစ်လုံးကို နင်းမိပေါက်ကွဲ၍ သန်းဝင်းဦး၏ ညာဘက်ခြေထောက်တွင် ဒဏ်ရာ (မစိုးရိမ်ရ) ရရှိသွားကြောင်း သိရသည်။

၎င်းအား ဆိုင်ကယ်ဖြင့် နေအိမ်သို့ခေါ်ဆောင်ခဲ့ပြီး နေအိမ်မှတစ်ဆင့် မေတ္တာမွန်နာရေးကူညီမှုအသင်း (မိုးညှင်း) မော်တော်ယာဉ်ဖြင့် မိုးညှင်းဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူနေကြောင်း မိုးညှင်းမြို့မ ရဲစခန်းမှသိရသည်။ **လူအောင်(ကသာ)**

# လှိုင်ကော်မြို့နယ်၌ နေအိမ်တစ်လုံး မီးလောင်

**လှိုင်ကော် မေ ၁၆**

ကယားပြည်နယ် လှိုင်ကော်မြို့နယ် ဒေါဆော်လိကျေးရွာတွင် မေ ၁၅ ရက် ည ၈ နာရီ ၁၀ မိနစ်က နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒေါဆော်လိကျေးရွာနေ ဦးငါးရယ် (၄၂ နှစ်) ၏ နေအိမ်တွင် လျှပ်စစ်ရေနွေးအိုးတည်ရာမှ အပူလွန်ကဲပြီး မီးလောင်သဖြင့် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးသွားသည်။ မီးလောင်ရာသို့ ပြည်နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက မီးငြှိမ်းသတ်ယာဉ် ငါးစီးဖြင့် ဝိုင်းဝန်းငြှိမ်းသတ်မှုကြောင့် ည ၈ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးငါးရယ်အား လှိုင်ကော်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ကိုစိုင်း (လှိုင်ကော်)**

# မောင်တောမြို့နယ်၌ လူမနေသည့် အိမ်တစ်လုံး မီးလောင်

**မောင်တော မေ ၁၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဦးရှည်ကျကျေးရွာ၌ မေ ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲက လူမနေသည့် အိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် ဦးရှည်ကျကျေးရွာ၌ အီဒီရိစ့် ပိုင်ဆိုင်သော လူမနေသည့် နေအိမ်ကို မသမာသူတစ်ဦးက မီးရှို့၍ ထွက်ပြေးခဲ့သည်။ အဆိုပါ မီးလောင်သည့် နေအိမ်ကို မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် မီးလုံးဝငြှိမ်းသတ်နိုင်ခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ အီဒီရိစ့်၏ နေအိမ်ကို မီးရှို့ထွက်ပြေးသွားသူအား ပြင်ဖြူနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်းသိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# မင်းလှမြို့နယ် လက်ပံတံခါးကျေးရွာ၌ မီးလောင်မှုဖြစ်

**အထက်မင်းလှ မေ ၁၆**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် လက်ပံတံခါးကျေးရွာတွင် မေ ၁၅ ရက် မွန်းလွဲ ၃ နာရီ ၄၈ မိနစ်က မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လက်ပံတံခါးကျေးရွာနေ ဦးနိုင်ဝင်း၏ နေအိမ်မီးဖို မီးကြွင်းမီးကျန်မှ မီးစတင်လောင်ခဲ့ပြီး ဦးနိုင်ဝင်း၏ ယောက္ခမတော်စပ်သူ ဒေါ်တင်ငွေနေအိမ်သို့ မီးကူးစက်လောင်ခဲ့သည်။ ယင်းမီးလောင်မှုဖြစ်ပွားရာသို့ ကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများက ဝိုင်းဝန်းမီးငြှိမ်းသတ်ရာ မွန်းလွဲ ၃ နာရီ ၅၈ မိနစ်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ပြီး အိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

# ပျဉ်းမနား၌ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသားတစ်ဦးတို့အား လူလေးဦးက ဝိုင်းဝန်းရိုက်နှက်၊ ဓားဖြင့်ခုတ်မှုဖြစ်

**ပျဉ်းမနား မေ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်တွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသားတစ်ဦးကို လူလေးဦးက ဝိုင်းဝန်းရိုက်နှက်၊ ဓားဖြင့်ခုတ်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၄ ရက် ည ၈ နာရီက သကြားစက်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဌေးလွင် (၅၃ နှစ်) သည် တစ်ရွာတည်းနေ ဦးသိန်းလင်း (၄၁ နှစ်) ၏ နေအိမ်ရှေ့တွင် တင်ထွန်းဝင်း၊ ဦးသူရ၊ လှိုင်မင်းထက် (ခ) ဖိုးလပြည့်တို့နှင့်အတူ ထိုင်နေစဉ် ကျီးအင်းကျေးရွာနေသူ စိုးဝေဦး (၄၁ နှစ်) နှင့် အမျိုးသားသုံးဦးတို့က လာရောက်ပြီး လှိုင်မင်းထက် (ခ) ဖိုးလပြည့်အား ဓားဖြင့် ခုတ်ခဲ့ကြောင်း၊ ဝင်ရောက်တားဆီးသူ ဦးဌေးလွင်အား ဓားဖြင့် ခုတ်သဖြင့် ဦးဌေးလွင်၏ ဝဲလက်တံတောင်ဆစ်အား ဓားဒဏ်ရာများ ရရှိခဲ့ကြောင်း၊ စိုးဝေဦးနှင့် လူသုံးဦးတို့က ဆက်လက်၍ လှိုင်မင်းထက် (ခ)ဖိုးလပြည့် အား ဓားဖြင့်ခုတ်၊ တုတ်ဖြင့်ရိုက်သည့်အတွက် လှိုင်မင်းထက် (ခ) ဖိုးလပြည့်တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် ဒဏ်ရာများရရှိသူ ဦးဌေးလွင်နှင့် လှိုင်မင်းထက် (ခ) ဖိုးလပြည့်တို့ကို ပျဉ်းမနား ခုတင်(၂၀၀)ဆေးရုံတွင် တက်ရောက် ကုသလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စိုးဝေဦးပါလေးဦးအား ပျဉ်းမနားမြို့မရဲစခန်းက အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# အငြင်းပွားပင်လယ်ပြင်အတွင်း အမေရိကန်နှင့် ဖိလစ်ပိုင်သင်္ဘောများ ပူးတွဲစစ်ရေးလေ့ကျင့်



အမေရိကန်နှင့်ဖိလစ်ပိုင်တို့ တောင်တရုတ်ပင်လယ်အတွင်း ပူးတွဲစစ်ရေး လေ့ကျင့်နေစဉ်။

**ဝါရှင်တန် မေ ၁၆**
အမေရိကန်နှင့် ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့များသည် တောင်တရုတ်ပင်လယ်အတွင်းရှိ အငြင်းပွားရေပိုင်နက်အနီးတွင် ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။ လူဇုန်ကျွန်းအနောက်ဘက် စကာဘိုရပ်ဖ် ရေတိမ်သောင်ခုံအနီးတွင် ပြီးခဲ့သည့် မေ ၁၄ ရက်က အမေရိကန်နှင့် ဖိလစ်ပိုင်တို့ ပူးတွဲစစ်ရေးလေ့ကျင့်ခဲ့ကြခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့ အာဏာပိုင်များက ပြောကြားခဲ့သည်။

စကာဘိုရပ်ဖ် ရေတိမ်သောင်ခုံကို တရုတ်နိုင်ငံက ထိန်းချုပ်ထားပြီး အဆိုပါ နယ်နိမိတ်ကို ဖိလစ်ပိုင်နှင့် တရုတ် (တိုင်ပေ) တို့ကလည်း ၎င်းတို့ပိုင်ဆိုင်ကြောင်း အငြင်းပွားလျက်ရှိသည်။ ခရီးသည်တင် သင်္ဘောတစ်စင်း နစ်မြုပ်သွားပြီးနောက် ကယ်ဆယ်ရေးနှင့် ရှာဖွေရေးဆောင်ရွက်မှုတစ်ခုကို လှုံ့ဆော်သည့် လေ့ကျင့်မှုအတွင်း အမေရိကန်နှင့် ဖိလစ်ပိုင် သင်္ဘောသုံးစင်း ပါဝင်လေ့ကျင့်ခဲ့ကြခြင်းဖြစ်ကြောင်း အာဏာပိုင်များက ဖော်ပြသည်။ တရုတ်ကမ်းခြေစောင့် တပ်ဖွဲ့သင်္ဘောနှစ်စင်းက အဆိုပါ စစ်ရေးလေ့ကျင့်မှုကို စောင့်ကြည့်နေခဲ့ကြောင်း ဖိလစ်ပိုင်အာဏာပိုင်များက ပြောသည်။

တရုတ်သင်္ဘောတစ်စင်းမှာ ဖိလစ်ပိုင်သင်္ဘောနှင့် ငါးကီလိုမီတာအကွာအထိ အနီးကပ်ရောက်ရှိလာခဲ့ကြောင်း၊ သို့သော်လည်း စစ်ရေးလေ့ကျင့်မှုကို အနှောင့်အယှက် ပြုခဲ့ခြင်းနှင့် ဟန့်တားခဲ့ခြင်း မရှိကြောင်း သိရသည်။

၂၀၁၆ ခုနှစ်တွင် သမ္မတ နေရာရလာခဲ့သည့် ဖိလစ်ပိုင်သမ္မတဒူတာတေးသည် တရုတ်နိုင်ငံမှ စီးပွားရေးအရ အကူအညီရယူရန် ကြိုးပမ်းခဲ့သည်ဖြစ်ရာ မူလက တောင်တရုတ်ပင်လယ်အရေးအငြင်းပွားမှုကို ဘေးဖယ်ထားရန် အကြံပြုခဲ့သည်။ သို့သော်လည်း သမ္မတဒူတာတေးသည် ပြည်တွင်း၌ ဝေဖန်မှုများမြင့်တက်လာမှုနှင့်အတူ ၂၀၁၆ ခုနှစ် နိုင်ငံတကာ သမာဓိခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို တရုတ်နိုင်ငံက လေးစားရန် တရုတ်သမ္မတရှီကျင့်ဖျင်ကို တိုက်တွန်းခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## ပင်လယ်ကွေ့ဒေသ အရေးတွင် အာဘေး စိုးရိမ်ကြောင်းဖော်ပြ

**တိုကျို မေ ၁၆**
ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အီရန်ထိပ်တန်း သံအမတ်ကြီးနှင့် တွေ့ဆုံခဲ့ပြီးနောက် ပါရှန်းပင်လယ်ကွေ့ဒေသတွင် တင်းမာမှုများ ကြီးထွားလာနေသည့်အပေါ် စိုးရိမ်မိကြောင်း ဖော်ပြခဲ့သည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ရှာ ရစ်ဖ်နှင့် ကြာသပတေးနေ့တွင် တွေ့ဆုံ ခဲ့ပြီး နှစ်နိုင်ငံခင်မင်ရင်းနှီးစွာ ဆက်ဆံမှုကို ဆက်လက်ထိန်းသိမ်းသွားရန် ထပ်လောင်းအတည်ပြုခဲ့သည်။ အမေရိကန် ပြည်ထောင်စုက အီရန်ကို အကဲစမ်းသည့်အနေဖြင့် လေယာဉ်တင်သင်္ဘောတိုက်ခိုက်ရေး အုပ်စုနှင့် ဘီ ၅၂ ဗုံးကြဲလေယာဉ်များကို ပါရှန်းပင်လယ်ကွေ့သို့ စေလွှတ်ခဲ့ပြီးနောက်တွင် ဇာရစ်ဖ်၏ တိုကျိုခရီးစဉ်ပေါ်ထွက်လာခြင်းဖြစ်သည်။

အမေရိကန်၏ အပြုအမူကို တုံ့ပြန်သည့်အနေဖြင့် အီရန်သည် ၂၀၁၅ ခုနှစ်က အင်အားကြီးနိုင်ငံများနှင့်အတူ ချုပ်ဆိုခဲ့သည့် နျူကလီးယားသဘောတူစာချုပ် လိုက်နာမှုကို ရပ်ဆိုင်းခဲ့သည်။ အမေရိကန်က ၂၀၁၈ ခုနှစ်တွင် ယင်းစာချုပ်မှ နုတ်ထွက်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## အမေရိကန်ဝန်ထမ်းများကို အီရတ်နိုင်ငံမှ ထွက်ခွာရန် အမိန့်ထုတ်ပြန်

**ဝါရှင်တန် မေ ၁၆**
အမေရိကန်ဝန်ထမ်းများကို အီရတ်နိုင်ငံမှ ထွက်ခွာကြရန် အမေရိကန်ပြည်ထောင်စုက အမိန့်ထုတ်ပြန်လိုက်ကြောင်း သိရသည်။ အီရန်နှင့် စစ်ရေးဆိုင်ရာ တင်းမာမှုများဖြစ်ပေါ်နေချိန်တွင် အရေးပေါ်အခြေအနေအတွက် ပြင်ဆင်ထားသည့်အနေဖြင့် ထိုသို့ အမိန့်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်းရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို အီရန် သို့မဟုတ် အီရန်ကျောထောက်နောက်ခံပြုထားသည့် အဖွဲ့များက တိုက်ခိုက်လာနိုင်ကြောင်း အမေရိကန်သမ္မတ ထရမ့်အစိုးရက သတိပေးပြီးနောက် အီရတ်နိုင်ငံ ဘဂ္ဂဒက်ရှိ အမေရိကန်သံရုံးနှင့် အီရာဘီလ်မြို့ရှိ အမေရိကန်ကောင်စစ်ဝန် ဝန်ထမ်းများကို လျှော့ချရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ဖြစ်ပွားလာသော ကိစ္စနှင့် ပတ်သက်ပြီး အမေရိကန်ဥပဒေပြုလွှတ်တော်ဘက်က ပြင်းပြင်းထန်ထန် တုံ့ပြန်မှုများ ပေါ်ထွက်ခဲ့သည်။ အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီဝင်ထိပ်တန်း ဒီမိုကရက်တစ် တစ်ဦးဖြစ်သည့် ရောဘတ်မနန်ဒက်က ထရမ့်အစိုးရသည် မည်သည့်အတွက်ကြောင့် ယခုကဲ့သို့ ဆုံးဖြတ်ချက်ချရကြောင်း မိမိတို့ကို အသိပေးသင့်သည်ဟု ပြောကြားခဲ့သည်။

အီရန်ကို စစ်ရင်ဆိုင်မည့် အစီအစဉ် တစ်စုံတစ်ရာ ရှိခဲ့ပါကလည်း နိုင်ငံခြားဆက်ဆံရေးကော်မတီကို နောက်ဆုံး အခြေအနေအထိ အသိပေးဖို့လိုကြောင်း ၎င်းက တောင်းဆိုလိုက်သည်။ အီရန်ကို လက်တုံ့ပြန်ရန်အတွက် အမေရိကန်တပ်သား တစ်သိန်းကျော် လွှတ်ရန် စဉ်းစားနေသည်ဆိုသည့် သတင်းကို သမ္မတထရမ့်က ငြင်းဆန်သော်လည်း တပ်ဖွဲ့ဝင်အများအပြားစေလွှတ်ရန်ရှိသည်ဆိုသည့်အချက်ကို မငြင်းဆန်ကြောင်း ၎င်းကပြောသည်။ **အေအက်ဖ်ပီ**


အမေရိကန်တပ်ဖွဲ့ဝင်များ ဘဂ္ဂဒက်ရှိ အမေရိကန်သံရုံးရှေ့တွင် ကင်းလှည့်နေကြစဉ်။


အီရန်ကာကွယ်ရေးဝန်ကြီး အာမာ။

## အမေရိကန်ကို ရင်ဆိုင်ရန် အီရန် လက်နက်အင်အား ဘက်စုံပြင်ဆင်ထား

**တီဟီရန် မေ ၁၆**
ပြည်ပအန္တရာယ်ကို ရင်ဆိုင်ရန် အီရန်နိုင်ငံက လက်နက်အင်အား ဘက်စုံပြင်ဆင်ထားပြီဖြစ်ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး အာမာဟာတမီက ယမန်နေ့က ပြောသည်။ အီရန်နိုင်ငံသည် လက်ရှိတွင် စစ်ရေးအရ ကာကွယ်ရေးစွမ်းရည် အမြင့်ဆုံးတွင်ရှိပြီး အန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်ရန် အသင့်ပြင်ထားပြီဖြစ်သည်ဟု အီရန်ကာကွယ်ရေးဝန်ကြီး အာမာဟာတမီက ယမန်နေ့က တီဟီရန်၌ ကျင်းပသော အငြိမ်းစားစစ်မှုထမ်းများစုံညီပွဲ၌ အမှာစကားပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၏ ပိတ်ဆို့မှုများကို ခံနေရသော်လည်း အီရန်က အခက်ခဲဆုံး အခြေအနေတွင် စစ်ရေးကဏ္ဍတွင် ကြီးမားသည့် အောင်မြင်မှုများ ရရှိဆဲဖြစ်ကြောင်း အာမာက ပြောသည်။ အီရန်နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို တိုးမြှင့်ရန် အီရန်အနေဖြင့် မည်သည့်အစီအစဉ်ကိုမဆို လက်လျှော့ပေးမည် မဟုတ်ကြောင်း ပြောသည်။

၂၀၁၉ ခုနှစ် အီရန်နိုင်ငံ၏ နိုင်ငံတော်ကာကွယ်ရေး သုတေသနစီမံကိန်း ပမာဏသည် ၂၀၁၈ ခုနှစ်၏ သုံးဆဖြစ်မည်ဖြစ်ကြောင်း အာမာက ဆက်လက်ပြောကြားသည်။ လတ်တလောတွင် အီရန်နှင့် အမေရိကန်နိုင်ငံတို့၏ ဆက်ဆံရေးသည် လျော့သွားသည်မရှိဘဲ ဆက်လက်တင်းမာလျက်ရှိသည်။ ယခုလအစောပိုင်းတွင် အမေရိကန်သည် အီရန်ရေနံတင်ပို့မှုကို ဘက်စုံပိတ်ဆို့ခဲ့ပြီး သံ၊ သံမဏိ၊ အလူမီနီယံ၊ ကြေးနီစသည့် လုပ်ငန်းများကို ပိတ်ဆို့ခဲ့ကြောင်း သိရသည်။ ထို့အပြင် အမေရိကန်နိုင်ငံသည် အီရန်အန္တရာယ်ကို ရင်ဆိုင်ရန် လေယာဉ်တင်သင်္ဘောနှင့် ဗုံးကြဲလေယာဉ်များနှင့် အထူးတပ်ဖွဲ့များကို အရှေ့အလယ်ပိုင်းဒေသသို့ တပ်ဖြန့်ချထားကြောင်း သိရသည်။ **ဆင်ဟွာ**

## ဟွာဝေးကုမ္ပဏီထုတ်ပစ္စည်းများ အသုံးပြုမှုကို အမေရိကန်ပိတ်ပင်

**ဝါရှင်တန် မေ ၁၆**
တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးစစ်ပွဲတစ်ခုအသွင် တင်းမာမှုများ ပေါက်ဖွားလျက်ရှိနေချိန်တွင် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် တရုတ်နည်းပညာလုပ်ငန်းစုကြီးဖြစ်သည့် ဟွာဝေးကုမ္ပဏီကို အမေရိကန်ဈေးကွက်အတွင်း ဝင်ရောက်ခြင်းမရှိနိုင်အောင် ပိတ်ပင်လိုက်ပြီး ယင်းကုမ္ပဏီကို အမည်ပျက်စာရင်းတွင် ထည့်သွင်းလိုက်သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့် လက်မှတ်ရေးထိုးလိုက်သည့် အဆိုပါအမိန့်ထုတ်ပြန်ချက်တွင် အမေရိကန်၏ အမျိုးသားလုံခြုံရေး သို့မဟုတ် အမေရိကန်နိုင်ငံသားများ၏ ဘေးကင်းလုံခြုံမှုကို အန္တရာယ်ကျရောက်စေသည့် ကုမ္ပဏီများမှ ထုတ်ကုန်ပစ္စည်းအား ဝယ်ယူမှု သို့မဟုတ် အသုံးပြုမှုကို တားမြစ်ပိတ်ပင်လိုက်ကြောင်း ဖော်ပြထားသည်။

အစိုးရသည် အမေရိကန်ကို ဘေးကင်းစေရန်၊ အောင်မြင်ကြီးပွားစေရန်နှင့် ပြည်ပရန်သူများ၏ခြိမ်းခြောက်မှုမှ ကာကွယ်ရန် ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဆာရက်ဆန်းဒါးက ပြောကြားခဲ့သည်။

အမေရိကန်သည် ပြီးခဲ့သည့်နှစ် ဧပြီလကလည်း တရုတ်ဆက်သွယ်ရေးပစ္စည်း ကုမ္ပဏီတစ်ခုဖြစ်သည့် ZTE ကို အလားတူ ပိတ်ပင်မှု လုပ်ဆောင်ခဲ့သည်။ မေ ၁၅ ရက် အစောပိုင်းက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အမေရိကန်နည်းပညာကို ခြိမ်းခြောက်နေမှုများနှင့် ပတ်သက်၍ နိုင်ငံတော်အရေးပေါ်အခြေအနေတစ်ရပ်ကို ကြေညာသည့် အမိန့်ထုတ်ပြန်ချက်ကို လက်မှတ်ရေးထိုးခဲ့သည်။

သမ္မတ၏ထုတ်ပြန်ချက်တွင် မည်သည့်ကုမ္ပဏီဟူ၍ အမည်တပ် ဖော်ပြထားခြင်းမရှိသော်လည်း ယင်းအမိန့်သည် ဟွာဝေးနည်းပညာကုမ္ပဏီကို ရည်ရွယ်လျက် ထုတ်ပြန်ခြင်းဖြစ်ဟန်ရှိကြောင်းသိရသည်။ နှစ်နိုင်ငံကုန်သွယ်ရေး ဆွေးနွေးမှုများ သဘောတူညီမှုမရရှိဘဲ အဆုံးသတ်သွားပြီးနောက်တွင် အမေရိကန်အစိုးရသည် တရုတ်နိုင်ငံအပေါ် ဆက်လက်ဖိအားပေးလိုဟန်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**


အမေရိကန်သမ္မတဒေါ်နယ်ထရမ့်။

## နိုင်ငံတကာ သတင်းတိုထွာ

### ဟတ်ဆန်မြစ်ထဲသို့ ရဟတ်ယာဉ်တစ်စင်း ထိုးကျသွားခဲ့ရာ နှစ်ဦးဒဏ်ရာရ

**နယူးယောက် မေ ၁၆**

အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ဟတ်ဆန်မြစ်ထဲသို့ ယမန်နေ့က ရဟတ်ယာဉ်တစ်စင်း အရှိန်မထိန်းနိုင်ဘဲ ထိုးကျနစ်မြုပ်သွားခဲ့ရာ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ ရဟတ်ယာဉ်သည် ယမန်နေ့က မန်ဟက်တန်မြို့ အနောက်ဘက်လမ်း ၃၀ နှင့် ဟတ်ဆန်မြစ်ဘေး ရဟတ်ယာဉ်ကွင်းသို့ ဆင်းသက်စဉ် မြစ်ရေပြင်ထဲသို့ ချော်ကျသွားခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်း သတင်းမီဒီယာများတွင် ဖော်ပြထားသည်။ ရဟတ်ယာဉ်ပေါ်တွင် ရဟတ်ယာဉ်မှူးတစ်ဦး လိုက်ပါသွားခဲ့ပြီး ၎င်းမှာ လွတ်မြောက်သွားခဲ့ကြောင်းနှင့် ဒဏ်ရာအနည်းငယ်သာရရှိခဲ့ကြောင်း နယူးယောက်မြို့မီးသတ်ဌာန၏ ပြောကြားချက်အရ သိရသည်။

မြေပြင်ပေါ်ရှိ ရဟတ်ယာဉ်ကွင်းမှ အမှုထမ်းတစ်ဦးလည်း ရဟတ်ယာဉ်အပိုင်းအစများထိမှန်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ မြစ်ထဲသို့ ချော်ကျသွားသော ရဟတ်ယာဉ်သည် ရဟတ်ယာဉ်များတွင် အကောင်းဆုံးဟု ရေပန်းစားလျက်ရှိသော ဘဲလ် ၂၀၆ ရဟတ်ယာဉ်ဖြစ်ကြောင်း ဒေသတွင်း မီဒီယာများတွင် ဖော်ပြသည်။ **ဆင်ဟွာ**

### အမေရိကန်သမ္မတ တောင်ကိုရီးယားနိုင်ငံသို့ သွားမည်

**ဝါရှင်တန် မေ ၁၆**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရန် ဇွန်လအတွင်း တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း အိမ်ဖြူတော်က ယမန်နေ့က ပြောကြားသည်။ သမ္မတ ဒေါ်နယ်ထရမ့်သည် သမ္မတ မွန်ဂျယ်အင်းနှင့် တွေ့ဆုံရန်နှင့် ဂျီ ၂၀ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ဇွန်လနှောင်းပိုင်းတွင် တောင်ကိုရီးယားနိုင်ငံသို့ သွားရန်ရှိကြောင်း အိမ်ဖြူတော်မှ ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြထားသည်။

ထရမ့်နှင့် မွန်တို့သည် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားကင်းစင်ရေးကို နောက်ဆုံး အပြည့်အဝ စိစစ်အတည်ပြုရေး အောင်မြင်ရန် အားထုတ်ကြိုးပမ်းမှုများကို နီးကပ်စွာ ဆက်လက်ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း သိရသည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် မဟာမိတ်ပြုခြင်းနှင့် နှစ်နိုင်ငံ ပြည်သူများကြား ရင်းနှီးမှုခိုင်မာစေရန် နည်းလမ်းများအား ဆွေးနွေးသွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

ထို့အပြင် သမ္မတထရမ့်နှင့် ဇနီး မယ်လနီယာထရမ့်တို့သည် မေလကုန်ပိုင်းတွင် ဂျပန်နိုင်ငံ၏ ဘုရင်သစ်အားတွေ့ဆုံရန် ဂျပန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်းလည်း သတင်းထုတ်ပြန်ထားသည်။ ဧပြီလအတွင်း အိမ်ဖြူတော်သို့ လာရောက်လည်ပတ်ခဲ့သည့် တောင်ကိုရီးယား သမ္မတ၏ခရီးစဉ်အတွင်း ထရမ့်က မြောက်ကိုရီးယားနိုင်ငံအပေါ် ပိတ်ဆို့မှုများ ထပ်မံတိုးမြှင့်ရန်အတွက် လိုအပ်ဦးမည် မဟုတ်ကြောင်း ပြောခဲ့သည်။

**ဆင်ဟွာ**

# နိုင်ငံရေးအာဏာသိမ်းမှုမှာ အရှုံးတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ ဂွါက်ဒို လက်ရှိသမ္မတကို ယှဉ်ပြိုင်နိုင်ပါ့မလား

**ထွန်းသစ်စ**

**ဗင်နီဇွဲလားလုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ အတိုက်အခံဥပဒေပြုသူများ အမျိုးသားလွှတ်တော်ထဲ ဝင်ရောက်ခွင့်ကို မေ ၁၄ ရက်က တားဆီးခဲ့တဲ့အတွက် ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင်ဆိုလည်းဟုတ်၊ လွှတ်တော်ဥက္ကဋ္ဌဆိုလည်းဟုတ်တဲ့ ဂျူအန်ဂွိုက်ဒိုက လွှတ်တော်ကိုပိတ်ဆို့ဖို့ လုပ်တယ်ဆိုကာ အစိုးရကို စွပ်စွဲပြစ်တင်လိုက်ပါတယ်။ လတ်တလောအခြေအနေအရ ဗင်နီဇွဲလားနိုင်ငံမှာ အတိုက်အခံခေါင်းဆောင်ဖြစ်တဲ့ ဂျူအန်ဂွိုက်ဒိုနဲ့ လက်ရှိသမ္မတနီကိုးလပ်စ်မာဒူရိုတို့ နိုင်ငံရေးမှာ အားပြိုင်လျက်ရှိပြီး ဂျူအန်ဂွိုက်ဒိုဟာ နီကိုးလပ်စ်မာဒူရိုကို ဖြုတ်ချနိုင်ရေးကြိုးစားလျက်ရှိပါတယ်။ သို့သော်လည်း သူ့ရဲ့ကြိုးစားမှုတွေဟာ မှန်းသလောက်ခရီးမရောက်သေးသလို တပ်မတော်သားအချို့သာ သူ့ဘက်က ရပ်တည်ခဲ့တဲ့အတွက် ပြီးခဲ့တဲ့နိုင်ငံရေးအာဏာသိမ်းမှုမှာ အရှုံးတွေနဲ့သာ ရင်ဆိုင်ခဲ့ရပါတယ်။**

### ပိတ်ဆို့မှုဖြစ်ပွား

ဗင်နီဇွဲလား အမျိုးသားလုံခြုံရေး တပ်ဖွဲ့ဝင်တွေ၊ ရဲတပ်ဖွဲ့ဝင်တွေနဲ့ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်တွေဟာ အတိုက်အခံအင်အားစု ထိန်းချုပ်ထားတဲ့ လွှတ်တော်ဝင်ထွက်ခွင့်တွေ၊ အသုံးပြုခွင့်တွေနဲ့ ပတ်သက်ပြီး ပိတ်ဆို့မှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ အစိုးရဆန့်ကျင်ဆန္ဒပြမှုဖြစ်စဉ်များတွင် ဗင်နီဇွဲလားအာဏာပိုင်တွေက လူ့အခွင့်အရေးတွေကို ဆန့်ကျင်ပြီး ပြစ်မှုများ ကျူးလွန်ခဲ့တယ်လို့ ယုံကြည်ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ပြောကြားခဲ့သလို ယင်းဖြစ်စဉ်အပေါ် အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာ တရားရုံးအား စုံစမ်းစစ်ဆေးမှုတွေ လုပ်ဆောင်သင့်ကြောင်း တိုက်တွန်းပြောကြားပြီးနောက် ယခုလိုလွှတ်တော်ကို ပိတ်ဆို့မှုဖြစ်ပွားခဲ့တာဖြစ်ပါတယ်။

ထောက်လှမ်းရေးအဖွဲ့ဝင်တွေက လွှတ်တော်အဆောက်အအုံထဲမှာ ဖောက်ခွဲရေးပစ္စည်းရှိတယ်ဆိုတဲ့ဆင်ခြေကို အသုံးပြုကာ လွှတ်တော်ကို ထိန်းသိမ်းထားခြင်းဖြစ်ကြောင်းနဲ့ လွှတ်တော်ကို ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ ဝိုင်းထားကြောင်း ဥပဒေပြုသူ မနူလာဘိုလီဗာက အေအက်ဖ်ပီကို ပြောခဲ့ပါတယ်။

### ဆူပူမှုတွေ ထပ်မံပေါ်ပေါက်နိုင်

အဲဒီအပေါ် ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင်ကတော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ အင်အားသုံးမှုများရှိနေပြီး လွှတ်တော်ကို စစ်ဘက်ဆိုင်ရာအဖွဲ့တွေက သိမ်းပိုက်ထားတယ်လို့ ပြောကြားခဲ့ပါတယ်။

ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင်ဟာ ဧပြီ ၃၀ ရက်မှာ မာဒူရိုကို ရာထူးမှ ဖြုတ်ချနိုင်ရေး ကြိုးစားခဲ့သော်လည်း တပ်မတော်သား ၃၀ ဦးသာ သူ့ဘက်မှာ ပါဝင်ခဲ့လို့ ဘယ်လိုမှ အရေးမလှ ဖြစ်ခဲ့ပါတယ်။ အဲဒီဖြစ်စဉ်မှာ ဆန္ဒပြသူတွေနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကြား နှစ်ရက်ကြာ ထိတွေ့မှုတွေ ဖြစ်ပွားခဲ့ပါတယ်။

အဲဒီအချိန်ကစပြီး မာဒူရိုရဲ့အစိုးရဟာ အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုနဲ့ သူ့ရဲ့မဟာမိတ်တွေ၊ ထောက်ခံသူတွေကို ဖိနှိပ်မှုတွေ ပြုလုပ်ခဲ့ပါတော့တယ်။ သို့သော်လည်း ဗင်နီဇွဲလားအရေးဟာ တည်ငြိမ်သွားတယ်လို့ ရှိမှာမဟုတ်သေးဘဲ ဆူပူမှုတွေ ထပ်မံပေါ်ပေါက်လာနိုင်တယ်လို့ သုံးသပ်ရပါတယ်။

### မလွယ်လောက်သေးဘူး

ယခင်က ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုဟာ သူ့ကိုယ်သူ ယာယီသမ္မတအဖြစ် ကြေညာပြီးနောက်မှာ ကြားဖြတ်ရွေးကောက်ပွဲလုပ်ပေးဖို့ ဥရောပနိုင်ငံတွေက ပေးပို့လိုက်တဲ့ရာဇသံကို လက်ရှိသမ္မတနီကိုးလပ်စ်မာဒူရိုက ပယ်ချလိုက်ပါတယ်။ ဗင်နီဇွဲလားနိုင်ငံမှာ သမ္မတအပြောင်းအလဲ အခြေအနေဟာ ကမ္ဘာ့အရေးမှာ သက်ဝင်လှုပ်ရှားစေပါတယ်။ ဗင်နီဇွဲလားအရေးဟာ လွယ်မယောင်နဲ့ ခက်သလို တိမ်မယောင်နဲ့ နက်နေတယ်လို့ ပြောရမလိုဖြစ်နေပါတယ်။ လက်တင်အမေရိကနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဗင်နီဇွဲလားနိုင်ငံဟာ စီးပွားရေး ယိုယွင်းလာမှုကြောင့် စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာမှုမှ အစပြုလို့ နိုင်ငံအတွင်း ဆူပူအုံကြွမှုတွေ ဖြစ်လာကာ ထိုမှတစ်ဆင့် ယနေ့အခြေအနေထိတောင် ရောက်လာတာ ဖြစ်ပါတယ်။

အတိုက်အခံဘက်က မိမိကိုယ်မိမိ သမ္မတအဖြစ် ကြေညာသူ ဂျူအန်ဂွိုက်ဒိုကလည်း သမ္မတ



ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒို။

မာဒူရိုလက်ထက်မှာ စီးပွားရေး ကျဆင်းတယ်လို့ ထင်ကာ နိုင်ငံ့အခြေအနေမှာလည်း ရုပ်လုံးမကြွဖြစ်နေတယ်လို့ သုံးသပ်နေသလို ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲကိုလည်း သဘောကျဟန် မတူပါဘူး။ တစ်ဖက် မာဒူရိုကလည်း သူသာလျှင် တိုင်းပြည်ရဲ့ သမ္မတ၊ သူသာလျှင် ရွေးကောက်ပွဲ နိုင်ခဲ့သူဟုဆိုကာ ၂၀၂၅ မတိုင်မီအထိ ရွေးကောက်ပွဲကို ပြန်လည်ကျင်းပမယ့် အရိပ်အယောင်တောင် မပြခဲ့ပါဘူး။ သူတို့နှစ်ဦးရဲ့ အားပြိုင်မှုကြောင့် နိုင်ငံကြီး တည်ငြိမ်မှုရှိဖို့ မလွယ်လောက်သေးပါဘူး။

### စောင့်ကြည့်နေ

အမေရိကန် ဒုသမ္မတ မိုက်ပန့်စ်ကလည်း ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို ဗင်နီဇွဲလားသမ္မတအဖြစ် ကမ္ဘာ့နိုင်ငံအားလုံးက အသိအမှတ်ပြုပေးဖို့နဲ့ လွတ်မြောက်ရေးဘက်မှာ ရပ်တည်ကြဖို့ အမေရိကန်ပြည်ထောင်စုက တိုက်တွန်းကြောင်း ပြောကြားလိုက်ပါသေးတယ်။ နိုင်ငံရေးတင်းမာမှုတွေ တစ်နေ့တခြား မြင့်မားလာတဲ့ ဗင်နီဇွဲလားနိုင်ငံမှာ လက်ရှိသမ္မတ နီကိုးလပ်စ်မာဒူရိုနဲ့ ကြားဖြတ်သမ္မတအဖြစ် ကြေညာခဲ့သူ အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုတို့ရဲ့ အာဏာယှဉ်ပြိုင်မှုဟာ တစ်နေ့တခြား ကြီးမားလာနေတယ်ဆိုတာ ငြင်းမရပါဘူး။

အမေရိကန်ပြည်ထောင်စုအနေနဲ့ ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင်ဘက်မှာ ရပ်တည်နေကြောင်း အမေရိကန် ဒုသမ္မတမိုက်ပန့်က ထပ်လောင်းပြောကြားခဲ့ပါသေးတယ်။ ထို့အတူ ဗင်နီဇွဲလားနိုင်ငံမှာ လွတ်လပ်မှု ပြန်လည်ရရှိလာတဲ့အထိ အမေရိကန်အစိုးရအနေနဲ့ ဗင်နီဇွဲလားပြည်သူတွေနဲ့အတူ ရပ်တည်သွားမှာဖြစ်ကြောင်း ဒုသမ္မတ မိုက်ပန့်စ်က ဆိုပါတယ်။ ဒုသမ္မတ မိုက်ပန့်စ်တင်မကပါဘူး၊ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်လည်း ဗင်နီဇွဲလားနိုင်ငံရဲ့ အခြေအနေကို စောင့်ကြည့်လျက်ရှိပါတယ်။

ဗင်နီဇွဲလားနိုင်ငံဟာ စီးပွားရေးဆိုင်ရာ ယိုယွင်း ပျက်စီးနေတဲ့ အခြေအနေရှိပြီးတော့ ငွေကြေးဖောင်းပွခြင်း၊ စီးပွားရေးကျဆင်းခြင်း၊ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ အစားအစာနဲ့ ဆေးဝါးတွေ ပြတ်လပ်ခြင်းစတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ကုလသမဂ္ဂရဲ့အဆိုအရ စီးပွားရေး ကပ်ဆိုက်နေတဲ့ ဗင်နီဇွဲလားနိုင်ငံက ထွက်ပြေးလာတဲ့ လူဦးရေဟာ ၂၀၁၅ ခုနှစ်ကစပြီး ယခုအချိန်အထိ ၂ ဒသမ ၇ သန်းအထိ ရှိတယ်လို့ သိရပါတယ်။

### စိတ်ဝင်စားဖို့ကောင်းလာ

မာဒူရိုလက်ထက်မှာ နိုင်ငံဟာ စီးပွားရေးနဲ့ ပတ်သက်ပြီး ယိုယွင်းလာခဲ့ပါတယ်။ စီးပွားရေး ယိုယွင်းလာတဲ့ ဗင်နီဇွဲလားနိုင်ငံဟာ ကုန်ဈေးနှုန်းတွေ ခေါင်ခိုက်အောင်ကြီးလာပြီး အစားအစာတွေနဲ့ ဆေးဝါးတွေလည်း ပြတ်တောက်ခဲ့ပါတယ်။ ကြီးမြင့်လာတဲ့ ကုန်ဈေးနှုန်းတွေအပြင် နိုင်ငံတကာ အကူအညီတွေလည်း ပိတ်ဆို့ခံထားရတယ်ဆိုတော့ ဗင်နီဇွဲလားပြည်သူတွေအနေနဲ့ အခုတော့ ဘူးလေးရာ ဖရုံဆင့် ဆိုသလိုပါပဲ။

ဗင်နီဇွဲလား တပ်ဖွဲ့ဝင်တွေအနေနဲ့လည်း နိုင်ငံရဲ့အချုပ်အခြာ တည်တံ့ခိုင်မြဲရေးကို လက်ကိုင်ပြုထားသလို တစ်ဖက်ကလည်း လူသားချင်းစာနာထောက်ထားမှုကို အကြောင်းပြုနေပါတယ်။ ဒီနောက်ကွယ်မှာတော့ လက်ရှိသမ္မတမာဒူရိုနဲ့ ဂျူအန်ဂွိုက်ဒိုရဲ့ အားပြိုင်မှုကလည်း ရှိနေပါတယ်။

ဗင်နီဇွဲလားနိုင်ငံရေးဟာ တစ်စတစ်စနဲ့ စိတ်ဝင်စားဖို့ ကောင်းလာပါတယ်။ သူတို့တွေ ဘယ်လိုဆက်ဖြစ်မလဲ။ ဘယ်လိုဆက်လက်လုပ်ဆောင်မလဲ။ မာဒူရိုကလည်း ဘယ်လိုကိုင်တွယ်သွားမလဲ။ ဂျူအန်ဂွိုက်ဒိုကလည်း ဘယ်လိုမျိုးဆက်လက်လုပ်ဆောင်မလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။ ။

**အေအက်ဖ်ပီ**

**"တစ်ဖက် မာဒူရိုကလည်း သူသာလျှင် တိုင်းပြည်ရဲ့သမ္မတ၊ သူသာလျှင် ရွေးကောက်ပွဲနိုင်ခဲ့သူဟုဆိုကာ ၂၀၂၅ မတိုင်မီအထိ ရွေးကောက်ပွဲကို ပြန်လည်ကျင်းပမယ့် အရိပ်အယောင်တောင်မပြခဲ့ပါဘူး။ သူတို့နှစ်ဦးရဲ့ အားပြိုင်မှုကြောင့် နိုင်ငံကြီး တည်ငြိမ်မှုရှိဖို့ မလွယ်လောက်သေးပါဘူး"**

# ပြည်ပခရီးသွားများ လည်ပတ်ကြသည့် သရက်မြို့က ကိုလိုနီခေတ်အဆောက်အအုံများ

ပေါက်ကလေး(သရက်)

**သရက်ခရိုင် သရက်မြို့သည် မြန်မာနိုင်ငံအလယ်ပိုင်း ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းနဖူးတွင် တည်ရှိသည်။ သရက်မြို့ကို ကိုလိုနီအစိုးရလက်ထက် ၁၈၇၀ ပြည့်နှစ်တွင် ခရိုင်မြို့အဖြစ် သတ်မှတ်ခဲ့ပြီး ခရိုင်အတွင်း သရက်၊ ကံမ၊ မင်းတုန်း၊ မင်းလှ၊ ဆင်ပေါင်ဝဲ၊ အောင်လံမြို့နယ် ခြောက်မြို့နယ်ဖြင့် ပါဝင်ဖွဲ့စည်းထားသည်။**



သရက်မြို့တည် သမိုင်းဝင် ရွှေသက်လွှတ်ဘုရား။

သရက်မြို့သည် ကိုလိုနီခေတ် အစိုးရရုံးစိုက်ရာဒေသဖြစ်သဖြင့် နှစ်ပေါင်း ၁၃၀ ကျော်ရှိသည့် ကိုလိုနီခေတ်လက်ရာ အဆောက်အအုံများစွာနှင့် စစ်သင်္ချိုင်းများရှိသည့်အတွက် နိုင်ငံခြားခရီးသွား ဧည့်သည်များ ဧရာဝတီမြစ်ကြောင်းမှ စင်းလုံးငှား သုံးထပ်သင်္ဘောကြီးများဖြင့် ပွင့်လင်းရာသီတွင် တစ်လကို သင်္ဘော ၁၅ စင်းခန့် လူဦးရေ ၄၀၀ ကျော် လာရောက်လည်ပတ်လေ့ရှိကြသည်။

လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည်အများစုမှာ အမေရိကန်၊ အင်္ဂလန်၊ ဩစတြေးလျ၊ နယ်သာလန်၊ စပိန်၊ ဗြိတိန်၊ ဂျပန် စသည့် နိုင်ငံခြားခရီးသွားဧည့်သည်များ ဖြစ်သည်။

ကိုလိုနီခေတ် လက်ရာများနှင့် အငွေ့အသက်များကျန်ရှိရာ ဈေး၊ စာတိုက်၊ အ.ထ.က(၁)ကျောင်း၊ အရှိချင်းကျောင်း၊ တူရကီစစ်သင်္ချိုင်းနှင့် မြန်မာနိုင်ငံ၏ ရှေးအကျဆုံးနှင့် ပထမဆုံး ဂေါက်ကွင်းတို့ကို မြင်းလှည်းများဖြင့် လှည့်ပတ်ကြည့်ရှုကြသည်။

နိုင်ငံခြားခရီးသွားဧည့်သည်များ သရက်မြို့သို့ စိတ်ဝင်တစား လာရောက်ကြည့်ရှုသည့် မှတ်တမ်းဓာတ်ပုံ တချို့ကို တင်ပြလိုက်ရပါသည်။ ။



၁၉၄၂ ခုနှစ်က အင်္ဂလိပ်အရေးပိုင်ဖွင့်လှစ်ခဲ့သော သရက် အထက(၁)။




စိန့်မေရီဘုရားရှိခိုးကျောင်း။



နှစ်ပေါင်း ၁၃၀ ကျော်ရှိ အရှိချင်းကျောင်း။



သရက်မြို့ရှိ တူရကီစစ်သင်္ချိုင်း။



မြန်မာနိုင်ငံတွင် ပထမဦးဆုံးနှင့် ရှေးအကျဆုံး ဂေါက်ကွင်းဖြစ်သော သရက်ဂေါက်ကွင်း၌ ပြည်ပခရီးသွားများ ဂေါက်သီးရိုက်ကစားကြစဉ်။




နှစ်ပေါင်း ၁၃၀ သက်တမ်းရှိပြီဖြစ်သည့် အထိမ်းအမှတ် ဂေါက်ကလပ် ကျောက်တိုင်။




မင်းတုန်းလမ်းဘေးမှ မြင်ရသည့် သရက်ထောင်။




သရက်မြို့ စာတိုက်ကြီးသို့ ပြည်ပခရီးသွားများ လာရောက်လေ့လာကြစဉ်။



သရက်မြို့တွင်း လှည့်လည်ကြည့်ရှုနေကြသော ပြည်ပခရီးသွားများ။

# အင်းစိန်မြို့နယ်ရှိ ကျောက်တော်ကြီးဘုရား၌ ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပမည်



ညောင်ရေသွန်းပွဲတော်ကျင်းပမည့် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်မှ မဟာဗောဓိပင်အား တွေ့ရစဉ်။

**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၏ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) မင်းဓမ္မကုန်းတော်ပေါ်ရှိ ရင်ပြင်တော်၌ (၁၈) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ၁၃၈၁ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့ မေ ၁၈ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ညောင်ရေသွန်းပွဲတော်ကို ဂေါပကအဖွဲ့က ကြီးမှူး၍ ရင်ပြင်တော်ပေါ်ရှိ သီရိလင်္ကာနိုင်ငံမှ ပင့်ဆောင်စိုက်ပျိုးခဲ့သော ဒက္ခိဏသာခါမဟာဗောဓိပင်အား ဒေဝါဝင်း၊ ရာဇာဝင်း ခင်းကျင်း၍ ဓမ္မမိတ်ဆွေဘာသာရေးအသင်းအဖွဲ့များမှ ဦးဆောင်ကာ ကဆုန်ညောင်ရေသွန်းလောင်းပွဲ ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်လင်း**

# မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်ကားလမ်းကောင်းမွန်ရေး ခွင့်ပြုငွေကျပ် ၂၄၄၁၃ ဒသမ ၃၀၃ သန်း သုံးစွဲ၍ ပြုပြင်



မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းမပေါ်ရှိ ပြုပြင်ဆောင်ရွက်ပြီးသော လမ်းပိုင်းတစ်နေရာ။

**ရန်ကုန် မေ ၁၆**

မိတ္ထီလာ-တောင်ကြီး- ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုကားလမ်းမကြီးသည် ရှမ်းပြည်နယ်တစ်ခုလုံးအတွက် အဓိကကျသော လမ်းမကြီးဖြစ်သည့်အပြင် မြန်မာနိုင်ငံအတွက် နိုင်ငံတကာနှင့် ဆက်သွယ်သော လမ်းမကြီးဖြစ်ပြီး ကီလိုမီတာအားဖြင့် ၇၉၆ ကီလိုမီတာရှိသည်။

အဆိုပါလမ်းမကြီး၏ တာကော်ကျေးရွာ ကီလိုမီတာ တိုင်အမှတ် ၄၅၄ ဒသမ ၃၃၈၁ မှ ကျိုင်းတုံမြို့ ကီလိုမီတာတိုင်အမှတ် ၆၃၃ ဒသမ ၃၇၈ အထိ ၁၇၉ ဒသမ ၀၄ ကီလိုမီတာအား ရှမ်းပြည်နယ်အရှေ့ပိုင်း ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးက ပိုင်ဆိုင်ပြီး ကားလမ်းတစ်လျှောက် အဆင်ပြေချောမွေ့ကောင်းမွန်ရေးအတွက် တာဝန်ယူပြုပြင်လျက်ရှိသည်။

အဆိုပါ လမ်းမှာ ၂၃-၃-၂၀၀၁ ခုနှစ်မှစ၍ တစ်နှစ် ရှစ်လကို ဟုန်ပန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေစဉ် နိုင်ငံတော်အစိုးရ၏ တာဝန်ပေးချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနက လွှဲပြောင်းယူခဲ့ပြီး ၂၀၀၂ ခုနှစ် နိုဝင်ဘာလမှစ၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းလက်အောက်ရှိ လမ်းလုပ်ငန်းအဖွဲ့လေးဖွဲ့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ မူလမြေလမ်းပျက်၊ အမာခံလမ်းပျက်နှင့် ကတ္တရာလမ်းပျက်များအား ကတ္တရာလမ်းကောင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ရာ ၁၇-၅-၂၀၀၅ ရက်တွင် တာကော်မှ ကျိုင်းတုံအထိ ကတ္တရာလမ်း ၁၁၄ မိုင် ပြီးစီးသဖြင့် ၁၄-၆-၂၀၀၅ ရက်တွင် အောင်မြင်စွာ လမ်းဖွင့်ပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေယာဉ်ကွင်း အထူးအဖွဲ့(၄)က တာကော်မှ မိုင်းပျဉ်းအထိ ၄၉ မိုင်ကိုလည်းကောင်း၊ အထူးစီမံကိန်းကြီး အထူးအဖွဲ့ အဖွဲ့ခွဲ (၃) နှင့် ကျိုင်းတုံခရိုင်တို့မှ မိုင်းပျဉ်းမှ ၁၁ မိုင် ရေတံခွန်အနီး ၅၃ မိုင်ကိုလည်းကောင်း လုပ်ငန်းများ တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။

ယခုလက်ရှိအနေဖြင့် တာကော်မှ ၁၁ မိုင် ရေတံခွန်အနီးအထိ (မိုင်တိုင်အမှတ် (၉၉) မိုင် ၇ ဖာလုံကို လမ်းအထူးအဖွဲ့(၃) မှလည်းကောင်း၊ (၁၁) မိုင် ရေတံခွန်အနီးမှ ကျိုင်းတုံအထိ (၁၁) မိုင် ၃ ဖာလုံကို ကျိုင်းတုံခရိုင် လမ်းဦးစီးဌာနမှ လည်းကောင်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၈ ခုနှစ် ခြောက်လဘဏ္ဍာနှစ်အထိ ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရတို့၏ ငွေလုံးငွေရင်း/ပြင်ထိန်းရန်ပုံငွေနှစ်ရပ် စုစုပေါင်း ငွေကျပ် ၂၄၄၁၃ ဒသမ ၃၀၃ သန်း အကုန်အကျခံသုံးစွဲ၍ အဆင့်မြှင့်တင်ပြုပြင်လျက်ရှိရာ အဆင်ပြေချောမွေ့လျက်ရှိနေပြီဖြစ်သည်။

**ခရမ်းစိုးမြင့်**

# မန္တလေးတောင်တော်သို့ အတက်အဆင်းတစ်ပြိုင်တည်း အသုံးပြုနိုင်မည့် စက်လှေကားအသစ် တပ်ဆင်သွားမည်

**မန္တလေး မေ ၁၆**

မန္တလေးတောင်တော် ဆုတောင်းပြည့်ရင်ပြင်တော်ပေါ်သို့ ရဟန်းရှင်လူဘုရားဖူးများနှင့် လာရောက်လေ့လာသူများအား သက်သောင့်သက်သာဖြင့် တက်ရောက်ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် အတက်အဆင်း တစ်ပြိုင်တည်း အသုံးပြုနိုင်သော စက်လှေကားအသစ်ကို တပ်ဆင်သွားမည်ဖြစ်ကြောင်း မန္တလေးတောင်တော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ(၁) ဦးလှမြင့်က ပြောသည်။

လက်ရှိတပ်ဆင်အသုံးပြုနေသည့် စက်လှေကားသည် ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့ အိုရီရမ်တယ်ကုမ္ပဏီမှ မှာယူ၍ ရန်ကုန် ပြည်သူ့ဆောက်လုပ်ရေးအလုပ်ရုံမှ အင်ဂျင်နီယာများနှင့် မန္တလေး ပြည်သူ့ဆောက်လုပ်ရေးဝန်ထမ်းများက ပူးပေါင်းတပ်ဆင်အသုံးပြုခဲ့သည်မှာ နှစ်ပေါင်း ၂၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည့်အပြင် အတက်အဆင်းကို တစ်ပြိုင်တည်း အသုံးပြု၍ မရကြောင်း သိရသည်။

"အခုရင် တပ်ဆင်အသုံးပြုနေတဲ့ စက်လှေကားက နှစ်ပေါင်း ၂၀ ကျော်ကြာမြင့်နေတဲ့အတွက် ပြုပြင်မွမ်းမံမှုတွေ လုပ်နေပေမယ့် သက်တမ်းက ကုန်နေပြီ။ နေ့ထူးနေ့မြတ်တွေမှာ လူအင်အားများများနဲ့ တက်နိုင်အောင် အခုလို အတက်အဆင်းတစ်ပြိုင်တည်းလုပ်နိုင်မယ့် နှစ်စင်းကို အသစ်အစားထိုးလဲလှယ်ပြီးအသုံးပြုဖို့ ကျွန်တော်တို့ ဂေါပကအဖွဲ့တွေ ညှိနှိုင်းတိုင်ပင်ဆုံးဖြတ်ပြီး မန္တလေးတောင်တော်သြဝါဒါစရိယဆရာတော်တွေရဲ့ သဘောတူညီမှုနဲ့အတူ ဆောင်ရွက်မှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါစက်လှေကားအသစ် နှစ်စီးကို တိုးမြှင့်ဆောင်ရွက်သည့်အခါတွင် အဆောက်အအုံကြံ့ခိုင်မှု ရှိ၊ မရှိ မေလဒုတိယပတ်အတွင်းက စတင်စမ်းသပ်စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီး အဆိုပါ စစ်ဆေးတွေ့ချက်မှုအပေါ် မူတည်၍ စက်လှေကားအသစ်များကို တင်ဒါစနစ်ဖြင့် ကုမ္ပဏီများမှ စနစ်တကျ မှာယူတပ်ဆင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ထို့ပြင် မန္တလေးတောင်တောင်ဂေါပကအဖွဲ့မှ မန္တလေးတောင်တော်ပေါ်ရှိ ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် စောင်းတန်းများ အစရှိသည့် နေရာများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပြုပြင်ထိန်းသိမ်းမှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ဖြိုးကျော်**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၆-၅-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၂၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၄၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၂၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၅၅/၁၀၀၀ ကျပ် | ၁၀၀၀/၁၀၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၆၅/၁၀၁၀ ကျပ် | ၁၀၂၀/၁၀၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၅၀/၉၀၀ ကျပ် | ၉၄၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၇၀ ကျပ် | ၁၀၁၀/၁၀၃၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၉ ‧ ၂ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၂၇ ‧ ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၅ ‧ ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၇၆ ‧ ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၀၅ ‧ ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၆ ‧ ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၃ ‧ ၇၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ‧ ၉၅၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၉ ‧ ၅၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၉ ‧ ၆၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ‧ ၇၃၂ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လာလီဂါပွဲစဉ် (၃၈)

| စနေနေ့ | | | ၁၈-၅-၁၉ |
|---|---|---|---|
| လီဗန်တေး | - | အက်သလက် | ည ၅း၃၀ |
| အက်စ်ပန်ညို | - | ဆိုစီဒက်စ် | ည ၈း၄၅ |
| ဂီတာဖေး | - | ဗီလာရီးရဲ | ည ၈း၄၅ |
| ဆီဗီလာ | - | ဘီဘာအို | ည ၈း၄၅ |
| ဗယ်လာဒိုးလစ် | - | ဗလင်စီယာ | ည ၈း၄၅ |
| အလာဗက်စ် | - | ဂျီရိုနာ | နံနက် ၁း၁၅ |
| ဆယ်တာဗီဂို | - | ဗယ်လီကာနို | နံနက် ၁း၁၅ |
| ဝက်စ်ကာ | - | လီဂါနက်စ် | နံနက် ၁း၁၅ |
| **တနင်္ဂနွေနေ့** | | | **၁၉-၅-၁၉** |
| ရီးရဲ | - | ဘက်တစ် | ည ၄း၃၀ |
| အီဘာ | - | ဘာစီလိုနာ | ည ၈း၄၅ |

## ဘွန်ဒက်လီဂါပွဲစဉ် (၃၄)

| စနေနေ့ | | | ၁၈-၅-၁၉ |
|---|---|---|---|
| ဘိုင်ယန် | - | ဖရန့်ဖွတ် | ည ၈း၀၀ |
| ရှော့လ်ကာ | - | စတုဂတ် | ည ၈း၀၀ |
| ဂလာဘတ်ချ် | - | ဒေါ့မွန် | ည ၈း၀၀ |
| ဟာသာဘာလင် | - | လေဗာကူဆင် | ည ၈း၀၀ |
| ဝါဒါဘရီမင် | - | လိုက်ပ်ဇစ် | ည ၈း၀၀ |
| ဖရိုင်းဘတ် | - | နူရင်ဘတ် | ည ၈း၀၀ |
| မိန့်ဇ် | - | ဟော့ဖန်ဟိမ်း | ည ၈း၀၀ |
| ဝုဖ်ဘတ် | - | အော့ဘတ် | ည ၈း၀၀ |
| ဖော်ကျူနာ | - | ဟန်နိုဗာ | ည ၈း၀၀ |

## အက်ဖ်အေဖလားဖိုင်နယ်ပွဲ

| စနေနေ့ | | | ၁၈-၅-၁၉ |
|---|---|---|---|
| မန်စီးတီး | - | ဝက်ဖို့ဒ် | ည ၁၀း၃၀ |

## ကစားသမား ၁၀ ဦးကျော် ရောင်းချရန် ရီးရဲမက်ဒရစ်အသင်း စီစဉ်ထား

**ထက်အောင်**

ယခုနွေရာသီဈေးကွက်ကာလအတွင်းတွင် အပြောင်းအလဲများစွာ ပြုလုပ်ရန် ရည်ရွယ်ထားသည့် စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်းသည် ယခုနွေရာသီဈေးကွက်ကာလအတွင်းတွင် အသင်းမှ ကစားသမား ၁၄ ဦး ကျော်အထိ ရောင်းချသွားရန် စီစဉ်နေကြောင်း သတင်းများ ထွက်ပေါ်လာသည်။

ရီးရဲမက်ဒရစ်အသင်းသည် ပြီးခဲ့သည့် ၂၀၁၈-၁၉ ခုနှစ် ဘောလုံးရာသီ၏ စပိန်လာလီဂါပြိုင်ပွဲတွင် အမှတ်ပေး ဇယား၏ အဆင့် ၃ နေရာ၌သာ ရပ်တည်နိုင်ခဲ့ကာ အခြားအဓိကပြိုင်ပွဲများတွင်လည်း ဆုဖလားလက်မဲ့ဖြစ်ခဲ့ရပြီး ဆိုးရွားသည့် ရာသီတစ်ခု ကြုံတွေ့ခဲ့ရခြင်းကြောင့် ရီးရဲအသင်းနည်းပြ ဇီဒန်းအနေဖြင့် နွေရာသီဈေးကွက်ကာလအတွင်း အသင်းအား ကြီးမားသည့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် စီစဉ်ထားခြင်းဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းမှ ဂိုးသမား ကီလာနာဗက်စ်၊ ကွင်းလယ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်နှင့် တောင်ပံတိုက်စစ်ကစားသမား ဂါရတ်ဘေးလ်တို့သည် ရီးရဲအသင်းမှ ရောင်းချရန် ရည်ရွယ်ထားသည့် ကစားသမားများ စာရင်းတွင် ပါဝင်နေကြောင်း မာကာသတင်းစာက ရေးသားဖော်ပြခဲ့သည်။ ထို့အပြင် ဗဟိုခံစစ်မှူး ဂျီးဆက်စ်ဗာလီဂျို၊ ဘယ်တောင်ပံခံစစ်မှူးများဖြစ်သည့် သီယိုဟာနန်ဒက်ဇ်နှင့် ဆာဂျီယိုရီဂူလီယွန်တို့ကိုလည်း နည်းပြ ဇီဒန်း နှစ်သက်မှုမရှိသောကြောင့် အဆိုပါ ကစားသမားများသည့် ရောင်းချမည့် စာရင်းတွင် ပါဝင်လာဖွယ်ရှိနေသည်ဟုဆိုသည်။ ကိုဗာဆစ်၊ အိုဒီဂတ်၊ ဒန်နီဆီ ဘာလေ့စ်၊ မားကို့စ် လော်ရန်တီနှင့် အော်စကာ ရိုဒရီဂေးဇ်စသည့် ကစားသမားများသည်လည်း ရီးရဲအသင်းမှ ထွက်ခွာရဖွယ်ရှိနေသည်။

နည်းပြ ဇီဒန်းအနေဖြင့် အသင်းအား ပြန်လည်တည်ဆောက်ရာတွင် ချယ်လ်ဆီးအသင်းတောင်ပံကစားသမား အီဒင် ဟာဇက်၊ မန်ယူအသင်း ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဂ်ဘာနှင့် ဖရန့်ဖွတ်အသင်းတိုက်စစ်မှူး လုကာဂျိုဗစ်တို့ကို ပြန်လည်ခေါ်ယူရန် ပစ်မှတ်ထားနေသည်ဟုဆိုသည်။





# ဝင်ဘလေမှာ အောင်ပွဲထပ်ယူမယ့် မန်စီးတီး

**ဝေမိုးဆက်**



**၂၀၁၈-၁၉ ခုနှစ် ဘောလုံးရာသီ အင်္ဂလန်အက်ဖ်အေဖလားပြိုင်ပွဲရဲ့နောက်ဆုံးဖိုင်နယ်ပွဲကို မေ ၁၈ ရက်မှာတော့ အင်္ဂလန်နိုင်ငံ ဝင်ဘလေကွင်းအတွင်းမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီနှစ်အက်ဖ်အေဖလားပြိုင်ပွဲရဲ့ ဖိုင်နယ်ပွဲမှာတော့ ပရီမီယာလိဂ်ချန်ပီယံမန်စီးတီးနဲ့ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း အဆင့် ၁၁ နေရာမှာသာ ရပ်တည်နိုင်ခဲ့တဲ့ ဝက်ဖို့ဒ်တို့ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဒီနှစ်သင်းဟာ ကစားသမားအင်အားရော အစစအရာရာကွာဟနေပေမယ့်လည်း ၂၀၁၃ ခုနှစ်အက်ဖ်အေဖလားပြိုင်ပွဲရဲ့ဖိုင်နယ်ပွဲကို မန်စီးတီးအနေနဲ့ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ဒုတိယနေရာမှာရပ်တည်နိုင်တဲ့အသင်းအဖြစ် တက်ရောက်နိုင်ခဲ့ပေမယ့် အဆိုပါဖိုင်နယ်ပွဲမှာတော့ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း တန်းဆင်းခဲ့ရတဲ့ ဝီဂန်နဲ့ရင်ဆိုင်ရာမှာ အရေးနိမ့်ခဲ့တာကြောင့် ချန်ပီယံဆုဖလားနဲ့ လွဲချော်ခဲ့ရပြီး ဒုတိယနဲ့သာကျေနပ်ခဲ့ရပါတယ်။ ဒါကြောင့်လည်း ဒီတစ်ကြိမ်မှာရော မန်စီးတီးအနေနဲ့ ၂၀၁၃ ခုနှစ်ကလို ခြေချော်နိုင်မလားဆိုတာအပြင် ဒီနှစ်အက်ဖ်အေဖလားကို ဘယ်အသင်းကရရှိသွားမလဲဆိုတာကပါ စိတ်ဝင်စားဖို့ကောင်းလာပါတယ်။**

### မန်စီးတီးရဲ့အခြေအနေ

မန်စီးတီးဟာ အက်ဖ်အေဖလားပြိုင်ပွဲအတွင်း အဆိုပါ ၂၀၁၃ ခုနှစ်က ဖိုင်လ်လုပွဲကိုတက်ရောက်ပြီးတဲ့နောက်ပိုင်း အခုမှသာဖိုင်လ်လုပွဲကို ပြန်လည်တက်ရောက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် မန်စီးတီးအနေနဲ့ ကလပ်သမိုင်းကြောင်းတစ်လျှောက်မှာ အခုလို အက်ဖ်အေဖလားပြိုင်ပွဲရဲ့ဖိုင်လ်လုပွဲကို တက်ရောက်လာနိုင်ခြင်းဟာ ၁၁ ကြိမ်မြောက်ဖြစ်ပြီး အရင် ၁၀ ကြိမ်မှာတော့ ငါးကြိမ်ချန်ပီယံဆုဖလား ရယူနိုင်ခဲ့ကာ ငါးကြိမ်ကတော့ ဒုတိယနဲ့သာကျေနပ်ခဲ့ရပါတယ်။ မန်စီးတီးတို့ အက်ဖ်အေဖလားကို ပထမဆုံးအကြိမ်အဖြစ်ရယူနိုင်ခဲ့တာကတော့ ၁၉၀၄ ခုနှစ်က ဖြစ်ပြီး နောက်ဆုံးရယူနိုင်ခဲ့တာကတော့ ၂၀၁၁ ခုနှစ်က ဖြစ်ပါတယ်။ ဒါကြောင့် မန်စီးတီးဟာအက်ဖ်အေဖလားနဲ့ဝေးကွာလာတာ ရှစ်နှစ်တိတိရှိပြီဖြစ်တာကြောင့် ဒီပြိုင်ပွဲမှာ တစ်ကျော့ပြန်အောင်မြင်မှုပြန်ရဖို့ အားစိုက်ကစားလာမှာ ဖြစ်ပါတယ်။ အထူးသဖြင့် မန်စီးတီးဟာ ဒီနှစ်အင်္ဂလန်ဘောလုံးလောကအတွင်း ကွန်မြူနတီဒိုင်း၊ ပရီမီယာလိဂ်ဖလားနဲ့ ကာရာဘောင်ဖလားတို့ကိုလည်း အရယူထားနိုင်တာကြောင့် ဒီအက်ဖ်အေဖလားကိုသာအရယူနိုင်ခဲ့မယ်ဆိုရင် ပြည်တွင်းဆုဖလားအားလုံးကို တစ်ရာသီအတွင်းတစ်ပြိုင်နက် ရယူနိုင်တဲ့စံချိန်ကိုပါ ရရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း မန်စီးတီးတို့ ခြေကုန်ထုတ်လာမှာဖြစ်သလို လက်ရှိခြေစွမ်းကလည်းကောင်းမွန်နေပါတယ်။ အထူးသဖြင့် လက်ရှိအချိန်မှာ မန်စီးတီးဟာ ဒဏ်ရာပြဿနာနည်းပါးနေသလို ကွန်ပါနေး၊ အဂူရို၊ ဘာနာဒိုဆေးလ်ဗား၊ စတားလင်းတို့လိုအဓိကကစားသမားတွေအားလုံးလည်း အကောင်းဆုံးခြေစွမ်းကိုရရှိနေတာကြောင့် စုဖွဲ့မှုရော အသင်းလိုက်စွမ်းဆောင်ရည်အပြင် တစ်ဦးချင်းခြေစွမ်းပိုင်းပါ အကောင်းဆုံးအခြေအနေ ဖြစ်နေပါတယ်။

### ဝက်ဖို့ဒ်ရဲ့အခြေအနေ

ဝက်ဖို့ဒ်ကတော့ ဒီနှစ်အက်ဖ်အေဖလားပြိုင်ပွဲအတွင်း အခုလို ဖိုင်လ်လုပွဲကိုတက်ရောက်နိုင်ခဲ့တာက ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ ဝက်ဖို့ဒ်ဟာ အရင်က အက်ဖ်အေဖလားပြိုင်ပွဲမှာ ဖိုင်လ်လုပွဲကို ဘယ်တုန်းကမှ တက်ရောက်နိုင်ခြင်းမရှိခဲ့ဘဲ အမြင့်ဆုံးအဆင့်အဖြစ် ၁၉၈၄ ပြိုင်ပွဲမှာ ကွာတားအဆင့်ကိုတက်ရောက်နိုင်ခြင်းသာရှိခဲ့ပါတယ်။ ဒါ့အပြင် ဝက်ဖို့ဒ်ဟာ အသင်းသမိုင်းကြောင်းတစ်လျှောက်မှာ အဓိက ဆုဖလားတစ်လုံးမှ ရယူထားနိုင်ခြင်းလည်းမရှိခဲ့ပါဘူး။ ဒါကြောင့် ဝက်ဖို့ဒ်အနေနဲ့ အသင်းသမိုင်းကြောင်းတစ်လျှောက်မှာ ပထမဆုံး အကြိမ်အဖြစ် အဆင့်မြင့်ဆုဖလားတစ်လုံးကို ဆွတ်ခူးနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်ပါတယ်။ အထူးသဖြင့် ဝက်ဖို့ဒ်ဟာ အသင်းသမိုင်းကြောင်းတစ်လျှောက်မှာ ဥရောပပြိုင်ပွဲတွေကိုလည်း ဝင်ရောက်နိုင်စွမ်း မရှိခဲ့ပါဘူး။ တကယ်လို့ ဒီပြိုင်ပွဲမှာသာ ဖိုလ်စွဲခဲ့မယ်ဆိုရင်တော့ ယူရိုပါလိဂ်ပြိုင်ပွဲကို အုပ်စုအဆင့်ကနေဝင်ခွင့်ရမှာ ဖြစ်ပါတယ်။ တကယ်လို့ ဒီပြိုင်ပွဲမှာ မန်စီးတီးကဖိုလ်စွဲခဲ့မယ်ဆိုရင်တော့ ဝက်ဖို့ဒ်တို့ ယူရိုပါလိဂ်ဝင်ခွင့်ရမှာ မဟုတ်ဘဲ ပရီမီယာလိဂ်မှာအဆင့် ၇ နေရာကိုရယူနိုင်ခဲ့တဲ့ ဝုဖ်က ယူရိုပါလိဂ်ကို ဒုတိယအဆင့်ခြေစစ်ပွဲကနေ ဝင်ခွင့်ရသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဝက်ဖို့ဒ်အနေနဲ့ အသင်းသမိုင်းကြောင်းတစ်လျှောက် ဆုဖလားတစ်လုံးပထမဆုံးအကြိမ် ရယူနိုင်ဖို့အပြင် အသင်းသမိုင်းကြောင်းတစ်လျှောက် ဥရောပအဆင့် ပြိုင်ပွဲတွေကို ပထမဆုံးဝင်ခွင့်ရဖို့အတွက်ပါ ဒီပြိုင်ပွဲမှာ ဖိုလ်စွဲနိုင်အောင်ခြေကုန်ထုတ်ကစားလာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဝက်ဖို့ဒ်ဟာ အသင်းလိုက်ကစားပုံမာကျောတဲ့အသင်းဖြစ်သလို တန်ပြန်ထိုးစစ်ကိုလည်း လျင်လျင်မြန်မြန်ကစားနိုင်စွမ်းရှိတဲ့အသင်းဖြစ်နေတာကြောင့်လည်း လျှော့တွက်ဖို့ခက်ပါတယ်။

### ယခုနှစ်ရာသီဆုံတွေ့မှု

ဒါပေမယ့် ဒီနှစ်ပရီမီယာလိဂ်ပြိုင်ပွဲအတွင်းမှာ မန်စီးတီးနဲ့ ဝက်ဖို့ဒ်တို့နှစ်ကြိမ်တိုင်တိုင် ဆုံတွေ့ခဲ့ရာမှာတော့ မန်စီးတီးကသာ နှစ်ပွဲစလုံးအနိုင်ရခဲ့ပါတယ်။ ပထမအကျော့ ဝက်ဖို့ဒ်ရဲ့အိမ်ကွင်းမှာ ကစားခဲ့တုန်းက မန်စီးတီးက ၁-၂ ဂိုးနဲ့အနိုင်ရခဲ့တာဖြစ်ပြီး ဒုတိယအကျော့ မန်စီးတီးရဲ့အိမ်ကွင်းမှာကစားခဲ့ရာမှာလည်း မန်စီးတီးကသာ ၃-၁ ဂိုးနဲ့အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

### သုံးသပ်ချက်

အထူးသဖြင့် အဆိုပါနှစ်ပွဲစလုံးမှာ မန်စီးတီးဟာ ဝက်ဖို့ဒ်ကို ခြေစွမ်းအသာစီးနဲ့ချည်းကစားနိုင်ခဲ့ပါတယ်။ ဝက်ဖို့ဒ်ရဲ့အိမ်ကွင်းမှာ ကစားခဲ့ရာမှာလည်း မန်စီးတီးဟာ ဘောလုံးပိုင်ဆိုင်မှု ၆၇ ရာခိုင်နှုန်းအသာ၊ ဂိုးပေါက်ကန်သွင်းမှု ၁၃ ကြိမ်နဲ့ တစ်ဖက်သတ်ဖိကစားနိုင်ခဲ့သလို မန်စီးတီးရဲ့အိမ်ကွင်းမှာကစားခဲ့ရာမှာလည်း မန်စီးတီးက ဘောလုံးပိုင်ဆိုင်မှု ၆၆ ရာခိုင်နှုန်းအသာ၊ ဂိုးပေါက်ကန်သွင်းမှု ၁၃ ကြိမ်နဲ့ တစ်ဖက်သတ်နီးပါးဖိကစားနိုင်ခဲ့တာကိုကြည့်ရင် ဒီနှစ်သင်းကြားမှာ ခြေစွမ်းကွာဟလွန်းနေတာမြင်သာပါတယ်။ အထူးသဖြင့် ဒီဘရူနီ၊ ဘာနာဒိုဆေးလ်ဗား၊ မာရက်ဇ်၊ ဂန်ဒိုဂန်တို့ရှိနေတဲ့ မန်စီးတီးကွင်းလယ်ကို ဝက်ဖို့ဒ်ကွင်းလယ်က ယှဉ်နိုင်ဖို့ခက်တာကြောင့် ဒီပွဲမှာလည်း မန်စီးတီးကသာ ဖိအားပေးကစားနိုင်ဦးမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မန်စီးတီးအနေနဲ့ ၂၀၁၃ တုန်းကလို ခြေမချော်အောင်လည်း ဂရုတစိုက်ကစားလာမှာဖြစ်တာကြောင့် ဒီနှစ်အင်္ဂလန် ဘောလုံးရာသီမှာတော့ မန်စီးတီးကသာဆုဖလားအားလုံးအရယူသွားဖို့ရှိနေတယ်လို့သာ ဆိုချင်မိပါတယ်။ ။

## ၂၀၁၉ အက်ဖ်အေဖလားဖိုင်နယ်ပွဲ

| | | |
|---|---|---|
| နေ့ | - | မေ ၁၈ |
| အချိန် | - | ည ၁၀း၃၀ |
| ကွင်း | - | ဝင်ဘလေ |
| အသင်း | - | မန်စီးတီး - ဝက်ဖို့ဒ် |
| ကွင်းလယ်ဒိုင် | - | ကီဗင်ဖရန့် |
| အရန်ကစားသမား | - | ၇ ဦး |
| လူစားလဲခွင့် | - | ၃ ဦး (အချိန်ပိုတွင် တစ်ဦးထပ်မံလဲခွင့်ရှိ) |
| ကျင်းပမည့်ပုံစံ | - | မိနစ် ၉၀၊ အချိန်ပို မိနစ် ၃၀၊ ပယ်နယ်တီအဆုံးအဖြတ် |

# ဘယ်သွားမလဲ ဂရစ်ဇ်မန်း

အောင်က

**အက်သလက်တီကိုအသင်းတိုက်စစ်မှူး ဂရစ်ဇ်မန်းရဲ့အနာဂတ်နဲ့ပတ်သက်တဲ့ သတင်းတွေဟာ ပြီးခဲ့သည့် နှစ်ရာသီလောက်ကတည်းကလို့ ဆိုရမှာပါ။ ဒါပေမယ့် အခုတော့ ဂရစ်ဇ်မန်းကိုယ်တိုင်က သူ့အနေနဲ့ အသင်းကနေ ထွက်ခွာတော့မယ်ဆိုတဲ့အကြောင်းကို တရားဝင်ထုတ်ပြန်ကြေညာလိုက်ပြီ ဖြစ်ပါတယ်။**

ပြီးခဲ့တဲ့နွေရာသီဈေးကွက်ကတည်းက ဘာစီလိုနာအသင်းက အပြင်းအထန် ခေါ်ယူခဲ့ပေမယ့် အသင်းနဲ့ စာချုပ်သစ်ထပ်မံချုပ်ဆိုလိုက်ပြီးအသင်းမှာ ဆက်လက်ရှိနေခဲ့သူလည်း ဖြစ်ပါတယ်။ အခုတော့ သူ့ရဲ့အသင်းက ထွက်ခွာမယ်ဆိုတဲ့ သတင်းနဲ့အတူ ဘယ်ကိုသွားမလဲဆိုတာကလည်း လူတိုင်း စိတ်ဝင်စားနေကြပြီဖြစ်ပါတယ်။ ဂရစ်ဇ်မန်းဘယ်ကိုသွားမလဲ။ လက်ရှိထွက်ပေါ်နေတဲ့သတင်းတွေအရ တွက်ချက်ကြည့်မယ်ဆိုရင်တော့ ဂရစ်ဇ်မန်းရဲ့ဦးတည်ရာဟာ သုံးနေရာပဲ ရှိတယ်လို့ဆိုရမှာပါ။

### ဘာစီလိုနာ

ဘာစီလိုနာအသင်းဟာ ဒီနှစ်ရာသီမှာတော့ ချန်ပီယံလိဂ်မှာ လီဗာပူးနဲ့တွေ့ဆုံပြီး ဆီမီးဖိုင်နယ်အဆင့်နဲ့သာ ကျေနပ်ခဲ့ရတဲ့အသင်းဖြစ်ပါတယ်။ အထူးသဖြင့် ဆီမီးဖိုင်နယ် ဒုတိယကျော့မှာ လီဗာပူးအသင်းကို လေးဂိုး-ဂိုးမရှိနဲ့ ဂိုးပြတ်ရှုံးနိမ့်ခဲ့တာကလည်း ဘာစီလိုနာအသင်းရဲ့ သမိုင်းမှာတော့ ကြီးမားတဲ့ အမည်းစက်တစ်ခုလည်း ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့်လည်း ဘာစီလိုနာအသင်းဟာ လာမယ့်ရာသီမှာတော့အခုလို ရလဒ်မျိုးမဖြစ်ရအောင် ကြိုးစားသွားဖို့ဆန္ဒ ရှိနေပါတယ်။

ဘာစီလိုနာအသင်းအနေနဲ့ အက်သလက်တီကိုတိုက်စစ်မှူး ဂရစ်ဇ်မန်းကို ခေါ်ယူချင်နေခဲ့တာကတော့ အချိန်အတော်ကလေးကိုကြာခဲ့ပြီလို့ပြောရမှာပါ။ ဒါပေမယ့် ခေါ်ယူတိုင်းလည်း ငြင်းဆန်ခံခဲ့ရတာကြောင့် ခေါ်ယူမှုဟာ မအောင်မြင်ဘူးလို့ပြောရမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် နွေရာသီတုန်းကဆိုရင်လည်း ခေါ်ယူနိုင်ဖို့အပြင်းအထန်ကြိုးစားခဲ့ပေမယ့် ဂရစ်ဇ်မန်းက စာချုပ်သစ် ထပ်မံချုပ်ဆိုသွားတာကြောင့် မခေါ်ယူနိုင်ခဲ့ပါဘူး။

လက်ရှိအချိန် ဘာစီလိုနာအသင်းရဲ့အခြေအနေကို ကြည့်မယ်ဆိုရင်တော့ ကော်တင်ညိုကလည်း ဘာစီလိုနာအသင်းကနေ ထွက်ခွာဖို့ သေချာသလောက်ရှိနေပြီ။ လူငယ်ကစားသမား ဒမ်ဘီလီကလည်း နေမာရဲ့နေရာမှာ အကောင်းဆုံးအစားဝင်နိုင်ဖို့မဖြစ်နိုင်သေးဘူး။ ဒါကြောင့်လည်း ဂရစ်ဇ်မန်းသာ ဘာစီလိုနာရဲ့တိုက်စစ်ပိုင်းအတွက် အသင့်တော်ဆုံးလို့ပြောရမယ်။

မက်ဆီ၊ ဆွာရက်ဇ်တို့ရှိနေတဲ့ ဘာစီလိုနာရဲ့တိုက်စစ်ပိုင်းဟာ ဂရစ်ဇ်မန်းသာ ပါဝင်လာခဲ့မယ်ဆိုရင်တော့ အကောင်းဆုံးဖြစ်လာနိုင်တယ်။ ဒါကြောင့်လည်း ဂရစ်ဇ်မန်းရဲ့ဦးတည်ရာဟာ ဘာစီလိုနာအသင်းကို အများဆုံးဖြစ်နိုင်တယ်လို့ဆိုရမှာ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ အိုင်းယက်စ်လူငယ်ကစားသမားဖြစ်တဲ့ ဖရန်ကီဒီဂျောင်ကို ခေါ်ယူထားပြီးဖြစ်သလို ဒီလိုက်ကိုလည်း ခေါ်ယူဖို့ရှိနေတယ်။ ဒါကြောင့်လည်း လာမယ့်ရာသီမှာတော့ ဘာစီလိုနာအသင်းကို အင်အားအတောင့်တင်းဆုံးအသင်းအဖြစ်တောင် တွေ့မြင်ရဖို့ ရှိနေတယ်။

### ပီအက်စ်ဂျီ

ပီအက်စ်ဂျီအသင်းရဲ့အဓိကရည်မှန်းချက်ကိုပြောပါဆိုရင်တော့ ချန်ပီယံလိဂ်အောင်မြင်မှုရရှိဖို့ဖြစ်တယ်လို့ ပြောရမယ်။ ပီအက်စ်ဂျီအသင်းဟာ ဒီနှစ်ရာသီချန်ပီယံလိဂ်မှာဆိုရင်လည်း မန်ယူအသင်းကို ရှုံးနိမ့်ပြီး ချန်ပီယံလိဂ်အိပ်မက်တွေ ပျက်ပြယ်ခဲ့ရတယ်။

ပီအက်စ်ဂျီအသင်းအတွက် ပြည်တွင်းအမှတ်ပေးဆုဖလားရဖို့က လွယ်ပေမယ့် ဥရောပအဆင့်ထိပ်တန်းအသင်းတွေနဲ့တွေ့ဆုံရာမှာတော့ လိုအပ်ချက်တွေက ရှိနေတုန်းလို့ပြောရမယ်။ ပီအက်စ်ဂျီအသင်းရဲ့တိုက်စစ်မှူး ကာဗာနီဆိုရင်လည်း အသက်အရွယ်က အကျပိုင်းကို ရောက်နေပြီ။ ဒါကြောင့် အသင်းရဲ့တိုက်စစ်ပိုင်းမှာ နေမာ၊ အမ်ဘာပေတို့နဲ့တွဲကစားဖို့ဆိုရင် ဂရစ်ဇ်မန်းက အသင့်တော်ဆုံးလို့ပြောရမယ်။

ပြီးခဲ့တဲ့ ၂၀၁၈ ကမ္ဘာ့ဖလားတုန်းကဆိုရင်လည်း ဂရစ်ဇ်မန်းဟာ အမ်ဘာပေနဲ့တွဲဖက်ပြီး ပြင်သစ်အသင်းအတွက် ကမ္ဘာ့ဖလားရယူပေးခဲ့တာကိုတော့ လူတိုင်းကမမေ့သေးဘူးလို့ထင်ပါတယ်။ ဒါကြောင့်လည်း အမ်ဘာပေ၊ ဂရစ်ဇ်မန်း၊ နေမာတို့ သုံးဦးသာ ပေါင်းသွားမယ်ဆိုရင် ဥရောပရဲ့အကောင်းဆုံးတိုက်စစ်ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့်လည်း ပီအက်စ်ဂျီအသင်းဟာ အမ်ဘာပေနဲ့ တွဲဖက်ကစားဖို့အတွက် ဂရစ်ဇ်မန်းကိုခေါ်ယူဖို့ လက်ရှိအချိန်မှာ အပြင်းအထန်ကြိုးစားနေခဲ့ပြီဖြစ်ပါတယ်။




### မန်ယူ

မန်ယူအသင်းဟာ ဂရစ်ဇ်မန်းကို ခေါ်ယူဖို့ စိတ်ဝင်စားနေခဲ့တာကတော့ မန်နေဂျာ ဗန်ဟားလ်ရှိနေခဲ့စဉ်ကတည်းကလို့ ပြောရမှာ ဖြစ်ပါတယ်။ အခုတော့ ဂရစ်ဇ်မန်း အသင်းကနေ ထွက်ခွာဖို့ ရှိနေတယ်လို့ ကြေညာထားတာကြောင့် မန်ယူအသင်းအတွက် ခေါ်ယူနိုင်ဖို့အခွင့်အရေးလို့ပြောရမှာပါ။

ဒါပေမယ့် မန်ယူအသင်းဟာ လာမယ့်ရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်နဲ့လွဲပြီး ယူရိုပါလိဂ်သာ ကစားရမှာဖြစ်တာကြောင့် ထိပ်တန်းကစားသမားတွေ ခေါ်ယူရေးမှာတော့ အဟန့်အတားဖြစ်နိုင်ပါတယ်။ ဒါပေမယ့် မန်ယူအသင်းရဲ့ ဂုဏ်သတင်းကြီးမားမှုနဲ့အတူ အင်္ဂလန်ရဲ့ထိပ်တန်းအဆင့်အဖြစ်ရှိနေသေးတာကိုတော့ ထည့်တွက်ကြည့်ရမှာ ဖြစ်ပါတယ်။ မန်ယူအသင်းအနေနဲ့ကလည်း ဒီနှစ်ရာသီမှာရလဒ်ပိုင်းတွေက အားရကျေနပ်စရာတွေ မရှိခဲ့တာကြောင့် ဂရစ်ဇ်မန်းလိုကစားသမားမျိုးကို ခေါ်ယူဖို့ ဆန္ဒရှိနေတာဖြစ်ပါတယ်။ ဒါ့အပြင် မန်ယူအသင်းဟာ ဘဏ္ဍာရေးအင်အားကလည်း တောင့်တင်းမှုရှိတာကြောင့် ပြောင်းရွှေ့ကြေးနဲ့လုပ်ခကိုတော့ နောက်မတွန့်ဘဲပေးနိုင်စွမ်းရှိပါတယ်။ ဒါကြောင့်လည်း ဂရစ်ဇ်မန်းရဲ့ဦးတည်ရာဟာ ပရီမီယာလိဂ်ရဲ့မန်ယူအသင်းကိုဖြစ်လာနိုင်တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ။

> **လက်ရှိအချိန် ဘာစီလိုနာအသင်းရဲ့ အခြေအနေကို ကြည့်မယ် ဆိုရင်တော့ ကော်တင်ညိုကလည်း ဘာစီလိုနာအသင်းကနေ ထွက်ခွာဖို့က သေချာသလောက်ရှိနေပြီ။ လူငယ်ကစားသမား ဒမ်ဘီလီကလည်း နေမာရဲ့နေရာမှာ အကောင်းဆုံးအစားဝင်နိုင်ဖို့မဖြစ်နိုင်သေးဘူး။ ဂရစ်ဇ်မန်းရဲ့ဦးတည်ရာဟာ ဘာစီလိုနာအသင်းကို အများဆုံးဖြစ်နိုင်တယ် လို့ဆိုရမှာ ဖြစ်ပါတယ်။**

## နွေရာသီဈေးကွက်အတွင်း ချယ်လ်ဆီးမှဟာဇက်ထွက်ခွာရန် မဖြစ်နိုင်ဟု ဒီမတ်တီယို သုံးသပ်

ချယ်လ်ဆီးအသင်း တောင်ပံတိုက်စစ်ကစားသမား အီဒင်ဟာဇက်အနေဖြင့် လာမည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလအတွင်းတွင် ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၀၀ ဖြင့် ပြောင်းရွှေ့ရန် ရည်မှန်းထားသော်လည်း အဆိုပါ အပြောင်းအရွှေ့ဖြစ်ပေါ်လာရန် မသေချာဟုယူဆကြောင်း ချယ်လ်ဆီးမန်နေဂျာဟောင်းတစ်ဦးဖြစ်သူ ရောဘတ်တို ဒီမတ်တီယိုက ထုတ်ဖော်ပြောဆိုလိုက်သည်။

အားကစား ဖျန်ဖြေရေး တရားရုံးက ချယ်လ်ဆီးအသင်းအား လာမည့် ကစားသမား အပြောင်းအရွှေ့ဈေးကွက်ကာလ နှစ်ခုအတွင်းတွင် ချယ်လ်ဆီးအသင်းအနေဖြင့် ကစားသမားသစ်များ ခေါ်ယူခြင်းမပြုရန် ပိတ်ပင်သည့် ပြစ်ဒဏ်ချမှတ်ထားခြင်းကြောင့် ချယ်လ်ဆီးအသင်း တာဝန်ရှိသူများက မိမိအား ရောင်းချခြင်း မပြုမည်ကို ဘယ်လ်ဂျီယံ ကစားသမား ဟာဇက် စိုးရိမ်နေသည်ဟုဆိုသည်။

ကစားသမားသစ် ဝယ်ယူခွင့် ပိတ်ပင်ခံထားရသည့် ပြစ်ဒဏ်ကြောင့် ချယ်လ်ဆီးအသင်းအနေဖြင့် ဟာဇက်အားအသင်းတွင် ဆက်ထိန်းထားနိုင်ရန် လိုအပ်သည်ဟု အီတလီလူမျိုး မန်နေဂျာ ဒီမတ်တီယိုက ဆက်လက်ပြောဆိုခဲ့သည်။

"ဟာဇက်ဟာ သူ့ရဲ့တစ်ကိုယ်တော်အစွမ်းနဲ့ ပွဲကို အပြောင်းအလဲ ပြုလုပ်ပေးနိုင်စွမ်းရှိတဲ့ ကစားသမား ဖြစ်ပါတယ်။ သူ့လိုကစားသမားမျိုး များများစားစား မရှိပါဘူး။ ချယ်လ်ဆီးအသင်းအနေနဲ့ ဒီလိုကစားသမားမျိုးကို လက်လွှတ်ဆုံးရှုံးရမယ်ဆိုရင် တကယ့်ကို ရှက်စရာပါပဲ။ ဟာဇက်ကို ဆုံးရှုံးရမယ်ဆိုရင် ဒါဟာ ကောင်းမွန်တဲ့ကိစ္စဖြစ်လာမှာ မဟုတ်ဘူး။ ဒါပေမယ့် လာမယ့် နွေရာသီအတွင်းမှာ ချယ်လ်ဆီးကနေ ဟာဇက် ထွက်ခွာဖို့က လွယ်ကူလိမ့်မယ်လို့ ကျွန်တော် မထင်ဘူး။ ချယ်လ်ဆီးအသင်းဟာ ကစားသမားခေါ်ယူခွင့် ပိတ်ပင်ခံထားရပါတယ်။ ဒီပြစ်ဒဏ်ကြောင့် အသင်းရဲ့ ထိပ်တန်းကစားသမားတစ်ဦးကို ရောင်းချခဲ့မယ်ဆိုရင် သူ့နေရာမှာ အခြားထိပ်တန်းကစားသမားတစ်ဦး ပြန်လည်အစားထိုးနိုင်မှာ မဟုတ်ဘူး။ ဒီအခြေအနေဟာ ချယ်လ်ဆီးအသင်းရဲ့ အဓိက ကစားသမားတစ်ဦးကို ခေါ်ယူချင်တဲ့ အခြားအသင်းတွေအတွက်လည်း ခက်ခဲတဲ့ အခြေအနေဖြစ်လာပါလိမ့်မယ်။ ကလပ်အသင်းထက် ဘယ်ကစားသမားကမှ အရေးပါမှုမရှိပါဘူး။ ဟာဇက်အနေနဲ့ ချယ်လ်ဆီးအသင်းမှာ ခုနစ်နှစ်ကြာ ပါဝင်ကစားပြီးဖြစ်လို့ မတူညီတဲ့ အတွေ့အကြုံသစ် ရှာဖွေဖို့ဆန္ဒရှိနေနိုင်ပါတယ်။ ဒါပေမယ့် သူ့ရဲ့ အပြောင်းအရွှေ့ဟာ လာမယ့် နွေရာသီအတွင်းမှာတော့ ဖြစ်မလာနိုင်ဘူး"ဟု ဒီမတ်တီယိုက ပြောဆိုခဲ့သည်။

မန်နေဂျာ ဒီမတ်တီယိုသည် ၂၀၁၂




ခုနှစ်အတွင်းတွင် ချယ်လ်ဆီးအသင်း မန်နေဂျာအဖြစ် တာဝန်ယူခဲ့ကာ ချယ်လ်ဆီးအသင်းအား ၂၀၁၁-၂၀၁၂ ခုနှစ် ဘောလုံးရာသီ၏ ချန်ပီယံလိဂ် ချန်ပီယံဆုဖလားနှင့် အက်ဖ်အေဖလားတို့ ရရှိစေရန် ဦးဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

**ထက်အောင်**

# သာသနာ့ဝေစည် မြန်မာပြည်

မောင်တင်လှိုင်(ဟိုတယ်/ခရီး)

**တိပိဋကကောဝိဒ စာအောင်သာသနာ့ အာဇာနည် အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၇၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၈၁ ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက်(မေ ၂၁ ရက်) အင်္ဂါ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။**

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာဖြစ်သည်နှင့် အညီ သာသနာ့ရောင် ထွန်းလင်းပြောင်လျက်ရှိပါသည်။ အလှူရှင်များသည် နေ့စဉ်နှင့်အမျှ လှူဒါန်းခြင်း၊ သာသနာ့ အာဇာနည်များအား လှူဒါန်းခြင်းများကို ပြုလျက်ရှိသည်။ သို့ဖြစ်ရာ-

- အလှူရှင်ကို လူအပေါင်းချင်ခင်မြတ်နိုးခြင်း၊
- သူတော်ကောင်းတို့ အမြဲမပြတ် ချဉ်းကပ်ခြင်း၊
- ကျော်စောသတင်းသည် ဘဝဂ်အထိပျံ့နှံ့တတ်ခြင်း၊
- မင်း၊ ပုဏ္ဏား၊ သူဌေးသူကြွယ်၊ ရဟန်းဟူသော ပရိသတ် အမျိုးမျိုးတို့ထံ ချဉ်းကပ်သည့်အခါ ရဲရဲဝံ့ဝံ့ မျက်နှာရွှင်ပျစွာ ချဉ်းကပ်နိုင်ခြင်း၊
- သေသည်မှ နောက်ကာလ၌ မြတ်သောရုပ်ရဲ့ စသည်တို့၏ တည်နေရာဖြစ်သော နတ်ပြည်၌ ဖြစ်ရခြင်းဟူသည် အလှူ ဒါနပေးလှူရခြင်းအတွက် အထက်ပါအကျိုးငါးပါး ရရှိနိုင် မည်ဖြစ်သည်။

### ထေရဝါဒဗုဒ္ဓဘာသာထွန်းကားရာနိုင်ငံ

မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာထွန်းကားရာနိုင်ငံ ဖြစ်ပြီး ဘုရားပုထိုးစေတီများ တည်ထားကိုးကွယ်ကာ ဘုရား၏ သားတော် ဆရာတော် သံဃာတော်များသည်လည်း သာသနာ ပြုလုပ်ငန်းများပြုလုပ်လျက် သာသနာတော်အဓွန့်ရှည်စေရန် ဆောင်ရွက်တော်မူခြင်း၊ စာပေကျမ်းဂန်များကို အာဂုံပြန်ဆို ခြင်း၊ ရေးဖြေအောင်မြင်ရန် ကြိုးပမ်းခြင်းနှင့် တိပိဋကဓရ ကောဝိဒ ရွေးချယ်ရေးစာမေးပွဲကျင်းပ၍ ပိဋကတ်သုံးပုံကို အာဂုံနှင့် ရေးဖြေအောင်မြင်စေခဲ့သည်။ ယခုနှစ် (၇၁)ကြိမ် မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေး ပွဲ ရေးဖြေနှင့် အာဂုံပြန်ဆို အောင်မြင်တော်မူကြရာ ယခုနှစ်တွင် ဥဘကောဝိဘင်္ကောဝိဒ (၁၁) ပါးပေါ်ထွန်းသည်။

ပထမအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲမှ (၇၁)ကြိမ်မြောက် တိပိဋကဓရရွေးချယ်ပွဲအထိ ပိဋကတ်သုံးပုံစာပြန်/စာဖြေ တော်မူခဲ့သော သံဃာတော်အရှင်မြတ် တိပိဋကဓရ ဓမ္မ ဘဏ္ဍာ ပါရိက ဘွဲ့ရ (၁၄)ပါး ပေါ်ထွန်းခဲ့သည်။

၁။ မင်းကွန်းတိပိဋကဓရဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ
၂။ ပခုက္ကူဆရာတော် ဘဒ္ဒန္တနေမိန္ဒ
၃။ ပြည်ဆရာတော် ဘဒ္ဒန္တကောသလ္လ
၄။ မဟာဂန္ဓာရုံဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ
၅။ ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ
၆။ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ
၇။ မော်ကျွန်းဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ
၈။ မြင်းမူဆရာတော် ဘဒ္ဒန္တဝံသပါလာသင်္ကာရ
၉။ မြင်းခြံဆရာတော် ဘဒ္ဒန္တဂန္ဓမာလင်္ကာရ
၁၀။ စွန်းလွန်းဆရာတော် ဘဒ္ဒန္တသုန္ဒရ
၁၁။ ရမ္မာဝတီဆရာတော် ဘဒ္ဒန္တကုန္ဒပါလ
၁၂။ စစ်ကိုင်းဆရာတော် ဘဒ္ဒန္တအဘိဇာတာဘိဝံသ
၁၃။ ဘုတလင်ဆရာတော် ဘဒ္ဒန္တကုန္ဒစရိယ
၁၄။ ကမ္ဘောဇဆရာတော် အရှင်ဝိရိယာနန္ဒတို့ဖြစ်သည်။

တိပိဋကဓရ ရက္ခိတအဖွဲ့ကိုဖွဲ့စည်းခဲ့ရာ ထိုအဖွဲ့ကို ဦးစိန်တင် (မဟာသဒ္ဓမ္မဇောတိက ဓဇအဂ္ဂမဟာသိရိသုဓမ္မ မဏိဇောတဓရ) က ဦးဆောင်နာယကအဖြစ်လည်းကောင်း၊ ဦးစိုးဟန်လင်းက (အဂ္ဂမဟာသိရိသုဓမ္မမဏိဇောတဓရ) ဗဟိုအကျိုးတော်ဆောင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း တိပိဋက ဓမ္မရက္ခိတအဖွဲ့ ဖွဲ့စည်း၍ အလုပ်အမှုဆောင်များ၊ အလှူရှင် များက စာအောင်သံဃာတော်များအား နှစ်စဉ်နှစ်တိုင်း အလှူ ငွေများနှင့် ဝတ္ထုပစ္စည်းများကို လှူဒါန်းချီးမြှင့်ခဲ့ရာ သာသနာ့ အရောင်ထွန်းလင်းပြောင်စေပါသည်။

မြန်မာနိုင်ငံသည် သင်္ဂါယနာခြောက်တန်အနက် ပဥ္စမ သင်္ဂါယနာနှင့်ဆဋ္ဌသင်္ဂါယနာ နှစ်တန်ကို ပြည်ထောင်စုမြန်မာ နိုင်ငံတော်၌ ကျင်းပနိုင်ခဲ့သဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံ များအလယ်တွင် ဗုဒ္ဓသာသနာတော်အထွန်းကားဆုံး နိုင်ငံ အဖြစ် ဂုဏ်ယူဝံ့ကြွားနိုင်ခဲ့ပါသည်။ ရန်ကုန်မြို့သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီးသည် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများမှ သံဃာတော်များအပါအဝင် သံဂီတိကာရက သံဃာတော်အပါး ၂၅၀၀ တို့စည်းဝေး၍ သင်္ဂါယနာတင်တော်မူခဲ့ရာ သာသနိက အဆောက်အအုံကြီးဖြစ်သည်။

ဗုဒ္ဓဘာသာအဓွန့်ရှည်နိုင်ရန်နှင့် သာသနာတော်မညှိုးနွမ်း မပျောက်မပျက်နိုင်ရန်အတွက် သင်္ဂါယနာတင်ပွဲများ ကျင်းပခဲ့ရာ-

**ပထမသင်္ဂါယနာတင်ခြင်း**

| | | |
|---|---|---|
| ကျင်းပသည့်နှစ် | - | သာသနာနှစ် ၁၊ ဘီစီ ၅၄၄ |
| ကျင်းပသည့်အကြောင်း | - | သုဘဒ္ဒ တောထွက်ရဟန်းကြီးက သာသနာကို မထီမဲ့မြင်ပြောလာခြင်းကို အကြောင်းပြုသည်။ |
| ကျင်းပသည့်နေရာ | - | အိန္ဒိယနိုင်ငံ၊ ရာဇဂြိုလ်မြို့ ဝေဘာရတောင် သတ္တပဏ္ဏိလိုဏ်ဂူ |
| ဒါယကာမင်း | - | အဇာတသတ်မင်းလက်ထက် |
| သံဃာများ | - | အရှင်မဟာကဿပနှင့် ရဟန္တာ ၅၀၀ |
| သင်္ဂါယနာတင်ပုံ | - | ခုနစ်လကြာနှုတ်တက်အာဂုံ ရွတ်ဆိုသည်။ |

**ဒုတိယသင်္ဂါယနာတင်ခြင်း**

| | | |
|---|---|---|
| ကျင်းပသည့်နှစ် | - | သာသနာနှစ် ၁၀၀၊ ဘီစီ ၄၄၃ |
| ကျင်းပသည့်အကြောင်း | - | ဝဇ္ဇီတိုင်းသား၊ ရဟန်းများက အဓမ္မဝတ္ထု ၁၀ ပါးပြောဆိုနေမှု အကြောင်း ပြုသည်။ |
| ကျင်းပသည့်နေရာ | - | အိန္ဒိယနိုင်ငံ၊ ဝေသာလီပြည်၊ ဝါလုကာရုံကျောင်း |
| ဒါယကာမင်း | - | ကာလာသောက မင်းလက်ထက် |
| သံဃာများ | - | အရှင်မဟာ ယသနှင့် ရဟန္တာ ၇၀၀ |
| သင်္ဂါယနာတင်ပုံ | - | ခုနစ်လကြာ နှုတ်တက်အာဂုံ ရွတ်ဆိုသည်။ |

**တတိယသင်္ဂါယနာတင်ခြင်း**

| | | |
|---|---|---|
| ကျင်းပသည့်နှစ် | - | သာသနာနှစ် ၂၃၅၊ ဘီစီ ၃၀၈ |
| ကျင်းပသည့်အကြောင်း | - | ရဟန်းတု ခြောက်သောင်းတို့က သာသနာတွင်းသို့ မိစ္ဆာဝါဒ သွတ်သွင်းမှု အကြောင်းပြုသည်။ |
| ကျင်းပသည့်နေရာ | - | အိန္ဒိယနိုင်ငံ၊ ပါဋလိပုတ်ပြည်၊ အသောကာရုံကျောင်း၊ |
| ဒါယကာမင်း | - | သီရိဓမ္မာသောက မင်းလက်ထက် |
| သံဃာများ | - | အရှင်မဟာမောဂ္ဂလိပုတ္တတိဿနှင့် ရဟန္တာ ၁၀၀၀ |
| သင်္ဂါယနာတင်ပုံ | - | ကိုးလကြာ နှုတ်တက် အာဂုံရွတ်ဆိုသည်။ |

**စတုတ္ထသင်္ဂါယနာတင်ခြင်း**

| | | |
|---|---|---|
| ကျင်းပသည့်နှစ် | - | သာသနာနှစ် ၄၅၀ ၊ ဘီစီ ၉၄ |
| ကျင်းပသည့်အကြောင်း | - | ၁၂ နှစ်ကြာ သူပုန်ဘေး၊ ငတ်မွတ်ဘေးမျိုးကြုံလာပြန်လျှင် ပိဋကတ်သုံးပုံ မကွယ်ပနိုင်မှု အကြောင်းပြုသည်။ |
| ကျင်းပသည့်နေရာ | - | သီရိလင်္ကာ (သီဟိုဠ်နိုင်ငံ) မလယဇနပုဒ်၊ အသောက လိုဏ်ဂူ၊ |
| ဒါယကာမင်း | - | ဝဋ္ဋဂါမဏိမင်း လက်ထက် |
| သံဃာများ | - | အရှင်မဟာ ဓမ္မရက္ခိတနှင့် ရဟန္တာ ၅၀၀ |
| သင်္ဂါယနာတင်ပုံ | - | တစ်နှစ်ကြာ ပေထက်အက္ခရာတင်သည်။ |

**ပဥ္စမသင်္ဂါယနာတင်ခြင်း**

| | | |
|---|---|---|
| ကျင်းပသည့်နှစ် | - | သာသနာနှစ် ၂၄၁၅၊ သက္ကရာဇ် ၁၂၃၂၊ အေဒီ ၁၈၇၁ |
| ကျင်းပသည့်အကြောင်း | - | ပေပုရပိုက်မူကွဲများ ညီညွတ်စေရန်နှင့် အဓွန့်ရှည်ကြာတည်မြဲစေရန် အကြောင်းပြုသည်။ |
| ကျင်းပသည့်နေရာ | - | မြန်မာနိုင်ငံ၊ မန္တလေးမြို့ ရွှေနန်းတော်ကြီး |
| ဒါယကာမင်း | - | မင်းတုန်းမင်းတရားကြီးလက်ထက် |
| သံဃာများ | - | ဒက္ခိဏာရာမ ဘုရားကြီး တိုက်ဆရာတော် မဟာရာဇဝိ ရာဇဂုရု ဘဒ္ဒန္တဇာဂရာဘိဝံသနှင့် သံဃာတော် ၂၄၀၀ |
| သင်္ဂါယနာတင်ပုံ | - | ခုနစ်နှစ်ခြောက်လ ၁၄ ရက်ကြာ ကျောက်ထက် အက္ခရာတင်၍ ငါးလသုံးရက်ကြာ နှုတ်တက် အာဂုံရွတ်ဆိုသည်။ |

**ဆဋ္ဌသင်္ဂါယနာတင်ခြင်း**

| | | |
|---|---|---|
| ကျင်းပသည့်နှစ် | - | သာသနာနှစ် ၂၄၉၈ ၊ (၂၅၀၀ ပြည့်အမီ) သက္ကရာဇ် ၁၃၁၆၊ အေဒီ ၁၉၅၄၊ |
| ကျင်းပသည့်အကြောင်း | - | ပိဋကတ်ကျမ်း စာမူအမျိုးမျိုးကို သုတ်သင်သန့်ရှင်း၍ မူမှန်တစ်ခုတည်း တည်ရှိစေရန် အကြောင်းပြုသည်။ |
| ကျင်းပသည့်နေရာ | - | မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ |
| ဒါယကာမင်း | - | မြန်မာနိုင်ငံ အစိုးရနှင့် ထေရဝါဒ ငါးနိုင်ငံ |
| သံဃာများ | - | အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော် ဘဒ္ဒန္တရေဝတနှင့် သံဃာတော် ၂၅၀၀ |
| သင်္ဂါယနာတင်ပုံ | - | နှစ်နှစ်ကြာ နှုတ်တက်အာဂုံ စုပေါင်းရွတ်ဆို၍ ပုံနှိပ်အက္ခရာတင်သည်။ |

မြန်မာနိုင်ငံ၌ ပဥ္စမသင်္ဂါယနာနှင့် ဆဋ္ဌသင်္ဂါယနာနှစ်တန်တို့ကို ကျင်းပနိုင်ခဲ့သည်။

ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီးကို ၄-၂-၁၉၅၄ ရက်တွင် အုတ်စီဆောက်လုပ်၍ ၁၂-၇-၁၉၅၅ ရက်တွင် ပြီးစီးခဲ့သည်။ ဆဋ္ဌသင်္ဂါယနာအထိမ်းအမှတ် ဝင်ပေါက်ကြီး ခြောက်ခု၊ တိုင်ကြီးခြောက်တိုင်နှင့် လေဝင်ပေါက် ၂၄ ခုပါဝင်ပြီး အလျား ၄၄၅ ပေ၊ အနံပေ ၃၇၀ ကျယ်ဝန်းသည့် အဆောက် အအုံဖြစ်သည်။ သံဃာစင်တွင် သံဃာအပါး ၂၅၀၀ သီတင်း သုံးနေနိုင်သည်။ ကြမ်းပြင်တွင် ပရိသတ် ၅၀၀၀ ဆံ့သော အဆောက်အအုံဖြစ်သည်။

### ကြေးခေါင်းလောင်းများဖြင့် ပဏာရတင့်တယ်

မဟာပါသာဏလိုဏ်ဂူတော်ကြီး၏ ပတ်လည်တွင် စာရေး သူ၏ ဇနီးကွယ်လွန်သူ ဒေါ်ခင်အေး အပါအဝင် အလှူရှင် ၁၀၈ ဦး လှူဒါန်းထားသော ကြေးခေါင်းလောင်း ၁၀၈ လုံးကို တွေ့ရပြီး မင်္ဂလာအချိန် တီးခတ်သည်မှာ သာဓုခေါ်ဆိုရပြီး လိုဏ်ဂူတော်ကြီးနှင့် ပဏာရတင့်တယ်လှပေသည်။

### ဆရာတော်ကြီးများ စုံညီတက်ရောက်

မေ ၂၁ ရက်တွင် ကျင်းပမည့် အခမ်းအနားသို့ ကြွရောက် တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော် ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ သြဝါဒါစရိယဆရာ တော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ စာထောက် စာမ ဆရာတော်များ၊ ပုစ္ဆာက ဆရာတော်များ၊ ပင့်သံဃာ များနှင့်ယခုနှစ်တွင် ပြန်ဆိုရေးဖြေအောင်မြင်တော်မူကြသော ဒီဃနိကာယ ကောဝိဒနှစ်ပါး၊ ဒီဃဘာဏက ရှစ်ပါး၊ ဝိနယ ကောဝိဒ ငါးပါး၊ ဝိနယဓရ ၂၅ ပါး၊ ရဘာဏဝိဘင်္ကောဝိဒ ၁၁ ပါး၊ ရဘာဏဝိဘင်္ဂဓရ ၄၄ ပါး စုစုပေါင်း သာသနာ့အာဇာနည် စာအောင်သံဃာ ၉၉ ပါး အပါအဝင် သံဃာတော် ၂၆၆ ပါးတို့ အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်ဆက်ကပ် လှူဒါန်းမည်ဖြစ်သဖြင့် ကြွရောက်ကြည်ညိုကြပါရန်နှင့် လှူဖွယ် ဝတ္ထုပစ္စည်းများကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ စာမေးပွဲဌာနခွဲ ဖုန်း-၀၉- ၂၆၄၄၃၆၅၄၅ သို့ ကြိုတင်၍ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါ သည်။ ။

## မီးဘေးအသိပညာပေး

၂။ မီးလောင်နေစဉ်တွင် ဝင်လမ်း/ထွက်လမ်း ပိတ်ဆို့ခြင်း၊ လူစုခြင်း၊ လမ်းပေါ်တွင် ပစ္စည်းများချထားခြင်း မပြုလုပ်ရ။





၃။ အထပ်မြင့်တိုက်များတွင် မီးလောင်နေစဉ် ခုန်ချခြင်း မပြုလုပ်ရ။(အရေးပေါ် ထွက်ပေါက်ကိုအသုံးပြုပါ။)



**မီးငြိမ်းပြီးပါက ပြုလုပ်ရန်အချက်များ။**



၁။ မိသားစုဝင်များကို စုံမစုံစစ်ဆေးပါ။

၂။ ထိခိုက်ဒဏ်ရာရသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။





၃။ သက်ဆိုင်ရာအစိုးရဌာန၏ ခွင့်ပြုချက်ရရှိမှသာ မီးလောင်ပြီးသောအဆောက်အအုံအတွင်းသို့ဝင်ပါ။

၄။ လုံခြုံရေးအစီအမံများအတွက် ကူညီဆောင်ရွက်ပါ။

**မီးလောင်မှုဖြစ်ပွားသည့်ပုံစံနှင့် မီးငြိမ်းသတ်ရန်နည်းလမ်းများ။**

၁။ လူနှင့်အဝတ်အစားများကို မီးလောင်ခြင်း။
- ကြောက်လန့်တကြားမပြေးပါနှင့်။
- မြေကြီး(သို့) ကြမ်းပြင်ပေါ်သို့ လှဲချ၍ ခန္ဓာကိုယ်ကို လှိမ့်ပါ။
- ရေစိုသောအဝတ်စဖြင့် မီးလောင်သူကို ဖုံးအုပ်ပါ။



၂။ သစ်သား၊ စက္ကူများလောင်ကျွမ်းခြင်း။
- ရေ၊ ရေစိုအဝတ်(သို့) သဲ၊ မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်ပါ။

၃။ ဓာတ်ဆီ၊ စက်သုံးဆီများလောင်ကျွမ်းခြင်း။
- ရေစိုအဝတ်၊ သဲတို့နှင့် အုပ်၍ (သို့) မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ပါ။( ရေဖြင့်မငြိမ်းရ)

၄။ လျှပ်စစ် ဝါယာရှော့ဖြစ်ခြင်း။
- ပင်မ မိန်းခလုတ်ကိုပိတ်ပါ။ (မိန်းခလုတ်မပိတ်ဘဲရေဖြင့် မငြိမ်းရ။)
- ခြောက်သွေ့သောအဝတ်ပိတ်စတို့ဖြင့် ရိုက်ပုတ် ငြိမ်းသတ်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။

၅။ အိမ်သုံး ဂက်စ်အိုး မီးလောင်ခြင်း။
- ဓါတ်ငွေ့ထွက်ပေါက်ကို လက်(သို့)သင့်လျော်သော ပစ္စည်းဖြင့် ပိတ်ပါ။ ဓါတ်ငွေ့ ပိုက်လိုင်းကို ခေါက်၍ အမြန်ဆုံး ပိတ်နိုင်အောင် ဆောင်ရွက်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။
- မီးသတ်ဌာနကိုဆက်သွယ်ပါ။



# ရေတာရှည်မြို့နယ်မှ လေဘေးသင့်အိမ်များကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှု

**ရေတာရှည် မေ ၁၆**

ရေတာရှည်မြို့နယ်အတွင်း မေ ၁၄ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် အမိုးများပျက်စီးသော နေအိမ်များနှင့် ယိုင်နဲ့ပျက်စီးသွားသော နေအိမ်များကို ပဲခူးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများက မေ ၁၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဝန်ကြီးချုပ်သည် ခင်တန်းကြီး ကျေးရွာနှင့် ဇီးအုပ် ကျေးရွာသို့ ဦးစွာသွားရောက်ပြီး လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန် ပျက်စီးသွားသည့် နေအိမ်များမှ ဒေသခံ ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားကာ ရေတာရှည်မြို့နယ် အုပ်ချုပ်ရေးမှူး အနေဖြင့် ပျက်စီးသွားသည့် နေအိမ်များ စာရင်း၊ ပျက်စီးဆုံးရှုံးမှုတန်ဖိုး စသည်တို့ကို အမြန်ဆုံး စာရင်းပြုစုတင်ပြရန်နှင့် အမြန်ဆုံး ပြန်လည်ပြုပြင်ထောက်ပံ့နိုင်ရေးအတွက် မှာကြားခဲ့သည်။



နေအိမ်ပျက်စီးသည့် ပြည်သူများအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တွေ့ဆုံအားပေးစဉ်။

ထို့နောက် ဝန်ကြီးချုပ်သည် ရေတာရှည်မြို့ပေါ် ရပ်ကွက်များအတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့တွင်း လမ်း/တံတားများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး မိုးရာသီတွင် ရေကြီးရေလျှံမှုများနှင့် ရေမြောင်းပိတ်ဆို့မှုများ မဖြစ်စေရေးအတွက် သတ်မှတ်စံချိန်စံညွှန်းအတိုင်း ဆောက်လုပ်ရန်နှင့် အချိန်မီပြီးစီးအောင် ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ရေတာရှည်မြို့နယ်အတွင်း မေ ၁၄ ရက်က တိုက်ခတ်ခဲ့သည့် လေပြင်းဒဏ်ကြောင့် ခင်တန်းကြီး၊ ဇီးအုပ်နှင့် တောင်နီကုန်းကျေးရွာတို့အပြင် ကျေးရွာအုပ်စု ငါးစုတွင် နေအိမ်များ၊ စာသင်ကျောင်းများ၏ အမိုးများ ပျက်စီးခြင်းနှင့် အဆောက်အအုံအချို့ ယိုင်နဲ့ပျက်စီးသွားခြင်းများရှိခဲ့ကြောင်း သိရသည်။

**ဟိန်းထက် (ပဲခူး)**

# ကရင်ပြည်နယ်၌ သုံးနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လေးခုနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၁၀ ခု ခွင့်ပြုပေးခဲ့

**ဘားအံ မေ ၁၆**

ကရင်ပြည်နယ်၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အစမှ လက်ရှိအချိန်အထိ သုံးနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လေးခု (ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၅၄ သန်း)နှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၁၀ ခု (ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ် ၃၆၂၈၂ ဒသမ ၅၇ သန်း)တို့ကို အတည်ပြု ခွင့်ပြုပေးခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၂၀၀၀ ကျော်ကို ဖန်တီးပေးနိုင်ခဲ့ကြောင်း မေ ၁၃ ရက်က ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးမှ သိရသည်။

အစည်းအဝေးသို့ ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်ဝန်ကြီးများနှင့် ကော်မတီဝင်များ တက်ရောက်ခဲ့ကြပြီး ထိုအစည်းအဝေးတွင် ရာနူန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သော ပြည်သူ့ဓန ကုမ္ပဏီလီမိတက်၏ အဆင့်မြင့် ဂျစ်(ပ်)ဆမ်အမှုန့် ကြိတ်ခွဲသန့်စင် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ဥပဒေနှင့်အညီ အတည်ပြုမိန့်ထုတ်ပေးရန် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီက ခွင့်ပြုခဲ့သည်။

ပြည်သူ့ဓန ကုမ္ပဏီလီမိတက်၏ ဆောက်လုပ်ရေးနှင့် ဘက်စုံလုပ်ငန်းသုံး အဆင့်မြင့် ဂျစ်(ပ်)ဆမ်အမှုန့် ကြိတ်ခွဲသန့်စင် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းသည် ဘားအံ-လှိုင်းဘွဲ့ ကားလမ်းမဘေးရှိ ဘားအံစက်မှုဇုန်အတွင်း တည်ရှိပြီး မတည်ငွေရင်း ကျပ် ၂၀၄၆ ဒသမ ၃၇ သန်းဖြင့် ဆောင်ရွက်သွားမည့် လုပ်ငန်းဖြစ်ကြောင်း၊ ISO 9001, 2008 CE လက်မှတ်ရရှိထားသော အရည်အသွေးမြင့်မားကောင်းမွန်သည့် ခေတ်မီစက်ကိရိယာများဖြင့် ဂျစ်(ပ်)ဆမ် သဘာဝကျောက်များကို အခဲမှအမှုန့်အဖြစ်သန့်ရှင်းစွာ စနစ်တကျ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း၊ တစ်နှစ်လျှင် တန်ချိန် ၁၄၄၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ထိုလုပ်ငန်းမှ ဒေသခံပြည်သူ ဝန်ထမ်း ၅၁ ဦးအား အနိမ့်ဆုံးလစာ ကျပ်တစ်သိန်းခွဲမှ အမြင့်ဆုံးလစာ ကျပ်ခြောက်သိန်းအထိ ရှိသော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# မိုင်းဖြတ်မြို့နယ်မှ ရေရှားပါးသည့်ရွာများသို့ ရေများလှူဒါန်း

**မိုင်းဖြတ် မေ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်အတွင်းမှ သောက်သုံးရေရှားပါးနေသော ကျေးရွာများဖြစ်သည့် နမ့်လန်းအုပ်စု ပါပူးကျေးရွာနှင့် ဝမ်လုံးအုပ်စု နားမွန်းကျေးရွာတို့မှ ပြည်သူများအတွက် သောက်သုံးရေများကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးခိုင်စိုးဝင်း၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးတိုးဇော်နှင့် တာဝန်ရှိသူများက မေ ၁၅ ရက်က သွားရောက်လှူဒါန်းခဲ့သည်။

ကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေပေးရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းဇော်ထွန်း ဦးဆောင်သည့်အဖွဲ့က ပါပူးကျေးရွာအတွက် ဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ်နှစ်စီးဖြင့် ရေဂါလန် ၂၄၀၀ ကိုလည်းကောင်း၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားမွန်းကျေးရွာသို့ ရေဂါလန် ၈၀၀ ဆံ့ ရေသယ်ယာဉ်သုံးစီးဖြင့် ရေဂါလန် ၂၄၀၀ ကိုလည်းကောင်း အသီးသီး သွားရောက်ဖြန့်ဝေ လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။ **မြို့နယ် (ပြန်/ဆက်)**

# ဘုရားသီးတောင်မြို့နယ်မှ နေရပ်စွန့်ခွာသူ အိမ်ထောင်စု ၇၅၇ စုအား အဝတ်အထည်များပေးအပ်

**ဘူးသီးတောင် မေ ၁၆**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်အတွင်း တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာကာ တိုက်ပွဲရှောင်စခန်းများသို့ ရောက်ရှိလာသည့် နေရပ်စွန့်ခွာသူများအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက အဝတ်အထည်များကို မေ ၁၅ ရက်က ထောက်ပံ့ပေးအပ်ခဲ့သည်။

ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် အဝတ်အထည်များ ပေးအပ်ပွဲတွင် တိုက်ပွဲရှောင် ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားသော ဘူးသီးတောင်မြို့နယ် စေတီတောင်ဘုန်းတော်ကြီးကျောင်း၊ ခွဆုံကျေးရွာဘုန်းတော်ကြီးကျောင်း၊ တောင်ရပ်ကွက် ရန်အောင်မြေဘုန်းတော်ကြီးကျောင်း၊ ဒုံးသိမ်ကျေးရွာဓမ္မာရုံ၊ စက်ခေါ်ကျေးရွာ၊ ကျောက်စာတိုင်ကျေးရွာ၊ သပိတ်တောင်ကျေးရွာ၊ သိန်းတန်ကျေးရွာနှင့် ကြာညိုပြင်ကျေးရွာများသို့ ရောက်ရှိလာသော ကျေးရွာပေါင်း ၅၉ ရွာမှ နေရပ်စွန့်ခွာသူ အိမ်ထောင်စု ၇၅၇ စု၊ လူဦးရေ ၂၆၃၈ ဦးအတွက် ကျားဝတ်လုံချည် ၇၅၇ ထည်၊ မဝတ်လုံချည် ၇၅၇ ထည်၊ တီရှပ် ၁၅၁၄ ထည်နှင့် စောင် ၇၅၇ ထည်ကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရွှေနှင့် မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစည်သူလွင်တို့က ပေးအပ်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# ဘုတ်ပြင်းမြို့၌ ယာဉ်စည်းကမ်း အသိပညာပေးဟောပြော

**ဘုတ်ပြင်း မေ ၁၆**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်မှ ပြည်သူများအား ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သပြေခန်းမ၌ မေလဒုတိယပတ်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးဦးနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ဆောင်ရန် ရှောင်ရန်အချက်များ၊ ယာဉ်/ဆိုင်ကယ်များကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ မောင်းနှင်ကြရန်၊ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရန်၊ ပါဝါအိတ်ဇောများ တပ်ဆင်မောင်းနှင်ခြင်းမပြုကြရန် စသည်တို့ကို အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲသို့ ဒေသခံပြည်သူ ၅၀ ကျော် တက်ရောက်ခဲ့ကြပြီး ဟောပြောပွဲအပြီးတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ဟောပြောပွဲတက်ရောက်သည့် ပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ကျောက်မဲမြို့၌ သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းဖွင့်

**ကျောက်မဲ မေ ၁၆**

ကျောက်မဲမြို့နယ်အတွင်းမှ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးအတွက် အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများကို မြို့နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားလျက်ရှိရာ ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတစ်ရပ်ကိုလည်း မေ ၁၄ ရက်မှစ၍ ကျောက်မဲမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ခန်းမ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ပြည်ပမှ တင်သွင်းလာသော စားသောက်ကုန်များအစား ပြည်တွင်းမှ ရာသီအလိုက်ထွက်ရှိသော ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံများကို အသုံးပြု၍ ဘေးအန္တရာယ်ကင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန်နှင့် အသေးစားစက်မှုလုပ်ငန်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီက ပြောကြားသည်။

အဆိုပါသင်တန်းတွင် ကိတ်အမျိုးမျိုးနှင့် ကွတ်ကီးများ ပြုလုပ်နည်း၊ ကြက်သွန်ပေါင်းခြောက်ကြော်၊ ယိုစုံများ၊ သစ်သီးအနှစ်ရည်များ၊ ဂျုံဖြင့်ပြုလုပ်သော အစာသွပ်မုန့်များ၊ ဆော့စ်များ၊ ဂျယ်လီများ ပြုလုပ်နည်း စသည်ဖြင့် စားသောက်ကုန်နှင့် သွားရည်စာမုန့်အမျိုးမျိုး ပြုလုပ်နည်းများအပြင် အစားအသောက်သုံး ဓာတုဆေးဝါးများအကြောင်းနှင့် အသုံးပြုရသည့် သတ်မှတ်အချိုးအစားများ စသည်တို့ကို သင်ကြားပို့ချမည်ဖြစ်ကာ သင်တန်းသို့ ကျောက်မဲမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ သင်တန်းသူ ၂၀ တက်ရောက်၍ သင်တန်းကာလမှာ မေ ၂၄ ရက်အထိဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



နေပြည်တော် ဥတ္တရသီရိ ခုတင်(၅၀၀)ဆေးရုံကြီးမှ အရေးပေါ် သွေးလိုအပ်လျက်ရှိသည့် လူနာများအတွက် သွေးများကို ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်ရှိ စိုးမိုးသူ လူမှုကူညီရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးစိုးမိုးသူနှင့် အဖွဲ့ဝင်များက မေ ၁၄ ရက် ညနေပိုင်းက သွားရောက်လှူဒါန်းစဉ်။ မင်းမင်းလတ် (ရုပ်ဗေဒ)

# မြစ်သားမြို့၌ ပတ်ဝန်းကျင်ချစ်မြတ်နိုးသူများနှင့် ဌာနဆိုင်ရာများ စုပေါင်းအမှိုက်ကောက်

**မြစ်သား မေ ၁၆**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်း မန္တလေး-ရန်ကုန် ကားလမ်းဟောင်း၏ မိုင်တိုင်အမှတ်(၃၈၉/၇) မှ မိုင်တိုင်အမှတ်(၃၈၉/၀)အထိ လမ်းပိုင်းတစ်လျှောက် လမ်းဘေးဝဲယာတွင် စုပေါင်းအမှိုက်ကောက်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို မြစ်သားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် ဌာနဆိုင်ရာများနှင့် မြို့ခံ ပတ်ဝန်းကျင်ချစ်မြတ်နိုးသူများ စုပေါင်း၍ မေ ၁၅ ရက်က ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးက "ကျွန်တော်တို့ ပတ်ဝန်းကျင်ကို ချစ်မြတ်နိုးကြတဲ့ ဒေသခံပြည်သူတွေ၊ လူမှုရေးအသင်းအဖွဲ့တွေ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ဝန်ထမ်းတွေ စုပေါင်းပါဝင်ပြီး အမှိုက်တွေကို အကြိမ်ကြိမ်ပိုင်းခြားပြီး မြစ်သားမြို့နဲ့ ဝမ်းတွင်းမြို့အစပ်အထိ ကောက်သွားမှာပါ၊ မန္တလေး-ရန်ကုန် လမ်းပိုင်းပြီးရင် ကျေးရွာအုပ်စုအလိုက်လည်း ဆက်လက်ပြီး အမှိုက်ကောက်သွားမှာပါ"ဟု ပြောသည်။



ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ လမ်းတစ်လျှောက်၌ အမှိုက်ကောက်နေစဉ်။

အဆိုပါ စုပေါင်းအမှိုက်ကောက်ခြင်းကို ဒုတိယအကြိမ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်ပြီး မြို့ပေါ်ရပ်ကွက်များ၊ သီလင်ကျေးရွာနှင့် ရွာရှည်ကျေးရွာတို့မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ချစ်မြတ်နိုးသော ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ စုစုပေါင်း ၁၀၀၀ ကျော် စုပေါင်းပါဝင်၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

C B BANK

လေးစားအပ်ပါသော CB Bank ၏ မိတ်ဟောင်း၊ မိတ်သစ် Customer များအား CB Bank တာချီလိတ်(ဗိုလ်ချုပ်လမ်း) ဘဏ်ခွဲ အသစ်ကိုဖွင့်လှစ်၍ ဘဏ်လုပ်ငန်း ဝန်ဆောင်မှု များအားဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်းသတင်းကောင်းပါးအပ်ပါသည်။




၁၆.၅.၂၀၁၉
ဖွင့်ပြီ။

## တာချီလိတ်(ဗိုလ်ချုပ်လမ်း) ဘဏ်ခွဲ

အမှတ်(၁၈၅-က)၊ ပါဆက်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်။

Tel : (95) **084 51814**
Fax : (95) **084 51815/ 52341**
Email : **contact@cbbank.com.mm** /Contact Center : **(01) 2317770**

**Notice Under Section 348 of the Myanmar Companies Law**
**"GOLDEN EYES INTERNATIONAL CO.,LTD"**
**(In Members' Voluntary Winding -Up)**

According to the Special Resolution at the General Meeting held on 14th, May' 2019 at Company's Office Room and it was resolved that:

(1) "GOLDEN EYES INTERNATIONAL CO.,LTD" be wound up voluntarily by the members with effect from 14-5-2019

(2) Be appointed the following persons as liquidators of the Company for the purpose of winding -up.

**LIQUIDATOR**
**U YE NOOS(LL.B)**
**Supreme Court Advocate**
**YE NOOS & ASSOCIATES**
**(LawFirm)**

**CO-LIQUIDATOR**
**DAW MOE MOE AYE**
**(B.Com,Diploma in I.F.R & Business Law)**
**No.176,(FirstFloor),Botataung Pagoda Road,Pazundaung Township,Yangon Region. 01-203023,01-397234**

(3) The creditors of **"GOLDEN EYES INTERNATIONAL CO.,LTD"** are therefore, requested to submit their claims together with supporting legal documents to the liquidators at the address given above, latest by 14rd, June' 2019

**MR.ANDREW CHAN**
**Director**
**"GOLDEN EYES INTERNATIONAL CO.,LTD"**

**Notice Under Section 348 of the Myanmar Companies Law**
**"ARUSU MYANMAR CO.,LTD"**
**(In Members' Voluntary Winding -Up)**

According to the Special Resolution at the General Meeting held on 16th, May' 2019 at Company's Office Room and it was resolved that:

(1) "ARUSU MYANMAR CO.,LTD" be wound up voluntarily by the members with effect from 16-5-2019

(2) Be appointed the following persons as liquidators of the Company for the purpose of winding -up.

**LIQUIDATOR**
**U YE NOOS(LL.B)**
**Supreme Court Advocate**
**YE NOOS & ASSOCIATES**
**(LawFirm)**

**CO-LIQUIDATOR**
**DAW MOE MOE AYE**
**(B.Com,Diploma in I.F.R & Business Law)**
**No.176,(FirstFloor),Botataung Pagoda Road,Pazundaung Township,Yangon Region. 01-203023, 01-397234~35**

(3) The creditors of **"ARUSU MYANMAR CO.,LTD"** are therefore, requested to submit their claims together with supporting legal documents to the liquida tors at the address given above, latest by 16-6-2019

**MR.PARADORN KUNKONGKAPHAN**
**Managing Director**
**ARUSU MYANMAR CO.,LTD**




## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5P/5292 Mitsubishi Canter FE 70BBA L/T(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဲစိမ့်သူ ၉/မရမ(နိုင်)၀၈၈၀၀၆က ယာဉ်မှတ်ပုံတင် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကုန်အမှတ်တံဆိပ်မှတ်ပုံတင်သွင်းပြီးစီးကြောင်းကြေညာခြင်း

ကျွန်မ ဒေါ်နီလာအောင် (ဘ) ဦးမြင့်သိန်း ၁၄/မမန(နိုင်)၁၈၁၀၉၈၅သည် အောက်တွင် ကပ်နှိပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တစ်ဦးတည်း မူပိုင်အဖြစ် သုံးစွဲရန်မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

**မှတ်ပုံတင်အမှတ်-၄/၁၈၀၄၈(၂၅-၃-၂၀၁၉)**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ ကလေးဝတ် ရှပ်အင်္ကျီအမျိုးမျိုး၊ ဆွယ်တာအမျိုးမျိုး၊ ကုတ်အမျိုးမျိုး၊ ကျောင်းဝတ်စုံအမျိုးမျိုး၊ စပို့ရှပ်၊ တီရှပ်၊ အားကစားဝတ်စုံများ၊ ဦးထုပ်၊ ထီး၊ ဂျာကင်၊ မိုးကာ၊ ဂျင်းဘောင်းဘီ၊ မဝတ် ဂျင်းဘောင်းဘီ၊ စတိုင်ဘောင်းဘီ၊ ဘောင်းဘီအတိုအရှည် အမျိုးမျိုး၊ စတော်ကီ၊ အမျိုးသမီးဝတ် စကတ်အမျိုးမျိုး၊ ဝစ္စကုတ်အမျိုးမျိုး၊ စွပ်ကျယ်၊ အိတ်အမျိုးမျိုး၊ အထည်နှင့်ပတ်သက်သော ကုန်ပစ္စည်းအမျိုးမျိုးနှင့် အခြားလူသုံးကုန် ပစ္စည်းအမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်အား အခြားမည်သူ တစ်ဦးတစ်ယောက်မှ တစ်စိတ်တစ်ဒေသ ဖြစ်စေ၊ သွယ်ဝိုက်ပြီးဖြစ်စေ၊ ဆင်တူယိုးမှား အတုပြုလုပ်ပြီးဖြစ်စေ၊ တွေ့မြင်ကြားသိရပါက လုပ်ငန်း အကျိုးစီးပွားထိခိုက် နစ်နာဆုံးရှုံးမှုအားလုံးအတွက် ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်း အရဖြစ်စေ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမြင့်သွင် (တရားလွှတ်တော်ရှေ့နေ)** | **ဒေါ်ပြုံးရီ(တရားလွှတ်တော်ရှေ့နေ)** |
| **(LL.B,Dip.T.Med,DBL,DIL)** | **(LL.B,D.B.L,D.M.L,D.I.L)** |
| **စဉ်-၅၃၂၂(၂၉-၆-၁၉၉၀)** | **စဉ်-၈၄၀၁(၂-၁၀-၂၀၁၂)** |
| **(ရုံး)အခန်း-၃၊ ၁၂-လွှာ၊ တိုက်-F** | **အမှတ်(၉၁)၊ဒေါ်သိန်းတင်လမ်းနှင့်ပန်းဆိုးတန်းလမ်းထောင့်** |
| **ပုလဲကွန်ဒို၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့** | **(ဖ·ဆ·ပ·လ)ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊** |
| **ဖုန်း-၀၉-၂၀၁၄၇၆၇** | **ဖုန်း-၀၉-၄၃၁၅၈၀၆၂** |

## ကုန်အမှတ်တံဆိပ်မှတ်ပုံတင်သွင်းပြီးစီးကြောင်းကြေညာခြင်း

ကျွန်မ ဒေါ်နီလာအောင် (ဘ) ဦးမြင့်သိန်း ၁၄/မမန(နိုင်)၁၈၁၀၉၈၅သည် အောက်တွင် ကပ်နှိပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ တစ်ဦးတည်းမူပိုင်အဖြစ်သုံးစွဲရန် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

**မှတ်ပုံတင်အမှတ်-၄/၁၇၃၈၇(၈-၃-၂၀၁၉)**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ ကလေးဝတ် ရှပ်အင်္ကျီအမျိုးမျိုး၊ ဆွယ်တာအမျိုးမျိုး၊ ကုတ်အင်္ကျီအမျိုးမျိုး၊ ကျောင်းဝတ်စုံအမျိုးမျိုး၊ စပို့ရှပ်၊ တီရှပ် အားကစားဝတ်စုံများ၊ ဦးထုပ်၊ ထီး၊ ဂျာကင်၊ မိုးကာ၊ ဂျင်းဘောင်းဘီ၊ ဂျင်းဂျာကင်၊ မဝတ် ဂျင်းဘောင်းဘီ၊ စတိုင်ဘောင်းဘီ၊ ဘောင်းဘီ အတိုအရှည်အမျိုးမျိုး၊ စတော်ကီ၊ အမျိုးသမီး ဝတ် စကတ် အမျိုးမျိုး၊ ဝစ္စကုတ်အမျိုးမျိုး၊ စွပ်ကျယ်၊ အိတ်အမျိုးမျိုး၊ အဝတ်အထည်နှင့်ပတ်သက်သော ကုန်ပစ္စည်းအမျိုးမျိုးနှင့် အခြားလူသုံးကုန် ပစ္စည်းအမျိုးမျိုးတို့ကိုထည့်သွင်းအသုံးပြုသော ပလတ် စတစ်အိတ်အမျိုးမျိုး၊ စက္ကူဘူးအမျိုးမျိုး၊ စက္ကူကတ်အမျိုးမျိုး၊ စက္ကူအိတ်အမျိုးမျိုး၊ စက္ကူပတ်အမျိုးမျိုး၊ အသားတံဆိပ်အမျိုးမျိုးတို့အပေါ်တွင် ဖိနှိပ်၍၊ ကပ်နှိပ်၍ ရိုက်နှိပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံအနှံ့အပြားတွင် လက်လီလက်ကား ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်အား အခြားမည်သူ တစ်ဦးတစ်ယောက်မှ တစ်စိတ်တစ်ဒေသ ဖြစ်စေ၊ သွယ်ဝိုက်ပြီးဖြစ်စေ၊ ဆင်တူယိုးမှား အတုပြုလုပ်ပြီးဖြစ်စေ၊ တွေ့မြင်ကြားသိရပါက လုပ်ငန်း အကျိုးစီးပွားထိခိုက် နစ်နာဆုံးရှုံးမှုအားလုံးအတွက် ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်း အရဖြစ်စေ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမြင့်သွင် (တရားလွှတ်တော်ရှေ့နေ)** | **ဒေါ်ပြုံးရီ(တရားလွှတ်တော်ရှေ့နေ)** |
| **(LL.B,Dip.T.Med,DBL,DIL)** | **(LL.B,D.B.L,D.M.L,D.I.L)** |
| **စဉ်-၅၃၂၂(၂၉-၆-၁၉၉၀)** | **စဉ်-၈၄၀၁(၂-၁၀-၂၀၁၂)** |
| **(ရုံး)အခန်း-၃၊ ၁၂-လွှာ၊ တိုက်-F** | **အမှတ်(၉၁)၊ဒေါ်သိန်းတင်လမ်းနှင့်ပန်းဆိုးတန်းလမ်းထောင့်** |
| **ပုလဲကွန်ဒို၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့** | **(ဖ·ဆ·ပ·လ)ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊** |
| **ဖုန်း-၀၉-၂၀၁၄၇၆၇** | **ဖုန်း-၀၉-၄၃၁၅၈၀၆၂** |

## ဖခင်အမည်မှန်

ဘုရင့်နောင် (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် သတ္တမ တန်း အောင်မြင်ပြီးသော မအိအိငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးဇော်ထူး ဖြစ်ပါကြောင်း။

**ဦးဇော်ထူး**
**၉/တသန(နိုင်)၁၆၃၃၇၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ရန်ကင်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၈၃-အောင်သုခ)၊ ဦးပိုင်အမှတ်(၁၀၀၊ ၁၀၁)၊ ဧရိယာ ၀ဒသမ၀၁၃ဧကအား ဒေါ်ယဉ်မင်းဆင့် အမည်ဖြင့် မြေငှားဂရန်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားဂရန်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွေ်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ အလယ်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၁၈-မုံရွာအလယ်)၊ ဦးပိုင်အမှတ်(၉၀-င)၊ ဧရိယာ ၀ ဒသမ ၀၂၇ ဧကရှိမြေအား ဒေါ်မြမြသင်းမှ မြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားဂရန်(သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွေ်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဝဏ္ဏကျော်ထင် ဦးအောင်မြင့်
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ သစ်တောဦးစီးဌာန**
**အချိန်ပိုင်းကထိက(ငြိမ်း)၊ ရှေးဟောင်းသုတေသနပညာဌာန**
**နာယက-ထားဝယ်သမဂ္ဂ**
**အမျိုးသားစာပေဆုရှင်**
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၃)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ အမှတ်(၇၈/၂)နေ (ဦးဗရှင်-ဒေါ်ခင်စိန်)တို့၏သား၊ (ဦးစု-ဒေါ်ဘာဘီ)တို့၏သားသမက်၊ ဒေါ်ကြူကြူ၏ခင်ပွန်း၊ (ဦးအောင်ညွှန့်-ဒေါ်သိန်းကြင်)၊ (ဦးအောင်ထွေး-ဒေါ်ကြည်မေ)၊ ဦးတင်ထွဋ်၊ (ဦးဇော်သိန်း)-ဒေါ်ခင်ကြည်၊ ဦးစန်းတင့်အောင်-ဒေါ်မာရီအောင်၊ ဦးကိုကိုကြီး-(ဒေါ်ခင်ရီ)၊ (ဦးမောင်မောင်သိန်း-ဒေါ်လှတင်)၊ (ဒေါ်တင်တင်ရှင်)၊ (ဦးအောင်ကြည်)-ဒေါ်မြင့်မြင့်ရှင်၊ (ဦးတင့်ဝေ)-ဒေါ်စုစုရှင်၊ ဦးအောင်လေး-ဒေါ်စန်းစန်းလှတို့၏အစ်ကို၊ တူ/တူမ ၂၉ယောက်တို့၏ဘကြီး၊ ဦးဆန်းဦး(ဗိသုကာ)-ဒါရိုက်တာဒေါ်အိအိခိုင်(လင်းရပ်ရှင်ထုတ်လုပ်ရေး)၊ ဒေါက်တာချိုဦး(ဗိသုကာ)၊ ဦးမင်းဦး (2nd Mate)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၆-၅-၂၀၁၉ရက်(ကြာသပတေးနေ့)နံနက် ၉း၂၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့်ယင်းနေ့ ညနေ ၃နာရီတွင်ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမျိုးဝင်း
**ဒုတိယအင်ဂျင်နီယာချုပ်(တံတား-ငြိမ်း)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာ၊ မြခွာညို(၁)လမ်း၊ အမှတ်(၁၇)နေ (ဦးကျော်ငြိမ်း-ဒေါ်သန်းရွှေ)တို့၏သား၊ (ဦးစိုးသိမ်း-ဒေါ်အေးကြိုင်)တို့၏သားသမက်၊ ဒေါ်ဝါဝါသိမ်း(ဝါရွှေစင်ပိုးထည်)၏ခင်ပွန်း၊ ကိုဇေယျာမျိုး(ခ)သျှိုင်းသင်ကာ-ဒေါ်ကြည်ကြည်ဆွေ(ခ)ချောစု၊ ကိုဇာနည်မျိုး-မမေသန္တာထွန်း(ခ)လုံးလုံး၊ ကိုနေမျိုးထွေး-မလွင်လွင်မျိုး၊ ကိုဖြိုးမြတ်သူ-မမေဇွန်ရတနာမျိုးတို့၏ဖခင်၊ မြေးကြီး အံ့ထူးဇေယျာ၊ မအိမ့်ခြူးဇေယျာတို့၏အဘိုးသည် ၁၄-၅-၂၀၁၉ရက် နံနက် ၄း၅၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိသို့ရောက်ရှိပါစေကြောင်း ဆုတောင်းအပ်ပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**လမ်းဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမျိုးဝင်း
**ဒု-အင်ဂျင်နီယာချုပ်(တံတား)(ငြိမ်း)**
**(Road Sector Management Specialist**
**Oriental Consultant Global Co,Ltd)**
**အသက်(၆၆)နှစ်**

Oriental Consultant Global Co,Ltd မှစီမံကိန်းအကြံပေးအဖွဲ့ဝင် ဦးမျိုးဝင်း (Road Sector Management Specialist)သည် ၁၄-၅-၂၀၁၉ ရက်နံနက် ၄း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် JICA DOA Loan Phass II**
**PMU အဖွဲ့ဝင်များ၊ လမ်းဦးစီးဌာန**

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးသန်းထွန်းအောင်(ခ)ကိုညီလေး
**အသက်(၈၂)နှစ်**

တောင်ကြီးမြို့နေ(ဦးဆွမ်း-ဒေါ်သန်းရှင်)တို့၏သား၊ (ဒေါက်တာရော်ဘင်ကရာစူး-ဒေါက် တာဖီးလစ်ကရာစူး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ကန်လမ်း၊ အမှတ်(၁၂-B/F)နေ ဒေါ်စတယ်လာအောင်၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါက်တာဖေသန်းမြင့်)-ဒေါ်ပင်နီမြင့်၊ ဒေါ်သင်းသင်းဆွေ-(ဦးချစ်ဆွေကြိုင်)တို့၏အစ်ကို၊ ဒေါ်အေးအေးသန်း(Unicef-Nigeria)-ဦးမျိုး ခိုင်(Retd:Eng)၊ ဦးထွန်းဇော်(Innox Myanmar)-ဒေါ်အယ်ရှိုင်ဂျာ(Beauty Specialist)၊ ဒေါ်ဆွေဆွေလေး(Giant Steps for Autism)-ဦးထွန်းထွန်းမြင့်(Behaviour Therapist)တို့၏ ဖခင်၊ ကိုမျိုးပိုင်အောင်၊ Su Mi Chelle Sin၊ Ricky Khaing တို့၏အဘိုးသည် ၁၅-၅-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ည ၉း၄၀နာရီတွင် သုခကမ္ဘာဆေးရုံတွင်ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၅-၂၀၁၉ရက်(သောကြာနေ့) ညနေ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ အောက်မေ့ဖွယ်ရာဝတ်ပြုဆုတောင်းခြင်းကို ၁၉-၅-၂၀၁၉ရက်(တနင်္ဂနွေနေ့) ညနေ ၅နာရီတွင်အထက်ပါနေအိမ်၌ပြုလုပ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်မြင့်
**လက်ထောက်မန်နေဂျာ(စက်ရုံမှူး-ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**
**အသက်(၇၃)နှစ်**

ဒေါက်တာရဲသီဟကျော်(အထူးကုခွဲစိတ်ဆရာဝန်၊ ခွဲစိတ်ကုသဆောင်-၂၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)နှင့် ဒေါက်တာယုဝါတင်(အသည်းဆေးပညာဌာန)တို့၏ဖခင် ဦးကျော်မြင့်သည် ၁၄-၅-၂၀၁၉ရက်နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Surgical Society Myanmar**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်မြင့်
**လက်ထောက်မန်နေဂျာ(စက်ရုံမှူး-ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**
**အသက်(၇၃)နှစ်**

ဒေါက်တာရဲသီဟကျော်(အထူးကုခွဲစိတ်ဆရာဝန်၊ ခွဲစိတ်ကုသဆောင်-၂၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)နှင့် ဒေါက်တာယုဝါတင်(အသည်းဆေးပညာဌာန)တို့၏ဖခင်ဦးကျော်မြင့်သည် ၁၄-၅-၂၀၁၉ရက်နံနက် ၈း၄၅နာရီတွင်ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Department of Surgery**
**University of Medicine (1), Yangon**

## ဒေါ်ခင်ပို (ထားဝယ်)
**အသက်(၉၄)နှစ်**

ထားဝယ်မြို့၊ မင်္ဂလာလမ်း၊ အမှတ်(၃၆)နေ ဦးစစ်လစ်-ဒေါ်မြမေ တို့၏သမီး၊ (ဦးထွာယား-ဒေါ်လှကြင်)တို့၏သမီးချွေးမ၊ ဒေါ်ကျင်ကြွေ၊ ဦးကြည်ဟန်-ဒေါ်ကျင်ပို၊ ဦးကင်းစိုင်-ဒေါ်ခင်ကြည်၊ ဦးဘွန်စွမ်-ဒေါ်ခင်မြ၊ ဦးရန်ရှင်း-ဒေါ်ဂင်စိန်၊ ဦးရန်လင်း-ဒေါ်ချိုချိုယုတို့၏ ညီမ၊ ဦးရန်ရှိန်၊ (ဒေါ်သောင်းညွှန့်)၊ ဒေါ်ကင်မွေ၊ ဦးတိတ်ရန်-ဒေါ်ခင်နီ၊ ဒေါ်သိန်းရီတို့၏အစ်မ၊ [ဦးဟိုဝါ(ခ)ဦးမြင့်လွင်]၏ဇနီး၊ ဒေါ်အေးအေးလွင်၏မိခင်သည် ၁၆-၅-၂၀၁၉ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၁၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှကူးတို့သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဦးဦးစိန်ထွန်း
**ရခိုင်ပြည်နယ်ပညာရေးမှူးရုံး၊**
**ရုံးအုပ်(ငြိမ်း)**
**အသက်(၈၆)နှစ်**

စစ်တွေမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ကျောင်းကြီးလမ်းနေ (ဒေါ်မသာဖြူ)၏ခင်ပွန်း၊ ဦးဦးထွန်းလှ(ကျောင်းဆရာ-ငြိမ်း)-ဒေါ်ယိုင်နု၊ ဒေါ်ခင်သန်းနု-ဦးကျော်ညွှန့်မောင် (တရားလွှတ်တော်ရှေ့နေ)၊ ဦးမောင်လုံး(အထက-၁၊ စက်မောင်း)-ဒေါ်မဲမတို့၏ဖခင်သည် ၁၆-၅-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၁း၁၅နာရီတွင် အောင်မင်္ဂလာရပ်ကွက်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၉ရက် (စနေနေ့) ညနေ ၃နာရီတွင် စစ်တွေမြို့ အာကျိုတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စန်းရီ
**အသက်(၆၆)နှစ်**

မြစ်ကြီးနားမြို့နေ(ဦးလှမောင်-ဒေါ်သန်းရင်)တို့၏သမီး၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ရွှေပင်လုံအိမ်ရာနေ ဗိုလ်မှူးစောခင်မောင်(ငြိမ်း)-(ဒေါ်ခင်စန်း)တို့၏သမီးချွေးမ၊ ဦးစိုးတင့်-ဒေါ်ညိုညို၊ ဒေါ်အေးအေးလှတို့၏ညီမ၊ (ဦးရွှေအောင်)၊ ဒုတိယဗိုလ်မှူးကြီးလှထွေး(ငြိမ်း)-ဒေါ်ခင်မာဆွေတို့၏အစ်မ၊ [ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကြွယ်(ငြိမ်း)]၏ဇနီး၊ ဦးအောင်ဆန်းဦး-ဒေါ်သဉ္ဇာဦး၊ ဦးဘုန်းမြင့်ဇော်-ဒေါ်ဆောင်းနှင်းဝေ၊ ဦးကျော်စွာဟိန်း-ဒေါ်နှင်းဦးစိုးတို့၏မိခင်၊ မမြင့်ရိုမိုသော်တာ၊ မသင်းရတီဟန်၊ မောင်အာကာဟိန်း၊ မောင်ထက်အောင်တို့၏အဘွားသည် ၁၆-၅-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၈း၄၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၉ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်ရန်
## (သာဂရမြို့)
**အသက်(၉၄)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သာဂရမြို့နေ (ဦးစု-ဒေါ်သိန်း)တို့၏သမီး၊ (ဦးစံအေး)၏ဇနီး၊ ဦးတင်ဝင်း-ဒေါ်စန်းစန်းငွေ၊ (ဦးမြင့်သိန်း )-ဒေါ်နီနီအေး၊ ဦးသန်းစိုး-ဒေါ်မိုးမိုးဟန်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၁၆-၅-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၆း၁၅နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဗိုလ်မှူးလွန်းခင် (ငြိမ်း)
**ကြည်း(၆၄၇၀)၊ ဗိုလ်သင်တန်းအမှတ်စဉ်(၈)**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့ဆေးဝါးလုပ်ငန်း**
**အသက်(၈၉)နှစ်**

ကော့ကရိတ်မြို့နယ်၊ ဝင်းကြီးရပ်နေ(ဦးငွေဇင်း-ဒေါ်ရွှေပွင့်)တို့၏သား၊ ဒေါ်ရင်ကြိုင်၏မောင်၊ (ဦးမြင့်သိန်း)-ဒေါ်နွဲ့တို့၏အစ်ကို၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ ဘကြီးမှုံလမ်း၊ အမှတ် ၂၆နေ ဒေါ်ငြိမ်းငြိမ်း၏ခင်ပွန်း၊ ဦးအောင် သင်း(အသေးစားစက်မှု)-ဒေါ်စန်းစန်းလှိုင်(ကညန-ငြိမ်း)၊ ဦးငွေအောင်(စက္ကူ-ဓာတု-ငြိမ်း)-ဒေါ်ယဉ်ယဉ်တင့်၊ (ဦးသန်းတိုး)၊ ဦးမျိုးချစ်(ဆေးဝါးလုပ်ငန်းစက်ရုံ- ငြိမ်း)-ဒေါ်ကြည်ကြည်ငြိမ်း၊ ဒေါ်အိအိခိုင်(သုတေသနဌာန၊ ဆေးဝါးထုတ်လုပ်ငန်း)၊ (ဦးအောင်ကျော်စိုး)၊ ဦးသန်းထွဋ်အောင်(AWC)-ဒေါ်ဆုဇန်လင်းကိုကို၊ ဦးထွန်းအောင်ကျော်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ မြစ်တစ်ယောက်၏ဘိုးဘိုးကြီးသည် ၁၅-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၄၈ နာရီတွင်အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်သန်း အသက်(၈၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ လှုပခြင်းကျေးရွာနေ (ဦးချန်ထွန်း-ဒေါ်ကြည်ကြည်)တို့၏သမီး၊ (ဦးထွန်းရန်-ဒေါ်ဖွားစု)တို့၏သမီးချွေးမ၊ (ဦးထွေး၊ မန်နေဂျာ-ငြိမ်း၊ လမဖ) ၏ဇနီး၊ (ဦးလှမင်း)၊ (ဦးဆလိုင်း)-ဒေါ်ခင်သန်း(သူနာပြု-ငြိမ်း၊ အလုပ်သမားဆေးရုံ၊ ရွှေပြည်သာ)၊ ဦးရဲမင်းထွန်း (လ/ထညွှန်မှူး-ငြိမ်း၊ စွမ်းအင်)-ဒေါ်တင်တင်မြင့်(လမဖ-ငြိမ်း)၊ ဒေါ်ခင်စောဝင်း၊ (ဦးအောင်မြင့်)-ဒေါ်ဝင်းမာတို့၏အစ်မ၊ ဦးဝင်းအောင်၊ (ဦးစိုးမြင့်)(ကက-ရေ)-ဒေါ်ဝင်းဝင်းမြင့်၊ (ဒေါ်ချော-ဆေကိန္ဒာရာမဓမ္မဒူတ ဝေယျာဝစ္စအဖွဲ့)၊ ဦးမြင့်ဦး(တေဇ-၁၂)-ဒေါ်ကေသီ (လူမှုဖူလုံရေး-လှိုင်သာယာ)၊ ဦးရဲအောင်(DONG JIN)-ဒေါ်စိုးစိုးဝင်း၊ ဦးမျိုးအောင်(UNITEAM)- ဒေါ်သီတာဝေ(အမက-၁၁လှိုင်၊ ငြိမ်း)တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၅-၅-၂၀၁၉ရက် ညနေ ၃း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၉ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၂)လမ်း၊ အမှတ်၄၇နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်စန္ဒာဝင်း (မော်ကျွန်း)
**အထက(၅)ဗိုလ်တထောင်၊ အလက(၁)ကျောက်တံတား**
**ကမာကလုတ် အထက်တန်းကျောင်း**
**အလယ်တန်းပြဆရာမ (PGDMA အပတ်စဉ် ၃)**
**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၅လမ်း၊ အမှတ်(၃၇/၃၉)နေ အငြိမ်းစားကျောင်းဆရာကြီး ဦးစိန်ဝင်း-(ဒေါ်ခင်ခင်မြင့်) တို့၏သမီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ မဥ္ဇူလမ်း၊ အမှတ်(၆၀/ခ)နေ ဒေါ်လှိုင်သီတာခင်၏သမီးချွေးမ၊ ဦးလှိုင်တေဇာတင်-ဒေါ်မာမာငွေ၊ ဒေါက်တာလှိုင်ထိပ်ထားခင်တို့၏တူမ၊ ဦးသန့်ဇင်အောင်-ဒေါ်လှိုင်မေပွင့်ဖြူ၊ ဗိုလ်မှူးမင်းမင်းထွန်း-ဒေါ်လှိုင်မေပွင့်သူတို့၏ညီမ၊ မောင်ရဲဘုန်းသန့်၏အဒေါ်၊ ဦးလှိုင်မင်းထက်ကောင်း၏ ချစ်လှစွာသောဇနီးသည် ၁၆-၅-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက်၆း၅၀နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (၄၅လမ်းနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်စန္ဒာဝင်း (မော်ကျွန်း) အသက်(၄၃)နှစ်
**အထက(၅)ဗိုလ်တထောင်၊ အလက(၁)ကျောက်တံတား**
**ကမာကလုတ် အထက်တန်းကျောင်း**
**အလယ်တန်းပြဆရာမ (PGDMA အပတ်စဉ် ၃)**

မော်လမြိုင်ကျွန်းမြို့၊ မြို့မ(၃)ရပ်ကွက်၊ အောင်ဆန်း (၈)လမ်း၊ အမှတ် ၁၄နှင့် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၅လမ်း၊ အမှတ်(၃၇/၃၉)နေ အငြိမ်းစားကျောင်းဆရာကြီး ဦးစိန်ဝင်း-(ဒေါ်ခင်ခင်မြင့်) တို့၏သမီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ မဥ္ဇူလမ်း၊ အမှတ်(၆၀/ခ)နေ ဒေါ်လှိုင်သီတာခင်၏သမီးချွေးမ၊ ဦးဇော်ဝင်း(ပစ္စည်းထိန်းချုပ်-ငြိမ်း၊မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်အေးသန်းတို့၏တူမ၊ ဦးခင်မောင်ဝင်း-ဒေါ်သန်းသန်းအေး၊ ဒေါ်သီတာဝင်း၊ ဦးအောင်ကိုဦး-ဒေါ်သန္တာဝင်း၊ ဒေါ်ပပဝင်းတို့၏ညီမ၊ ဦးကောင်းမြတ်ဝင်း၏အစ်မ၊ တူ/တူမလေးယောက်တို့၏အဒေါ်၊ ဦးလှိုင်မင်းထက်ကောင်း၏ချစ်လှစွာသောဇနီးသည် ၁၆-၅-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၆း၅၀နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (၄၅လမ်းနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဦးတေဇောဘာသ (ခ) ဦးအေးထွန်း
**အလုပ်ရုံခွဲမှူး(ငြိမ်း)၊ အင်းစိန်စောင်စက်ရုံ**
**သက်တော် (၈၃)နှစ်၊ သိက္ခာတော် (၂၂)ဝါ**

ရခိုင်ပြည်နယ်၊ မြေပုံမြို့၊ ရသေ့တောင်နေ (ဦးလှအောင်-ဒေါ်သိန်းဖြူ)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ (၂)ရပ်ကွက်၊ စဝ်စံထွန်းလမ်းမကြီး၊ အမှတ် ၁၁၈၀နေ ဒေါ်ချမ်းသာ(B.P.I-ငြိမ်း)၏ခင်ပွန်း၊ ကိုရဲထွန်းဝင်း(ခ)မောင်မောင်၊ မသူဇာဖြူ၊ ကိုအောင်မင်းသန့်(ခ)အောင်အောင်၊ မနှင်းနှင်းအေးတို့၏ဖခင်၊ မောင်မျိုးဇော်ဦး၏အဘိုးသည် ၁၅-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၄၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၁၇-၅-၂၀၁၉ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၁၉ ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်ခင်မြင့်
**အသက်(၇၁)နှစ်**

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်နေ (ဦးကိုကြီး - ဒေါ်မြရင်)တို့၏သမီး၊ သူရဲကောင်းမှတ်တမ်းဝင် (ဗိုလ်ကြီးတင်မောင်ဝင်း)၏ဇနီး၊ ဗိုလ်မှူးချုပ်မြင့်မောင်ဦး-ဒေါ်မြတ်မြတ်ခိုင်၊ ဦးမြင့်မောင်ထွန်း - ဒေါက်တာခင်ခင်ထား၊ ဦးဇော်လေး-ဒေါ်ခင်ထက်ဝေတို့၏မိခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် တိုက်(၁)၊ အခန်း(၄)၊ ဖခန်းတွဲဝန်ထမ်းအိမ်ရာ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ တောင်ဒဂုံ၌ ၁၆-၅-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင် ၁၈-၅-၂၀၁၉ ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြင့်တင် (မင်းတုန်း)
**အသက်(၉၉)နှစ်**

(ဦးရွှေပွင့်-ဒေါ်အိ)တို့၏သမီး၊ (ဦးဘငြိမ်း)နိုင်ငံတော်ကောင်စီဝင်(ငြိမ်း)၏ဇနီး၊ ဒေါက်တာရဲထွဋ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဆေးသုတေသနဦးစီးဌာန-ဒေါက်တာဇင်သက်မာ၊ ဒေါက်တာအေးအေးမြင့် [ပါမောက္ခ(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်]၊ ဦးမြင့်ဖုန်း (ဘရေ-ငြိမ်း)၊ ပါမောက္ခဒေါက်တာသက်ဦး (အရိုးအထူးကုဆရာဝန်ကြီး)-ဒေါ်သင်းသင်းခိုင်(ဧရာရွှေဝါကုမ္ပဏီ)၊ ဒေါက်တာဝင်းထွန်း (ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန)-ဒေါ်သန်းသန်းမြင့် (ညွှန်ကြားရေးမှူး၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့၊ ပညာရေး)၊ (ဦးရဲနိုင်လတ်)-ဒေါက်တာကြည်ကြည်မြင့်တို့၏ချစ်လှစွာသောမိခင်၊ ဦးကိုကိုထွဋ်-ဒေါ်လင်းသန္တာအောင်၊ ဒေါ်မွန်ရည်ငြိမ်း၊ ဒေါက်တာမျိုးခန့်၊ ဒေါက်တာဝင်းခန့်၊ မောင်ဇေယျာရဲနိုင်၊ မရည်မွန်သက်တို့၏အဘွား၊ မောင်ငြိမ်းသန့်ဇင်၏ဘွားဘွားကြီးသည် ၁၅-၅-၂၀၁၉ရက် ည၁၀နာရီတွင် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပညာ့ရိပ်သာ၊ စမုံလမ်း၊ အမှတ်(၁၉)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၉ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူ အားရည်စူး၍ ၂၁-၅-၂၀၁၉ရက် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပညာ့ရိပ်သာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြင့်တင် (မင်းတုန်း)
**အသက်(၉၉)နှစ်**

ဒေါက်တာဝင်းထွန်း(ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့် ရေးဦးစီးဌာန)-ဒေါ်သန်းသန်းမြင့်(ညွှန်ကြားရေးမှူး၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့၊ ပညာရေး)တို့၏ချစ်လှစွာသောမိခင်ကြီးသည် ၁၅-၅-၂၀၁၉ရက် ည ၁၀နာရီတွင် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပညာ့ရိပ်သာ၊ အမှတ်(၁၉)၊ စမုံလမ်းနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**ဝန်ထမ်းမိသားစု**

## ဒေါ်သန်းလှ
**အသက်(၉၄)နှစ်**

(ဦးထွန်းမြတ်-ဒေါ်ငွေခိုင်)တို့၏သမီး၊ ဦးဝင်းကို-(ဒေါ်သန်းနု)၊ (ဦးလှရွှေ)၊ ဦးဘရီ-ဒေါ်စန်းစန်း၊ (ဦးဇော်အေး)-ဒေါ်ခင်ဆွေအိ၊ (ဦးလှမိုး)-ဒေါ်မြမြစိုး၊ ဦးကြည်သိန်း-ဒေါ်ညွှန့်ညွှန့်သန်း၊ ဗိုလ်မှူးကြီးကြည်စိုး(ငြိမ်း)-ဒေါ်မြမာလာမြင့်၊ ဦးဇော်ဇော်လင်း-ဒေါ်ခင်မြင့်ဦးတို့၏မိခင်၊ မြေး ၁၉ယောက်၊ မြစ်၁၂ယောက်တို့၏အဘွား၊ (ဦးစံလင်း(ခ)ဦးတူး)၏ချစ်လှစွာသော ဇနီးသည် ၁၆-၅-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၃း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၉ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကျောက်တော်ကြီးဘုရားလမ်း၊ ကျိုက်ဝိုင်း၊ အမှတ်(၄)နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်ကြည်ဝင်း
**ရွှေနဂါးကြေးအိုး၊ ကန်တော်လေး**
**အသက်(၄၅)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ရေကျော်လမ်းမကြီး၊ အမှတ်(၄၉)၊ လေးလွှာနေ (ဦးသိန်းကြည်)-ဒေါ်ခင်အေးဝင်း(ကန်တော်ကလေး၊ ရွှေနဂါးကြေးအိုးဆီချက်) တို့၏ချစ်လှစွာသောသမီး၊ (ဦးကျော်စိန်)-ဒေါ်သန်းသန်းရင်(ငွေဇင်ယော်ကားပစ္စည်းဆိုင်)တို့၏ချွေးမ၊ ဦးမျိုးလှိုင်၏ချစ်လှစွာသောဇနီး၊ မမျိုးသဉ္ဇာထက်(Grade-10၊ အထက-၅၊ ဗိုလ်တထောင်)၊ မောင်ဘုန်းမြတ်သူ (Grade-5 အထက-၅၊ ဗိုလ်တထောင်)တို့၏မိခင်သည် ၁၆-၅-၂၀၁၉ရက် နံနက် ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၉ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ချီးမြှင့်သည့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများထံ ပေးအပ်ချီးမြှင့်





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသော မြန်မာအမျိုးသားလေကြောင်း (MNA) မှ လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများအား ဂုဏ်ပြုပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၁၆**

ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသော မြန်မာအမျိုးသားလေကြောင်း (Myanmar National Airlines-MNA) မှ လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများအား ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ Horizon Lake View Resort ၌ ကျင်းပသည်။

လေယာဉ်အမှုထမ်း ခုနစ်ဦးနှင့် ခရီးသည် ၈၂ ဦး ပါဝင်သော မြန်မာ အမျိုးသား လေကြောင်းလိုင်းမှ လေယာဉ်အမှတ် XY-AGQ ၊ Embraer 190 ခရီးသည်တင် လေယာဉ်၊ ခရီးစဉ်အမှတ် (ယူဘီ-၁၀၃) သည် မေ ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မှ မန္တလေးသို့ ပျံသန်းလာရာ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့

*စာမျက်နှာ ၅ ကော်လံ ၁* ❖

## ခင်ဦးမြို့နယ် တရားသူကြီး ဒေါ်ရည်ရည်မွန် (ယခု ကျောက်တံခါးမြို့နယ် တရားသူကြီး)၊ ရှေ့နေ ဒေါ်ဇာခြည်ဝင်း၊ ရုံးစောင့်/ သန့်ရှင်းရေး ဦးရဲဝဏ္ဏတို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

စာ ➢ ၁၃

## ပြည်ပခရီးသွားများ လည်ပတ်ကြသည့် သရက်မြို့က ကိုလိုနီခေတ် အဆောက်အအုံများ

**PHOTO ESSAY**

စာ ➢ ၁၆

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ကွာတားပွဲများ မေ ၁၉၊ ၂၀ ရက် ကျင်းပမည်

**ရန်ကုန် မေ ၁၆**

၂၀၁၉ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ကွာတား ဖိုင်နယ်ပွဲစဉ်များကို မေ ၁၉၊ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ဒုတိယအဆင့်ပွဲစဉ်များကို မေ ၁၊ ၈၊ ၁၅ ရက်က ကျင်းပခဲ့ပြီး အသင်းခုနစ်သင်းတက်ရောက်လာကာ ကွာတားဖိုင်နယ်အဆင့်မှ တိုက်ရိုက်ကစားခွင့်ရထားသည့် ရန်ကုန်အသင်းအပါအဝင် စုစုပေါင်းရှစ်သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် မေ ၁၉ ရက်တွင် အောင်ဆန်းကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ရခိုင်အသင်းနှင့် မကွေးအသင်း၊ မေ ၂၀ ရက်တွင် အောင်ဆန်းကွင်း၌ ရတနာပုံအသင်းနှင့်

*စာမျက်နှာ ၁၂ ကော်လံ ၅* ◆

# တောင်ကိုရီးယားကလပ် ပိုဟန်စတီးလားစ်အသင်း မြန်မာ ယူ-၂၂ အသင်းအပါအဝင် ခြေစမ်းပွဲနှစ်ပွဲ ကစားမည်

**ရန်ကုန် မေ ၁၆**

တောင်ကိုရီးယားထိပ်သီးကလပ် ပိုဟန်စတီးလားစ်အသင်းသည် ယခုလကုန်ပိုင်းတွင် မြန်မာနိုင်ငံသို့ ခြေစမ်းခရီးစဉ် လာရောက်မည်ဖြစ်ပြီး မြန်မာ ယူ-၂၂ အသင်းအပါအဝင် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

တောင်ကိုရီးယားကလပ် ပိုဟန်စတီးလားစ်အသင်းသည် မေ ၂၈၊ ၃၀ ရက်တွင် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မေ ၂၈ ရက်တွင် မြန်မာနေရှင်နယ်လိဂ်ကလပ် ရောဝတီအသင်း၊ မေ ၃၀ ရက်တွင် မြန်မာယူ-၂၂ အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ပိုဟန်စတီးလားစ်အသင်းနှင့် ခြေစမ်းပွဲကစားရန် ကလပ်အသင်းများ၏ ဆန္ဒသဘောထားကိုမေးမြန်းခဲ့ရာ နောက်ဆုံးရက် သတ်မှတ်ထားသည့် မေ ၁၅ ရက်အထိ ရောဝတီအသင်းသာ ကစားလိုကြောင်း တင်ပြလာသောကြောင့် ရောဝတီအသင်းကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း *စာမျက်နှာ ၁၂ ကော်လံ ၁* ❍



မတ်လအတွင်းက ဖွဲ့စည်းခဲ့သည့် မြန်မာ ယူ-၂၂ အသင်း။ ဓာတ်ပုံ-စိုးညွန့်


